

www.burmeseclassic.com
ဟိန်းကြာမိုက်
လက်မရွံ့မီးခဲနှင့်
တိမ်ထဲကာကျား
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

# အိမ်းကြာသိုက်

## လက်မရှုံ့မီးခဲနှင့် တိမ်ယံကကျား

လျှို့ဝှက်ဆန်းကြယ်ဂမ္ဘီရစွန့်စားခန်းဝတ္ထု

စဆုံးလုံးချင်း

အသစ်စက်စက်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၁၂၉၀ / ၂၀၀၄ (၁၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၀၀၀၅၀၁

ပထမအကြိမ်

၂၀၀၅ ခုနှစ်၊ မတ်လ၊ မေလ

တန်ဖိုး - ၁၀၀၀ ကျပ်

အုပ်ရေ - ၅၀၀

အတွင်းပုံနှိပ်သူ - ဒေါ်ခင်စန်းမြင့် (၀၅၅၄၉)
ဟသ်ာပုံနှိပ်တိုက်၊ ၁၁/၁၂၅-လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့

မျက်နှာဖုံးပုံနှိပ်သူ - ဦးမောင်မောင်လေး (၀၇၀၅၁)
ရွှေဝင်းပုံနှိပ်တိုက်
၂၉၁၊ ၃၆-လမ်း
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့

ထုတ်ဝေသူ
ဦးနွှင်းဆွေ (၀၉၈၃)
ပန်းလက်ဆောင်စာပေ
၅၀၆(ခ)၊ ပုလဲ (၄)လမ်း၊
(၅) ရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

တောင်ကမ္ဘာဆွန်းက မြင့်သည်။

တောအုပ်ထဲမှ လူ[illegible]ကျော်ပြေးထွက်လာသည်။

"ပြေးဟေ့ ဒေဝ၊ ပြေး [illegible]။ မင်းအသက်ဟာ ပြေးနိုင်မှ လွတ်မယ်"

ဒေဝက သူ့ကိုယ်သူ [illegible]သည်။ ပုဆိုးတိုတို ဝတ်ကာ စွပ်ကျယ်အင်္ကျီနှင့် [illegible] ဖဲဝိုင်းက ထပြေးခဲ့ရခြင်း ဖြစ်သည်။

ဖဲဝိုင်းကို ရဲက ဝင်ဖမ်း၍လား။

မဟုတ်ပါ။ ရဲဆိုလျှင် ဒီလောက်ကြောက်၍ ဒီလောက်အထိ ပြေးစရာမလို။

ခုတော့ သူ့နောက်က လိုက်လာသည်က သေမင်း။ သူတစ်ကိုယ်လုံး သွေးများ ရွှဲနေသည်။ ထန်းပင်စုရွာက တောအုပ်ကို ဖြတ်ကာ ပြေးထွက်လာခြင်းပင် ဖြစ်၏။ သူ့ကျောကို စိတ်မချသေး။

သူ့လို ဆင်လို ကျွဲလိုကောင်ကြီးက ထွက်ပြေးရသည် ဆိုတော့ သူကြောက်နေရသည်မှာ မည်သူနည်း။

ဒေဝကိုလည်း ပေါ်သေးသေးထင်၍မရ။





www.burmeseclassic.com

www.burmeseclassic.com



သူ့ကို တစ်မီးငြိမ်းသူဟု ဆိုကြသည်။ သူ့ရှေ့တွင် မည်သူမျှ ရန်ဖြစ်၍မရ။

ဖဲဝိုင်းမှာ တစ်ဖက်ရှာနှင့်တစ်ရွာ ကစားကြရင်း ဖဲလိမ်သည့် ကိစ္စ၊ ငွေရေးကြေးရေးကိစ္စ ပေါ်လာလျှင် ရန်ဖြစ်တတ်သည်။

မည်သူကပင် လွန်လွန် သူ့ရှေ့မှာ ရိုက်မည် ပုတ်မည်ဟု အော်ကာဟစ်ကာ ရန်ဖြစ်ကြလျှင် ဒေဝက . . . .

"မင်းတို့က လူမိုက်တွေလား"

ဟု မေးတတ်သည်။

ရန်ဖြစ်သူ နှစ်ယောက်က "ဒီကောင်က မိုက်ရိုင်းလွန်းလို့ဗျာ၊ သူက ဖဲခိုးထားလို့"ဟု ဆိုသည်။

ဒေဝသည် ကျားကြီးတစ်ကောင်လို ခဏပေ၍ နားထောင် သည်။

"လက်စသတ်တော့ မင်းတို့က လူလည်တွေ၊ ပန်ကာတွေကိုးကွ၊ လာခဲ့ ငါဖြေရှင်းပေးမယ်"

ဒေဝသည် ရန်ဖြစ်သူနှစ်ဦးကိုးကုပ် မှပြေးကာ ဆွဲယူလိုက်သည်။ သူ့အားကလည်းကြီးသည်။ ရန်ဖြစ်သူနှစ်ဦးက အင်္ကျီကုပ်ကိုင်၍ ပါလာသည်။

"ကဲ လူမိုက်လုပ်ချင်ဦးကွာ"

"ခွပ်"

"အမယ်လေးဗျ"

ကုပ်ကိုကိုင်ကာ ခေါင်းချင်းဆောင့်ပေးသည်။ တစ်ချက်နှင့် မလွှတ်သေး။





"တော်တော် သတ္တိရှိတဲ့ကောင်တွေ၊ ကဲ . . သတ္တိရှိလိုက်ပါဦး"

"ခွပ်"

"သေပါပြီဗျ"

"အား. . "

ခေါင်းများ မူးဝေသွားသည်။ မျက်လုံးထဲတွင် မည်သည့်အရာကိုမျှ မမြင်ရတော့။ ဒေဝကတော့ နောက်တစ်ချက် ခပ်ပြင်းပြင်း ခေါင်းချင်းဆောင့်ပေးကာ လှည့်ထွက်သွားလေတော့သည်။

သည်က စ၍ ရွာနီးချုပ်စပ်တွင် ဒေဝဟူသောအသံကြားလျှင် ရန်ပွဲငြိမ်းသည်။ ရန်ဖြစ်သူများ ငြိမ်သွားကုပ် ပွားလေသည်။

"ဟိုမှာ ဒေဝလို့သာပြောလိုက်" ကိစ္စက ပြတ်သလောက်ရှိလေသည်။ ဒေဝကလည်း သူ့ကစားဝိုင်းတွင် ကစားရင်း နားစွင့်နေသည်။ သူက "မင်းတို့က လူမိုက်တွေလား"

ဟု မေးလျှင်တော့ မီးကိုရေနှင့်သတ်သကဲ့သို့ပင်။

ယခုတော့ တစ်မီးငြိမ်းသည်ဆိုသော ဒေဝ မည်သူ့ကို ကြောက်၍ ပြေးနေရသနည်း။ ဒေဝပြေးနေရပုံကို ကြည့်လျက် ဖဲဝိုင်းလည်းပျက်သွားသည်။ ဖဲဝိုင်းထဲသို့ သူတို့ တစ်ကြိမ်မျှ မမြင်ဘူးသော လူတစ်ဦးဝင်လာသည်။

ထိုသူမှာ ဆွယ်တာအင်္ကျီနှင့် လက်ထဲမှာ ဓားတစ်ချောင်းကိုင်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာက တင်းမာနေသည်။ ထိုသူသည် ငယ်စဉ်ကတော့ မျက်ခုံးမျက်လုံး ကောင်းသည့်အသွင် ပေါ်နေသည်။ ယခုတော့ မျက်နှာပေါ်တွင်လည်း ဓားဒဏ်ရာ ရှိသည်၊ ဆံပင်ကလည်း မသေမသပ်နှင့်။ ပေါ်လွင်သောနှာတံနှင့် ပြူးကျယ်သော မျက်လုံးတို့မှာ ခပ်မှိုင်းမှိုင်းဖြစ်နေ၏။

"ဟေ့ . . ဒေဝဘယ်ရောက် သွားသလဲ"

မေးသံမှာ ကျားဟိန်းသံနှင့် တူလှသည်။

"ခုပဲ ထွက်သွားပါတယ် ခင်ဗျာ"

"ဖြန်း"

"အား"

ဒေဝအကြောင်း ဖြေလိုက်သူမှာ လက်ပြန်တစ်ချက် အရိုက်ခံလိုက်ရသည်။ ထိုသူက အုံ့အားသင့်သွားသည်။ ဘေးမှ လူများ အိမ်ပေါ်မှ ပြေးဆင်းသွား၏။

"ဘယ်ကို သွားသလဲ"

ပါးစပ်မှ သွေးထွက်၍ ပွတ်နေသူကို ထပ်မေးလိုက်ပြန်သည်။ ထိုသူ၏ အမူအရာ က လူတစ်ယောက်နာကျင်သွားသည်ကို အမှုထားပုံမပေါ်ချေ။

သည်တစ်ကြိမ်တော့ အရိုက်ခံရသူက ပါးစပ်နှင့် မဖြေ။ ခါးကြားမှ ဓားနှင့် မေးသူကို ဆောင့်ထိုးလိုက်လေတော့သည်။

"ဝှစ် . ."





"ဖြောင်း"

"အား"

ထိုသို့ပြုခြင်းသည်ပင် လက်ပြန်လွဲချက်ခြင်း ခံရသူ၏ အမှားဖြစ်၏။ ဓားဆောင့်ထိုးသောလက်ကို ဆွဲယူကာ ညာလက်ဖျံနှင့် ရိုက်ကာ ချိုးပစ်လိုက်သည်။

ဓားသည် ကြမ်းပြင်ပေါ်သို့ ဒေါက်ခနဲ ကျသွားလေတော့သည်။ ဆွယ်တာနှင့်လူမှာ တိုက်ရည်ခိုက်ရည်အလွန်ကျွမ်းကျင်သည့် လူပင်ဖြစ်လေသည်။

ပြီးနောက် သူသည် အိမ်ပေါ်မှ ဆင်းလာသည်။ သူဆင်းလာသည်ကို တွေ့သောအခါ လူတွေက ဝုန်းကနဲ နောက်ဆုပ်လျက် . . .။

"ဒီလမ်းအတိုင်း ပြေးသွားတယ်"

ဟု တစ်ယောက်က ပြော၏။ ထိုသူ့ကိုတော့ မျက်လုံးဖြင့် စွေကာ ကြည့်သည်။

"သေချာတယ်နော်"

"သေချာပါတယ်"

ဆွယ်တာနှင့်လူသည် ထိုလမ်းသို့ ဝဟုန်ဆိုး ပြေးလိုက်သွားလေတော့သည်။ ရွာထိပ်ရှိ မန်ကျည်းပင်အကွယ်မှ ပုန်းကာ ချောင်းကြည့်နေသောဒေဝသည် သူ့နောက်သို့ ကျား တစ်ကောင်လို လိုက်လာသည့် လူကိုတွေ့သောအခါတွင် သစ်ပင်များကြားမှ ဖြတ်ပြေးသွားလေသည်။

"ဒေဝ . . မင်းက ငါ့လက်က လွတ်မယ် ထင်သလား"



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ လှမ်း၍ ကြိမ်းဝါးလိုက်သံမှာ ကြောက်လန့်စရာပင်ကောင်းလှတော့သည်။ ဒေဝကတော့ နောက်သို့ လှည့်မကြည့်။ ကမ်းပါးပြတ်ပေါ်သို့ တက်ကာ ပြေးလေတော့သည်။

ခဏကြာတော့ နောက်မှ အော်သံဟစ်သံမကြားရ။

x x x

သူ့နာမည်က လက်မရွံ့မီးခဲ။

လက်မရွံ့မီးခဲဟု ကြားလိုက်ပါလျှင် ကိုလိုနီခေတ် ရဲများဖက်ကရော၊ ဒုစရိုက်လောကကပါ တုန်လှုပ်သွားရတတ်လေသည်။ လက်မရွံ့မီးခဲ ရောက်လာပြီဆိုလျှင် ထိုနယ်မှာ လူတစ်ယောက်ယောက်ကတော့ ဒီဝိန်ကြွေးသချာနေသည်။ လက်မရွံ့မီးခဲသည် အကြောင်းမဲ့ လှည့်လည်သွားလာနေသူ မဟုတ်။

သူ့တွင် အလုပ်ရှိသည်။ သူ့အလုပ်က ငွေပေးသည့်သူက စေခိုင်းသောလူကို ဖြုံဖြုံမမဲ အသက်နှင့်ခန္ဓာကိုယ် အိုးစားကွဲအောင် လုပ်ရသည့် အလုပ်မျိုးဖြစ်လေသည်။ လောလောဆယ်မှာတော့ ဒေဝကို သူရှာဖွေခြင်းသည် ကြေးစားငွေကြေးရ၍ လူသတ်ရန် မဟုတ်။

ဒေဝသည် သူ့ဘဝကိုနစ်နာအောင်၊ အရှုပ်ဆိုးအောင် ကြည့်မရအောင်၊ မြင်မရအောင် လုပ်သည့်လူများထဲတွင် ပါဝင်သောကြောင့် ဖြစ်လေသည်။

www.burmeseclassic.com



အမှန်တော့ လက်မရွံ့မီးခဲသည် ငွေကြေးထက် ရန်ကြွေးကို ပို၍အဓိကထားတတ်သည်။ ထို့ကြောင့်ပင် သူ၏ အမည်သည် လက်မရွံ့မီးခဲဖြစ်သွားရခြင်းပင်။ ရဲဘက်က အလိုရှိသော ရာဇဝင်လူဆိုးစားပြမျှားကို ဖမ်းကာ ရဲသို့ အပ်ပါက သူသည် ဆုငွေပင် ရရှိနိုင်သူ ဖြစ်၏။

သို့သော် သူသတ်မည်ဟု စိတ်ကူးရည်ရွယ်ထားသော သူကို ရဲလက်သို့ အပ်ကာ ကြိုးစင်သို့ မပို့။ သူကိုယ်တိုင်က ရှေးဟောင်းနှောင်းဖြစ်များကို ပြောကာ သတ်လိုက်တတ်သည်။ ရဲကလည်း ရာဇဝင်လူဆိုးများကို ဖမ်းရမည့်တာဝန်ရှိသော်လည်း သူတို့လုပ်ရမည့်အလုပ်ကို လက်မရွံ့မီးခဲက ဝင်လုပ်နေခြင်းကိုတော့ မနှစ်မြို့။

လက်မရွံ့မီးခဲသည် ရာဇဝတ်ကောင်။ သူ့ကိုလဲဖမ်းကာ လူသတ်မှုများအတွက် ကြိုးစင်ပို့ရမည်ဟု ဥပဒေရှိလေသည်။

တောင်စောင်းပေါ်သို့ လက်မရွံ့မီးခဲ ရောက်လာသည်။ တောင်စောင်းပေါ်မှ လွင်ပြင်ရှိ အုန်းတောထဲသို့ ပြေးသွားသော ဒေဝကို သူမြင်ရပြီ။ သူသည် တောင်စောင်းပေါ်တွင် ခါးထောက်ကာ ရယ်လိုက်လေသည်။

"ဟား ဟား ဟား ဟား မင်းငါ့လက်က လွတ်မယ်ထင်ရင် ပြေးကြည့်ပေါ့ကွာ၊ ငါကလဲ ငါ့ကို ဒုက္ခပေးတဲ့ကောင်ကို မရရအောင် သတ်ခဲ့တာ (၅)ယောက်ရှိပြီ။ မင်းတစ်ယောက်ထဲကျမှ ငါ ဘယ်လွတ်ပေးနိုင်ပါ့မလဲ ဒေဝရယ် ဟား ဟား ဟား"

ပင်လယ်ကမ်းစပ် အုန်းတောထဲရှိ ရွာလေးထဲသို့ ဒေဝပြေးဝင်ပျောက်ကွယ်သွားလေသည်။ လက်မရွံ့မီးခဲသည်





တောင်စောင်းပေါ်မှ မှန်မှန်ပင် ဆင်းလာ၏။ သူသည် သားကောင်တစ်ကောင်ကို မည်သို့ဖမ်းရမည်ဟု တွက်ဆထားသော ကျားတစ်ကောင်၏ အသွင်မျိုး ဖြစ်နေသည်။

*

ဆေးဆရာကြီး ဦးဘမိုးသည် ထားဝယ်ရွာတွင် ထင်ရှားသောဆေးဆရာကြီးဖြစ်သည်။ ကိုလိုနီခေတ် အခါက မြန်မာဆေးဆရာများကိုသာ အားကိုးအားထားပြုနေကြရာ ဦးဘမိုးလို ဆေးပညာရှင်များမှာ ကျေးလက်တောသူတောင်သားများ၏ အားထားဖွယ်ရာ ကောင်းလှပေတော့သည်။

အရှေ့အနောက်တောင်မြောက်ရွာများက ဆေးကုသလိုလျှင် ဆရာဦးဘမိုးကိုသာ လာပင့်ကြသည်။ ဆရာဦးဘမိုးကလည်း ဆေးပညာကို ဝါသနာပါ၍ ဆရာကြီးများထံ နည်းနာခံ၍ သင်ကြားစဉ်ကတည်းက "ဆေးမိုးကို မငွေကျက်ပ၊ ရောဂါကို ပျောက်အောင်ကု၍ အသက်ကိုကယ်လိုပါသည်" ဟု ရှေးသမားတော်များ နည်းအရ သူနည်းနာခံကာ သစ္စာကတိပြုထားရာ မည်ကဲ့သို့သော ဝေဒနာရှင်မျိုးကိုမဆို ကုသပေးနေလေသည်။

ဆရာဘမိုးသည် ယောရွာ၊ ယက္ခရွာ၊ ယင်ပေါင်ရွာ၊ ထင့်ရွာနှင့် မန္တီးရွာတို့တွင် ဖြစ်သမျှ ရောဂါဝေဒနာတို့ကို ပျောက်ကင်းအောင် ကုသနိုင်သည်ဟု နာမည်ကြီးလေသည်။

အချို့က ဆရာဘမိုးသည် မြွေပွေးမြွေဟောက် အဆိပ်များကိုပင် ပျောက်အောင် ကုသနိုင်သည်ဆိုကြပြီး အချို့ကတော့



www.burmeseclassic.com

www.burmeseclassic.com



ဆရာဘမိုးသည် အကြောရောဂါများတွင် သူမတူအောင် ကျွမ်းကျင်သူဟု ဆိုကြပြန်လေသည်။ သမားဆိုအိုမှ ဟူသော စကားနှင့်အညီ အသက်အရွယ်ကြီးရင့်လာသည်နှင့် အမျှ ဆေးပညာကိုလည်း ပိုမိုကျွမ်းကျင်လာ၏။

ဆရာဘမိုးတွင် သားလေးတစ်ယောက်သာရှိ၏။ ထိုသားလေးမွေးသည့်အချိန်မှာပင် ဇနီး ဖြစ်သူကမီးတွင်းထဲတွင် ဆုံးသွားရာ၊ဆရာဘမိုးက ထိုသားကို အလွန်ပင်ချစ်ရှာလေသည်။

သားဖြစ်သူမှာ(၈)နှစ်ကိုးနှစ်အရွယ်ရောက်သည့်တိုင် အဖေဖြစ်သူ၏ဆေးပညာကို ဝါသနာမပါချေ။ သူသည် ကိုက်နိုက်ခြင်း၊ စွန့်စားခြင်းတို့တွင်သာ ဝါသနာပါ၏။ အားလျှင် သူသည် တုတ်တစ်ချောင်းဖြင့် သူ့ဘာသာသူ သိုင်းလေ့ကျင့် သကဲ့သို့ ကစားတတ်သည်။

ဆရာဘမိုးထံ ဆေးကုသရန် လာကြသော ရွာသူ ရွာသားများက . . .

"ဆရာဘမိုးသား ဇော်ထိုက်ကတော့ ဆေးဆရာ ဖြစ်လာမယ့်ကောင် မဟုတ်ပါဘူး၊ ဒီကောင့်ကို ရွာနောက်က သိုင်းဆရာကြီး ဦးချစ်သောင်းဆီ ပို့ပေးလိုက်တာ ကောင်းမယ်"

အနာကို ဆေးလာထည့်သော ဝေဒနာရှင်က ပြော၍ ဆေးဆရာကြီးဆရာဘမိုးက သတိရသွားသည်။ ဦးချစ်သောင်းနှင့် ဆရာဘမိုးမှာ အတော်ပင်ခင်မင်လေသည်။ လူမှုရေးနှင့် ဘာသာရေးများတွင် ဦးချစ်သောင်းနှင့်အမြဲလို တွေ့ရကာ စကား လက်ဆုံပြောမကုန်ဖြစ်နေလေသည်။





"ဟုတ်သားပဲ၊ ဒီကောင်လေးဟာ သိုင်းပဲအမြဲကစားနေ တယ်၊ သူသင်ချင်တယ်ဆိုလဲ ကိုချစ်သောင်းဆီကို ပို့ထားတာ သူ့အတွက် ပညာတစ်ခုခုတော့ ရမှာပဲ"

ဆရာဘမိုးသည် ထိုအကြံကို ရသည်နှင့် ညနေပိုင်း ထမင်းစားချိန်တွင် . . .

"သား . . ဇော်ထိုက်"

"ဗျာ"

"မင်းကြည့်ရတာ အဖေ့ဆေးပညာကို ဝါသနာမပါဘူး၊ လူနာတွေကို ဆေးကုမပေးချင်ဘူးလား"

ဇော်ထိုက်က ခေါင်းခါလိုက်သည်။

"ဒါဆို သားက ဘာဝါသနာပါလဲ"

"သားက သိုင်းကစားချင်တယ်၊ ကိုယ့်ကိုလာပြီး ရန်မူတဲ့ သူတွေကို နိုင်အောင်ခံချချင်တယ်"

ဆရာဘမိုးသည် ခေါင်းညိတ်လိုက်၏။

"ဟုတ်ပြီ၊ ဒါဆိုရင် တို့ ထင်းရွာနောက်ဘက်က သိုင်း ဆရာကြီး ဦးချစ်သောင်းဆီကို သားကိုပို့ပြီးတော့ သိုင်းပညာသင် ပေးမယ်"

"တကယ်ပြောတာလား အဖေ"

"တကယ်ပေါ့ကွ၊ သားက ဒါမှ သိုင်းပညာတတ်မှာပေါ့၊ တ ခြားရွာက သိုင်းပညာသင်တဲ့ လူတွေတောင်မှ သူ့ဆီကို လာသင်ကြရသေးတာ"

"ကောင်းတယ် အဖေ၊ သားကို အဲဒီဆရာကြီးဆီကို လိုက်အပ်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ဇော်ထိုက်သည် သိုင်းဆရာကြီး ဦးချစ်သောင်း နာမည်ကို ကြားဖူးနေသည်မှာ ကြာလှပြီ။ ယခု သူ့အဖေက သိုင်းပညာသင်ခွင့်ပေးမည်ဆိုသောအခါ အလွန်ဝမ်းသာသွားလေသည်။

ထိုစဉ်က သူ့အသက်မှာ (၁၂)နှစ်သားသာ ရှိပေလိမ့်မည်။

× × ×
*

သားကလေးနှင့်အတူ ခြံထဲသို့ ဝင်လာသော ဆေးဆရာကြီးဘမိုးကို တွေ့ရသောကြောင့် လှမ်း၍ ခရီးဦးကြိုပြုလိုက်လေသည်။

"ဟော . . ဆရာကြီးဦးဘမိုး၊ ဘယ်ကနေ လှည့်လာတာလဲဗျာ၊ လာ. . အတော်ပဲ၊ ဒီမှာလဲ ဆတ်သားခြောက်တွေရလို့ မီးဖုတ်ပြီး ရေနွေးနဲ့ မြည်းနေတာ"

အောက်ထပ် မီးဖိုထဲမှ မျက်နှာဝိုင်းဝိုင်းနှင့် မိန်းကလေးက ဝင်လာသောဆရာဘမိုးနှင့် ဇော်ထိုက်တို့ကိုတစ်ချက် လှမ်းကြည့်သည်။ ခြေတံရှည်နှစ်ထပ်အိမ်ရှေ့ရှိ မြေကွက်လပ်တွင် သိုင်းသင်သည့်လူ ငါးယောက်ကို သိုင်းဆရာကြီး ဦးချစ်သောင်း၏ လက်ထောက်တပည့်က သိုင်းပညာသင်ပေးလျက်ရှိလေသည်။

"လာပါ၊ အိမ်ပေါ်ကို တက်ခဲ့ပါ"

သိုင်းဆရာကြီးက အိမ်ပေါ်ထပ်မှ လှမ်းခေါ်သည်။ သားဖြစ်သူ ဇော်ထိုက်က . . .



"ဖေဖေအပေါ်တက်သွားလေ၊ သား ဒီအောက်ထပ်မှာပဲ နေခဲ့မယ်"

ဟု ပြောလေသည်။

"ဟာ . . ဆရာကြီးဦးချစ်သောင်းနဲ့ စကားပြောပါဦး၊ သူကလက်ခံတော့ သား ဒီအောက်ထပ်ကိုပြန်ဆင်းပြီး တစ်ခါတည်း ဝင်သင်လို့ရတယ်"

အပေါ်ထပ်သို့ ဇော်ထိုက် စိတ်မပါဘဲ လိုက်သွားလာခဲ့ရသေသည်။

"ဘာလဲ ရွာအနောက်ပိုင်းမှာ ဆေးကုစရာ ရှိလို့လား ဆရာဘမိုး"

"မဟုတ်ပါဘူးဗျာ၊ အခုလာတာအဲ့ ခင်ဗျားဆီကို သက်သက်ပါ"

"ဆို . . ကျုပ်ဘာကူညီရမလဲ"

"ကူညီရမှာကတော့ ဒီကောင့်ကိစ္စပဲဗျို့၊ ဒီကောင်က ကျုပ်အမွေခံမယ့်လူ မဟုတ်ဘူး၊ ခင်ဗျားအမွေခံမယ့်လူ"

မျက်လုံးမျက်ခုံးကောင်းလှသော ဇော်ထိုက်ကို သိုင်းဆရာကြီး ဦးချစ်သောင်းက လှမ်းကြည့်လိုက်သည်။

"ဟော. . ဟုတ်လားကွ၊ မင်းက သိုင်းပညာကို ဝါသနာပါလို့လား"

သိုင်းဆရာကြီးကို မော့မကြည့်ရဲဘဲ၊ ဇော်ထိုက်က ခေါင်းညိတ်ပြလိုက်လေသည်။

"သိုင်းပညာသင်မယ်ဆိုရင်တော့ ဒုက္ခရှိရမယ်နော်၊ မင်းထင်းခွဲနိုင် ရေခပ်နိုင်ရဲ့လား"

www.burmeseclassic.com



"ခပ်နိုင်ပါတယ် ခင်ဗျာ"

"အေး . . အဲဒါ အစလေ့ကျင့်ရတာပဲ၊ ဒါမှ ကိုယ့်ရဲ့ အင်အားကို ကိုယ်လိုသလိုသုံးနိုင်အောင် လေ့ကျင့်လို့ရမှာ၊ ဆရာကြီးဘမိုးသားဆိုတော့ စာရိတ္တကိုတော့ ပြောစရာမလိုပါဘူး"

"ဆေးဆရာကြီး ဦးဘမိုးက အမှားအယွင်းအတိမ်းအစောင်းရှိရင်လဲ ကိုယ့်သားသမီးလိုပဲ ဆုံးမပါ"

ဟု ပြောကြားလိုက်လေသည်။

× × ×

*

ထိုအခါမှ အစပြု၍ ဦးချစ်သောင်းအိမ်၌ ဆေးဆရာကြီး ဦးဘမိုးက သူ၏သားဇော်ထိုက်ကို အပ်နှံထားလိုက်ရာ ဇော်ထိုက်မှာ သူဝါသနာပါသော သိုင်းပညာကို သင်ကြားခွင့်ရရှိသွားခဲ့လေသည်။ သိုင်းဆရာကြီး ဦးချစ်သောင်း၏ သမီးဖြစ်သူ ယဉ်နွယ်နှင့်လည်း ရင်းနှီးခင်မင်ရသည်။

"ဒီအိမ်မှာ ချက်တာပြုတ်တာဆိုလို့ ယဉ်နွယ်ပဲ ရှိသကွဲ့၊ ဒီတော့ မင်းတို့မောင်နှမ ကြည့်ရှုသာချက်ပြုတ်ကြ၊ သိုင်းပညာသင်တဲ့အချိန်ကျတော့လဲ သင်တာပေါ့ကွာ"

"ရပါတယ် ဆရာ၊ ကျွန်တော်က သိုင်းပညာသင်ရမယ်ဆိုရင် ဘာလုပ်ရ လုပ်ရပါခင်ဗျာ"

ရိုကျိုးစွာပင် ဇော်ထိုက်သည် ခေါင်းငုံ့၍ ပြောလိုက်သည်။





ဇော်ထိုက်၏ အသက်မှာ(၁၂)နှစ်ကျော်ကျော်ရှိ၍ ယဉ်နွယ်မှာ(၁၂)နှစ် သာသာပင် ရှိသေးရာ မတိမ်းမယိမ်းပင် ဖြစ်လေသည်။ ဇော်ထိုက်က ယဉ်နွယ်အဆင်သင့်ဆိုက်နိုင်ရန် ထင်းခြမ်းများကို မိုးလင်းသည်နှင့် ခွဲ၍ပေးသည်။ သိုင်းဆရာကြီး ဦးချစ်သောင်းက ရေနွေးသောက်ရင်းခင့်ကြည့်နေသည်။

"ဖေဖေ၊ ကိုဇော်ထိုက်က ဘာမှ မခိုင်းရဘူး ဖေဖေ၊ မိုးလင်းတာနဲ့ ဘုရားရှိခိုးပြီး အိမ်မှာလိုသမျှ ရေတွေဖြည့်တာပဲ၊ ပြီးတော့ ထင်းတွေလဲ ခွဲထားတယ်"

"အေး . . သူက လူယဉ်ကျေးလေးပဲ၊ မှားရှက်လဲ ကားတယ်၊ ဉာဏ်ကောင်းပုံရပါတယ်။ သူကိုယ်တိုင်က ဝါသနာပါတော့ တတ်လွယ်ပါလိမ့်မယ်"

ထင်းခွဲနေသည်ကို ကြည့်နေသော သိုင်းဆရာကြီးက ပြောလိုက်သည်။

"ကဲ . . သမီး၊ သူ့ကို နားဖို့ သွားပြောလိုက်ပါ၊ ထင်းတွေလဲ များနေပြီ၊ တော်ကြာ သိုင်းသင်ပေးမယ့် မင်းထင် လာလိမ့်မယ်လို့"

အိမ်ပေါ်မှ ယဉ်နွယ်က ပြေးဆင်းလာသည်။ ဇော်ထိုက်က ထင်းခြမ်းကို ထောင်ကာ ပေါက်ဆိန်နှင့် တစ်ချက်ချင်းခွဲနေသည်။ လက်ဆကလည်း တည့်လှသောကြောင့် တစ်ချက်ပေါက်လိုက်တိုင်း ထင်းခြမ်းများ ကွဲ၍သွားလေသည်။

"ကိုဇော်ထိုက်"

"ကိုဇော်ထိုက်"



www.burmeseclassic.com

www.burmeseclassic.com



ထင်းကို အာရုံစိုက်ကာ ပေါက်နေသော ဇော်ထိုက်က လှည့်ကြည့်လိုက်သည်။

"ဘာလဲ မယဉ်နွယ်"

"ဖေဖေက နားတော့တဲ့၊ ထင်းတွေက နှစ်ရက်သုံးရက် စာမကတော့ဘူး၊ တော်ကြာရင် ကိုမင်းထင်နဲ့ သိုင်းသင်မယ့် လူတွေ လာလိမ့်မယ်၊ ဒီနေ့ကစပြီး ကိုဇော်ထိုက်လဲ သိုင်းသင် တန်းသားတွေနဲ့ သိုင်းဝင်သင်ရမယ်တဲ့"

"ဝမ်းသာလိုက်တာ၊ ဒါဆိုရင်တော့ နားရမှာပေါ့"

ပေါက်ဆိန်ကြီးကို ထင်းပုံပေါ် ပစ်ချကာ သူ့မျက်နှာမှ ချွေးများကို အင်္ကျီလက်ဖြင့် ပွတ်သုတ်လိုက်လေသည်။

× × ×

**

မင်းထင်သည် ဆရာကြီးဦးချစ်သောင်းထံတွင် အစော ဆုံးသိုင်းပညာသင်ကြားသူများထဲတွင် တစ်ဦးဖြစ်သည်။ သူသည် ဆရာကြီး၏ အိမ်သို့လည်း အမြဲလာနေသောကြောင့် ဆရာကြီး မအားသည့်အချိန်တွင် သိုင်းသင်တန်းသားများကို သင်ကြား ပေးသည်။

နောက်တော့ ဆရာကြီးဦးချစ်သောင်းသည် အခြေခံ သိုင်းကွက်များကို မင်းထင်ကိုသာ သင်ကြားခိုင်းလေသည်။ မင်းထင်မှာ စကားအပြောအဆို မာကျောသည်။ သူက စိတ် လည်း တိုတတ်သည်။ ထိုစိတ်ဓာတ်တို့မှုကို ဆရာကြီးက မကြာခဏ သတိပေးရသည်။





"သိုင်းပညာသင်တဲ့ဆရာလုပ်မယ် ဆိုရင်တော့ သိပ်ပြီး စိတ်တိုလို့ မရဘူး။ ကိုယ်က တတ်လို့ သိုင်းပညာပြရတာ လွယ် ပေမယ့် ခုမှ စပြီးလေ့ကျင့်တဲ့သူတွေက ရခင်မှရမှာပေါ့၊ ဒါကို စိတ်ရှည်ရှည်ထားပြီးတော့ ပြုပြင်ပေးရတယ်"

"ကျုပ်ကတော့ ပြရင်လည်း စနစ်တကျ သေသေချာချာ နဲ့ ခြေလက်အဆုတ်အတက်ကိုပြမယ်။ သူတို့လဲ မှတ်ထားမှ ကြိုက်တယ်။ နောက်တစ်ခါ ပြရရင် အဲဒီကောင်းကို ပဒ်ကန်ချင် တယ်"

မင်းထင်က သူ၏ သဘောထားကို ပြောလိုက်လေ သည်။

သိုင်းဆရာကြီး ဦးချစ်သောင်းကတော့ စိတ်ထဲမှ "မင်းဟာ တစ်သက်လုံးသိုင်းဆရာလုပ်လို့ ရမှာ မဟုတ်ဘူး" ဟု မှတ်ချက်ချမိသည်။

"မင်း ဒီသင်တန်းမှာတော့ စိတ်ရှည်ရှည်ထားနိုင်မှ ပြဲပါကွာ၊ စိတ်မရှည်ရင် ငါပါ နာမည်ပျက်နေမယ်"

သိုင်းဆရာကြီး ဦးချစ်သောင်းက ထိုကဲ့သို့ ခပ်တည် တည်ပြောလိုက်၍သာ ခေါင်းငုံ့ကာ မင်းထင်က နားထောင် လိုက်ရသည်။ စိတ်ထဲကတော့ သိပ်မကြိုက်လှပေ။

ဤသို့ဖြင့် နံနက်ကိုးနာရီခန့်တွင် သိုင်းသင်တန်းသား များ ရောက်လာကြသည်။

ကျော်ပိုက်၊ အောင်စိုး၊ အေးငွေ၊ ဖြူအောင်၊ မဲကြီးနှင့် ဖိုးလုံးတို့ဖြစ်သည်။ သူတို့(၆)ဦးမှာ သိုင်းသင်တန်းသို့ ရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



သညီမှာ (၃)လခန့်ရှိ၍ သိုင်းကွက်များ အတော်ပင် ရောက်ကာ ဓားနှစ်လက်ကိုပင် ကိုင်စွဲလေ့ကျင့်၍ ရနေပြီ ဖြစ်လေသည်။

မင်းထင်ရောက်လာသည်နှင့် သိုင်းဆရာကြီးဦးချစ်သောင်းက အိမ်ပေါ်မှ ဆင်းလာသည်။ သူသည် ထုံးစံအတိုင်း သိုင်းသင်မည့်သူများ မတ်တပ်ရပ်ကာ ဦးညွတ်နေစဉ် ထိုသူများနှင့်အတူ သွားရပ်ရန် ဇော်ထိုက်ကိုလည်း လွှတ်လိုက်လေသည်။

ဇော်ထိုက်သည် ပြေးသွားကာ စွပ်ကျယ်အင်္ကျီ၊ ပုဆိုးတိုတိုနှင့် ရပ်လိုက်လေသည်။ မင်းထင်က ဇော်ထိုက်ကို မျက်မှောင်ကျုံ့၍ ကြည့်လိုက်သည်။ ထို့နောက်မှ သူ၏ကျောဘက်သို့ လှည့်ကြည့်သောအခါ ဆရာကြီး ဦးချစ်သောင်းကို တွေ့မြင်လိုက်ရလေသည်။

"မင်းထင်၊ ဒီနေ့ သိုင်းသင်တန်းသား အသစ်တစ်ယောက်တိုးတယ်။ သူကတော့ ဟိုမှာရပ်နေတဲ့ ဇော်ထိုက်ပဲ၊ ဇော်ထိုက်က သိုင်းပညာကို ကြိုးစားပြီး သင်ပါ့မယ်လို့ ကတိပြုပြီးပြီ။ ဒီတော့ အခြေခံသိုင်းကွက်တွေကို မင်းသူ့ကို သင်ပေးလိုက်ပါ"

"ဗျာ . . ဆရာကြီး၊ ဒီလူတွေက (၃)လရှိပြီဆိုတော့ လက်သိုင်းကနေ ဓားတောင်ရောက်နေပြီ၊ သူက ခုမှ စသင်မယ်ဆိုတော့ သူ့ကို သီးခြားခွဲသင်ရမှာပေါ့"

"အေး . . ကောင်းတယ်၊ ဒီလိုပဲ လုပ်ပေါ့ကွာ"

သိုင်းဆရာကြီးက အမိန့်ပေးလိုက်၍ သူ့တပည့်ဖြစ်လာသော ဇော်ထိုက်ကို . . .

"ဟေ့ . . မင်းခဏ ဟိုမှာထိုင်နေလိုက်ဦး၊ ငါ သိုင်းကွက်





တွေကို သူတို့ကို အရင်အော်ပေးလိုက်မယ် ကြားလား"

"ဟုတ်ကဲ့ ဆရာ"

မင်းထင်က မှာကြားထားသည့်အတိုင်း သစ်ပင်အောက်မှ ခုံလေးတွင် ဇော်ထိုက်သည် ဝင်၍ ထိုင်နေလိုက်သည်။

"ဒီနေ့တော့ သိုင်းကိုးကွက်ကို ဓားနဲ့ ကစားနည်း စလိုက်ရအောင် ဒီမှာကြည့်"

ဓားနှစ်ဖက်ကို ကိုင်ကာ ချထားသော သိုင်းကွက် ကိုးကွက်ပေါ်တွင် ထိုင်လိုက် ထလိုက်ဖြင့် ရန်သူကိုကာကွယ်သော ဟန်၊ တိုက်ပုံ၊ လှည့်ပုံ၊ ပတ်ပုံကိုပြသည်။

သူနှင့်မဆိုင်။ သူ့ကိုသင်ကြားနေခြင်း မဟုတ်သော်လည်း အောက်မှ ခြေနင်းသည့် အကွက်နှင့် ထိုင်ဟန်၊ထဟန်များကို ကိုင်စွဲဟန်တို့ကို ဇော်ထိုက်က မှတ်သားနေသည်။ သင်နေကျ သင်တန်းသားများကိုသာ ဂရုစိုက်သင်ကာ ဇော်ထိုက် ကို ဂရုမစိုက်သောကြောင့် ဇော်ထိုက်သည် ထိုသူများကိုသာ ငေးကြည့်နေရလေသည်။

ထမင်းစားချိန်နီးတော့မှပင် . . .

"ဟေ့ကောင်လေး၊ ဒီလာခဲ့"

ဟု မင်းထင်က ခေါ်သံကြား၍ ပြေးသွားခဲ့လေသည်။

ထို့နောက် 'ခူးခါချန့်' သိုင်း၏ အခြေခံသိုင်းကွက်ကို ဘယ်ပယ်ညာခုတ်၊ ညာပယ် ဘယ်ခုတ်၊ တက်လိုက် ဆင်းလိုက်ဖြင့် လေ့ကျင့်ဖို့ သင်ပေးခဲ့လေတော့သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



“တစ်ထွာပြလျှင် တစ်မိုက်မြင်” ဟူသော လူစားမျိုးတွင် ဇော်ထိုက်ပါသည်ဟု ဆိုရမည်။ ဇော်ထိုက်သည် ယနေ့သင်ပေးသည့် သိုင်းကွက်ကို နောက်တစ်နေ့တွင် ကျေညက်စွာရပြီးသား ဖြစ်နေသည်။ သူသည် အမှတ်သညာကောင်း၍ မည်သည့်အခါမျှ မမေ့ပေ။

သိုင်းဆရာကြီး ဦးချစ်သောင်းသည် မသိမသာ ဇော်ထိုက်ကို အကဲခတ်ကြည့်ရာ ခြေလက်အနေအထားမှာ မင်းထင်ထက်ပင် ကောင်းသေး၍ တစ်ချိန်တွင် သိုင်းပညာဖြင့် ထူးချွန်မည့်သူဟု သတ်မှတ်မိသည်။ သူ့ကို သင်ပေးနေသော မင်းထင်မှာ ထိုကဲ့သို့ လွယ်လွယ်နှင့် ဇော်ထိုက်တတ်နေသည်ကို မကျေမနပ်ဖြစ်နေသည်။

သူ မကျေမနပ်ဖြစ်ခြင်းမှာ အခြားအကြောင်းလည်း ရှိသေး၏။ ထိုအကြောင်းမှာ သိုင်းဆရာကြီး ဦးချစ်သောင်း၏ အိမ်တွင် ဇော်ထိုက်က နေထိုင်သောကြောင့် ဖြစ်သည်။ သူတို့က ရွာလယ်ပိုင်းတွင် နေ၍ မိုးချုပ်လျှင် အိမ်ပြန်ရသည်။ ဆေးဆရာကြီးဘမိုးက စားစရိတ်သောက်စရိတ်ကို သိုင်းဆရာကြီး ဦးချစ်သောင်းထံ ပေးအပ်ထား၍ သားတပည့်လို လက်ခံထား၏။

ယဉ်နွယ်လေးမှာ (၁၃)နှစ်အရွယ်ရောက်လာသည်နှင့် အပျိုဖြန်းကလေး ဖြစ်လာကာ မျက်ခုံးလေးများ စိမ်းလာသည်။ မျက်လုံးလေးများ ပြူးကာ မျက်တောင်လေးများ ကော့တက်





လာလေသည်။ ပါးကလေးများလည်း မို့မို့နီကာ ပခုံးသားများလည်း ပြည့်ဖြိုးလာ၏။

နှုတ်ခမ်းများ ရဲလာသကဲ့သို့ တစ်ကိုယ်လုံးမှာ လှသွေးကြွယ်လာလေသည်။ ယဉ်နွယ်သည် သူမကိုယ် သူမ မှန်ထဲတွင် ကြည့်လျက် ရှက်ရွံ့နေသည်။ သူမ၏ အလှများကို သူတစ်ပါးတို့က ငေးကြည့်ကြသည်ကို တွေ့မိသောကြောင့် ဖြစ်လေသည်။

“ကိုဇော်ထိုက်”

“ဗျာ. .”

“ကျွန်မကို သေသေချာချာကြည့်စမ်း”

သနပ်ခါးကို ပါးပါးလိမ်းထားသော ယဉ်နွယ်က ပြောလိုက်၍ ဇော်ထိုက်က ကြောင်စီစီဖြင့် ကြည့်လိုက်သည်။

“ဘာထူးခြားလဲ ဟင်”

“ဒီနေ့ စပယ်ပန်းတွေ ပန်ထားတာ ထူးခြားတာပေါ့”

“ပန်းကို ပြောတာမဟုတ်ဘူးရှင့်၊ လူကရော အရင်ကထက် ပိုလှမလာဘူးလား”

သည်တော့မှ ဇော်ထိုက်က မျက်မှောင်ကျုံ့လိုက်လေသည်။ ယဉ်နွယ်၏ မျက်နှာပြင်နှင့် ကိုယ်လုံးကို သေသေချာချာ ကြည့်ရှုလျက် . . .

“ဟုတ်တယ် မယဉ်နွယ်၊ မယဉ်နွယ် တစ်နေ့တခြား ပိုလှလာတယ်။ မယဉ်နွယ် အဲဒါ ဘာဆေးစားလို့လဲဟင်၊ အဲဒီဆေးနာမည်ကို သိရင် ဖေဖေ့ဆီက တောင်းပေးမယ်”

ရိုးသားလှသော ဇော်ထိုက်၏ ပြောစကားကြောင့် ယဉ်နွယ်က ခစ် ခနဲရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခစ် . . ခစ်"

"ဘာရယ်တာလဲ မယဉ်နွယ်"

"ဘာဆေး စားရမှာလဲရှင့်၊ ရှင်ကလဲ ဆေးဆရာသား ဖြစ်နေပြီးတော့ မိန်းကလေးဆိုတာ အပျိုအရွယ်ဖြစ်လာရင် ဒီလိုပဲ အလှစုံလာတာပဲပေါ့"

"ဟင် . ."

ထိုစကားကြောင့် မယဉ်နွယ်၏ အလှကို သတိထားမိသွားသော ဇော်ထိုက်မှာ ရှက်ရွံ့ကာ မျက်နှာလွှဲလိုက်၏။ ထိုအချိန်မှာပင် ခြံဝင်းထဲသို့ မင်းထင်က ဝင်လာလေသည်။ မင်းထင်မှာ ယဉ်နွယ်နှင့်ဇော်ထိုက်တို့ စကားရပ်ပြောနေသည်ကို တွေ့ရ၍ မျက်နှာပျက်သွားသည်။

"ကိုမင်းထင်၊ ဘာကိစ္စရှိလို့လဲ၊ ဖေဖေ ဒီနေ့ ဘုန်းကြီးကျောင်းမှာ ဥပုသ်သွားစောင့်တယ်"

"ဆရာကြီးနဲ့ ကိစ္စရှိမှ လာရမှာလားဟ၊ နင်နဲ့ တွေ့ချင်လို့လာတာပေါ့၊ ဇော်ထိုက်"

"ဗျာ . ."

"ဟိုမှာ အိမ်သာအဝင်ဝမှာ ချိုင့်ဖြစ်နေတာ မကောင်းပါဘူးကွာ၊ သွား . . မြေကြီးနဲ့ ပေါက်ဖို့ပြီး ညှိလိုက်စမ်းပါ"

"ဟုတ်ကဲ့ ဆရာ ကိုမင်းထင်"

× × ×





ဇော်ထိုက်မှာ ဤခြံဝင်းထဲသို့ ရောက်လာကတည်းက မင်းထင်၏ တပည့်ဖြစ်သည်။ သို့သော် ယခု တုတ်၊ ဓားနှင့် လက်သိုင်းပညာတွင် မင်းထင်နှင့်အတူတူ ဘတ်မြောက်နေပြီ ဖြစ်သည်။ ဆရာကြီး ဦးချစ်သောင်းထံမှသာ လိုသောအကွက်များကို ညအခါ ဆရာဖြစ်သော မင်းထင်နှင့် အတူတူ ဆက်သင်နေရသည်။

ထိုအဖြစ်မျိုးကို မင်းထင်သည် နည်းနည်းမှ မကြိုက်။ သည်အကောင် သိုင်းပညာတော်ခြင်းကလည်း သူ့အတွက် အန္တရာယ်ရှိသည်ဟု ယူဆထားမိသည်။ လပြည့်လကွယ်နေ့ တွင်တော့ သိုင်းသင်တန်း နားရက်ဖြစ်၏။ ထို့ကြောင့် သိုင်းဆရာကြီး အိမ်တွင် မယဉ်နွယ်နှင့် ဇော်ထိုက်တို့နှစ်ဦးသာ ကျန်မည်ကို သိ၍ လာခြင်းဖြစ်သည်။

ဘေးမှမြေကိုပေါက်ကာ အနည်းငယ်သာ ချိုင့်နေသော မြေကို ပေါက်၍ဖို့နေရာ မင်းထင်က ယဉ်နွယ်ကို စကားတီးတိုး ပြောနေသည်ကို တွေ့ရသည်။

"အို . . မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ ကျွန်မကို ဒီစကားမျိုး ဘယ်တော့မှ မပြောပါနဲ့ ကိုမင်းထင်"

မယဉ်နွယ်၏အသံက မာကျောခက်ထန်စွာ ထွက်ပေါ်လာသည်။

"ဒါ ဘာသဘောလဲ ယဉ်နွယ်၊ နင်နဲ့ငါနဲ့ဟာ ငယ်ငယ်ကတည်းကက စားဖက်ပဲ မဟုတ်လား၊ ခုမှ ဘာသဘောထား



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းရတာလဲ"

မင်းထင်ကလည်း အသံမာလာ၏။

"အဲဒါက ကိုမင်းထင်ကို ကျွန်မ အစ်ကိုတစ်ယောက်လို ခင်တာပဲ၊ ဒီ့ထက်ဘာမှ မပိုဘူး။ ဒီစကားကို နောက်ဘယ်တော့မှ ထပ်မပြောနဲ့ နောက်တစ်ခါပြောရင်တော့ ဖေဖေနဲ့ တိုင်မယ်"

စကားသံများမှာ တိုးသော်လည်း နားစွင့်နေသော ခြံတံခါးဝမှ ဇော်ထိုက်မှာ ကောင်းစွာ ကြားရလေသည်။

"ကဲ . . ဒါဆိုလဲ ပြီးရောနင့်သဘောကို ငါ ပြတ်ပြတ်သားသား သိရတာပေါ့"

မင်းထင်သည် ခြံထဲမှ ထွက်လာသည်။ သို့သော် သူ မြေကြီးဖို့နိုင်း၍ ဖို့နေသော ဇော်ထိုက်ကို လှည့်၍မျှပင် မကြည့်တော့ချေ။ ဇော်ထိုက်သည် အိမ်အဝင်လမ်းဖြစ်၍ မြေညီစေရန် မြေကြီးများ ဖို့ပြီး ပေါက်တူးနှင့် တူးကာ အိမ်ထဲသို့ ဝင်လာသည်။

ထိုအခါ အောက်ထပ်ရှိ ကွပ်ပျစ်ပေါ်တွင် ထိုင်ကာ ယဉ်နွယ်သည် မျက်ရည်များကို သုတ်နေသည်။

"ဘာဖြစ်လို့လဲ မယဉ်နွယ်"

ဇော်ထိုက်က မေးလိုက်သည်။

"ကိုမင်းထင်ပေါ့၊ ကျွန်မကို ဘာတွေလာပြောနေမှန်း မသိဘူး၊ ရှင်မကြားဘူးလား"

"ဟင့်အင်း၊ သေချာတော့ မကြားပါဘူး၊ မယဉ်နွယ်ကို ဘစ်ခုခုတိုက်တွန်းနေသလိုပါပဲ"





"ဟုတ်တယ်ရှင့်၊ သူက သူ့ကို မေတ္တာတုံ့ ပြန်ဖို့ တိုက်တွန်းနေတာ"

"ဪ . ."

"ကျွန်မက သူ့ကို အစ်ကိုတစ်ယောက်လို ငယ်ငယ်ကတည်းက ခင်တာပဲ"

× × ×

နှစ်ရက်ကာလများ ရှည်လျားလာကြသည်၊ ယခုဆိုလျှင် ဇော်ထိုက်မှာ သိုင်းဆရာကြီး ဦးချစ်သောင်းအိမ်သို့ ရောက်ရှိလာသည်မှာ ငါးနှစ်တင်းတင်းပြည့်လျက် သူကိုယ်တိုင်ကပင် နောက်ထပ် သင်တန်းသားသစ်များကို သိုင်းပညာ ကူညီသင်ကြားပေးရသော ဆရာတစ်ဦး ဖြစ်နေလေသည်။

လွန်ခဲ့သော တစ်နှစ်ခန့်ကပင် ဆရာကြီး၏ တပည့်ရင်း မင်းထင်သည် သူ့ထက် သိုင်းပညာပိုတော်ပြီးလျှင် သူ့လိုက်၍ မမှီတော့သော ဇော်ထိုက်၊ သူချစ်ရေးဆိုသည်ကို ခါးသီးငြင်းဆန်ခဲ့သော ယဉ်နွယ်တို့ကြောင့် သိုင်းဆရာကြီးအိမ်သို့ အဝင်အထွက် ကျဲသွားသည်။

သို့သော် လုံးလုံးမလာခြင်းတော့ မဟုတ်ချေ၊ သူသည် တစ်လမှာ တစ်ခါနှစ်ခါတော့ ရောက်လာကာ မယဉ်နွယ်ကို တတ်နိုင်သမျှ ပိုးပန်းနေသေးသည်။

အပွင့်လင်းဆုံးဆိုရသော် သိုင်းဆရာကြီး ဦးချစ်သောင်းသည် အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ တစ်ဦးတည်း



www.burmeseclassic.com

www.burmeseclassic.com



သော သမီးယဉ်နွယ်ကို စိတ်မချမြစ်လာသည်။ သူ့သမီးကို ယုံကြည်စိတ်ချရသူ တစ်ဦးနှင့် လက်ထပ်ပေးထားချင်သည်။

သူသည် သိုင်းသင်တန်းသားများကို အပေါ်ပိုင်းတွင် အဝတ်အစားမရှိဘဲ ရှမ်းဘောင်းဘီကို ခါးပတ်ပတ်ဝတ်ဆင်ကာ သိုင်းကွက်များ တစ်ကွက်ချင်း ပြသနေသည့် ဇော်ထိုက်ကို အိမ်ပေါ်ထပ်မှ ငေးကြည့်နေသည်။ ယခု ဇော်ထိုက်သည် အသက်(၁၈)နှစ် ပြည့်သွားပြီ ဖြစ်သည်။

ထင်းခွဲ၊ ရေခပ်၊ တောထဲမှထင်းတိုက်ဖြင့် သားတစ်ဦးလို အားကိုးနေရသော ဇော်ထိုက်သည် ယခု လေးငါးနှစ် အတွင်း ဆင်ပေါက်တစ်ကောင်လို ထွားကျိုင်းလာသည်။ သူ၏ အသားအရည်များမှာ ကျစ်လျစ်လျက် ကြေးနီရောင် ထနေလေသည်။

ပခုံး ကြွက်သားများနှင့် လက်ဖျံသားများသည် သန်မာကျစ်လျစ်နေ၏။ လူသုံးယောက်ချုပ်ကိုင်၍ပင် မနိုင်လောက်အောင် ခွန်အားပြည့်စုံလှသည်။ သိုင်းကွက်ကို ပြသရာတွင်လည်း ဆရာဖြစ်၍ ခိုက်ပ်ကာ နည်းသိလောက်ရုံသာ မဟုတ်ပေ။ သူ ကိုယ်တိုင်က ရပြီးသား သိုင်းကွက်ကို ပြန်လေ့ကျင့်သလို အားကြိုးမာန်တက် လေ့ကျင့်နေလေသည်။

မယဉ်နွယ်ကလည်း တစ်နေ့တ ခြား အလှသွေးကြွယ်ကာ ထမင်းဟင်းချက်ချိန်မှလွဲ၍ အောက်ထပ်မှာပင် သိပ်မနေတော့။ သင်တန်းသားများကလည်း ယခင်ထက် များလာသည်။ သင်တန်းဆရာဇော်ထိုက်က သင်ကြားမှု ပိုကောင်းသောကြောင့် ဟု နာမည်ဂုဏ်သတင်း ထွက်နေသည်။





ယခုတော့ သူတို့ရွာမှ လူများသာမဟုတ်။ မြေပဲတောင်ရွာ၊ ရေဆိပ်ရွာ၊ ရိုးကြီးရွာနှင့် စပယ်ခင်းရွာတို့မှ ရွာသားများပါ လာရောက်သင်ကြားကြလေသည်။ မြေပဲကြော်၊ မန်ကျည်းရွက်သုပ် နှင့် ရေနွေးကြမ်းသောက်နေသော အိမ်အပေါ်ထပ်မှ သိုင်းဆရာကြီးက . . .

“ဟေ့ မောင်ဇော်ထိုက်”

ဟု အော်လိုက်သည်။

“ဗျာ . . ဆရာကြီး”

“ဒီလောက်ဆို သူတို့ မှတ်မိပါပြီကွယ်၊ ခြေလက်တွေလဲ မှန်နေပါပြီ၊ လာ ဆရာကြီးနဲ့ အတူ ဒီကလာထိုင်ကြည့်၊ သူတို့ထဲက မှားတဲ့သူရှိရင် နားတဲ့အချိန်မှာ ပြင်ပေးနိုင်တာပေါ့”

ဇော်ထိုက်မှာ အားကြိုးမာန်တက် သင်တန်းသားများနှင့် အတူ အကွက်ပေါ်အောင် လိုက်လုပ်နေရာမှ သူ့ကျောနှင့် လက်မောင်းမှ ချွေးများကို ပုဆိုးရေစိုဖြင့် သုတ်လိုက်သည်။ မျက်နှာကိုလည်း ပွတ်ပစ်လိုက်၏။ အရွယ်၏တင့်တယ်ခြင်းကြောင့် ဇော်ထိုက်မှာ အရောင်အဆင်းများပင် ထွက်လာသလားဟု ထင်ရလေသည်။

သိုင်းဆရာကြီးသည် မြေပဲကြော်စားရင်း ခေါင်းတစ်ချက်နှစ်ချက်ဟန့်လိုက်လေသည်။

“ဖေဖေ၊ အဲဒါကြောင့် မြေပဲကြော်ကို ဖေဖေမစားနဲ့၊ ကိုဇော်ထိုက်ကိုကျွေးလို့ ပြောတဲ့ဟာ၊ ဖေဖေသိပ်ချောင်းဆိုးနေပြီ”



www.burmeseclassic.com

www.burmeseclassic.com



ထွေးခံလေး ယူလာကာ ချသည်။ ဆရာကြီးက ချောင်းတစ်ချက်နှစ်ချက် ဟန့်ကာ ထွေးခံထဲသို့ တံတွေးများ ထွေးချလိုက်တော့၏။

"တောက် . . ငါ ရင်နာလွန်းလို့ပါ မောင်ဦးရာ၊ ထင့်ရွာသားက ငါ့ရဲ့နေရာကိုလဲလု၊ ငါ့ရဲ့ ချစ်သူကိုလည်းလု၊ ငါ ဘယ်လောက် ခံစားရသလဲ"

"ခွမ်း . ."

စကားပြောရင်း ဒေါသထွက်လာသောကြောင့် သူသောက်နေသော အရက်ခွက်ကို စားပွဲပေါ်သို့ ကောက်ပေါက်လိုက်သည်။

ဖန်ခွက်မှာ အစိတ်စိတ်အမွှာမွှာ ကွဲသွားလေသည်။ ဆိုင်ရှင်လူကြီးသည် ဖန်ခွက်ကွဲသံကြောင့် ဆိုင်ထဲမှ ထွက်လာ၏။

"ဟေ့ ဘာ . သူလဲကွ၊ ဆိုင်ထဲက အရက်ခွက်ကို ပေါက်ခွဲတာ"

"ကျုပ်ပဲ"

သူ့ရှေ့တည့်တည့်မှ စစ်ရောင်ဆွယ်တာ ဝတ်ထားသော မင်းထင်က ရင်ကော့ကာ သူ့ကိုယ်သူ လက်မနှင့် ထိုးပြလိုက်သည်။ သူတို့သည် ရေဆိပ်ရွာဘောတံတားဘေးရှိ ဝါးဖြင့်ဆောက်လုပ်ထားသော အရက်ဆိုင်လေးတွင် သောက်နေကြခြင်းဖြစ်၏။





"ဩော် . . ကိုမင်းထင်၊ ခင်ဗျားမှန်း မသိလို့ပါ၊ မူးရင်လဲ သတိတော့နည်းနည်းထားပါဗျာ"

မင်းထင်ကို တွေ့၍ မပြောရဲပြောရဲဖြင့် ဆိုင်ထဲသို့ ပြန်ဝင်သွားလေသည်။ မင်းထင်ကတော့ အံကြိတ်လျက် . . .

"ဒါကို ဒီအတိုင်း ခံနေလို့မရဘူး"

"မရရင် ဘယ်လို လုပ်မလဲ ကောင်မလေးကို ကျန်တော်တို့သွားပြီးတော့ ဖမ်းချုပ်ခေါ်လာခဲ့ရမလား"

နေရာတွင် ပြန်ထိုင်ကာ မင်းထင်သည် အညိုးကြီးစွာ တွေးတောနေသည်။

"ကျုပ်ပင်ခုတ် ကျုပ်ငုတ်ပါ မကျန်မှကွ၊ ကောင်မလေးကလဲ ငါ့ကို ကြိုက်တာမဟုတ်ဘူး"

မင်းထင်စကားကြောင့် သူ့တပည့်များက ပြုံးစေ့စေ့ဖြစ်သွားကြလေသည်။

"မကြိုက်ရင်လဲ ဆရာရယ်၊ မေ့ပစ်လိုက်ပေါ့"

"ဟုတ်သားပဲ၊ ဒီနားက ပတ်ဝန်းကျင်မှာ ဆရာ့လိုလူကို လိုချင်တဲ့ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်လို့၊ ဆရာက လယ်ပိုင်ရှင်သား၊ ငွေကြေးပြည့်စုံတဲ့သူ"

သူတို့ဆရာကျေနပ်အောင် တပည့်များက ချော့ကြလေသည်။

"ဖွီ . . ဒီလို ကျေနပ်ရတော့ ကိုယ့်ဘက်က ချောင်သက်သက်ပေါ့ကွာ၊ ဘာပဲဖြစ်ဖြစ် ငါတော့ စားရတဲ့ အမဲ သဲနဲ့ ပက်ရမှ ကျေနပ်မယ့် ကောင်မျိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဆရာ၊ မင်းသားမလုပ်ရရင် ပတ် မကြီး ထိုးဖေါက်တာ တရားတယ်လို့ ကျုပ်လဲ ထင်တယ်"

"အခုနေကတော့ ဘာမှ ထူးခြားပြောင်းလဲမှု မရှိသေးဘူးကွ၊ ခုတလော ဆရာကြီးကလဲ ငါ့ကို အိမ်ဝင်တာ ထွက်တာ သိပ်မကြိုက်ဘူး"

"ဘာဖြစ်လို့လဲ"

"မင်းတို့ ရိုးကြီးရွာမှာ လုပ်တဲ့ ကိစ္စလေ၊ ငါက တားတဲ့ကြားက ဒင်းက ဘယ်သူမှ မသိပါဘူး ဆိုပြီး၊ ရွာက ကုန်သည်နှစ်ယောက်ကို လုတာလေ"

"အဲဒါ ဘယ်သူမှ မသိပါဘူး ဆရာရယ်"

"မင်းကသာ ဘယ်သူမှ မသိပါဘူး ပြောနေ၊ မြေပဲတောင်ရွာ၊ ယက္ခရွာနဲ့ ရေအိမ်ရွာတို့က ဒီအလုပ်ဟာ မင်းထင်နဲ့ သူ့တပည့်တွေ လက်ချက်လို့ တစ်ညီတည်း ထွက်နေကြတယ်။ ဟိုတစ်နေ့က ငါသွားတော့ ဆရာကြီးက ပြောကောင်း မင်းထင်၊ မင်း မဟုတ်က ဟုတ်ကတွေ မလုပ်နဲ့နော်၊ ပြဿနာပေါ်ပြီး ငါ နာမည်ပျက်လို့ကတော့ မင်းကိုငါကိုယ်တိုင် လိုက်ရှာသတ်မယ်လို့ ကြိမ်းတယ်"

"ဟာ . ."

"ဟင် . ."

"ဆရာကြီး ဦးချစ်သောင်းတောင် သိမှတော့ သူကြီး ဦးဘခင်လဲ သိပြီပေါ့"

"အသွားအလာ ဆင်ခြင်ကြပေါ့ကွာ"

× × ×





ဒေဝသည် အုန်းတောထဲရှိ သူ၏ အိမ်လေးထဲသို့ ဝင်လာခဲ့သည်။ သူ့အမူအရာ က ကမူးရှူးထိုး နိုင်လှ၏။ ထမင်းအိုးတည်ပြီး ကလေးတစ်ဖက်နှင့် ငါးကြော်နေသော ဒေဝ၏ ဇနီးမတုတ်က . . .

"ရှင် ဘာဖြစ်လာပြန်ပြီလဲ၊ ယင်းပေါင်ရွာက လူတွေနဲ့ ရန်ဖြစ်ခဲ့ပြီမို့လား" ဟု မေး၏။

"မင်း ပါးစပ်ကို ပိတ်ထားစမ်းကွာ၊ ငါ အခုည အိမ်မှာ အိပ်လို့မရဘူး၊ ဘဘထိုတို့ အိမ်ပေါ် သွားအိပ်မှ ဖြစ်မယ်"

"ရှင့် ဘယ်သေမင်းက လာခေါ်မှာမို့လဲ"

မတုတ်ကလည်း ပါးစပ်ကြမ်းကြမ်းနှင့် ပြန်ဘွယ်လိုက်ရာ . . .

"သေမင်းအကြောင်း ပြန်မပြောစမ်းပါနဲ့၊ မင်း အလုပ်ရှုပ် နေရင် ငါ့ဟာငါ ထည့်မှ ဖြစ်မယ်"

သူသည် ဓားတစ်ချောင်းကို ဆွဲယူလိုက်သည်။ ပြီးနောက် နောက်ဖေးငှက်ပျောခြံထဲသို့ ဆင်းလာကာ သူ ငှက်ပျောရွက်တစ်ရွက်ကို ဖြတ်ခုတ်လိုက်သည်။ ပြီးမှ စဉ့်အိုးထဲမှ ရေခပ်၍ ဆေးလိုက်သည်။

ငှက်ပျောရွက်နှစ်ရွက်ထပ်ကာ သူ့အတွက် ဟင်းနှင့် ထမင်းများကို လှေပေါ်သို့ ယူသွားမည်။ လှေပေါ်သို့ ရောက်မှ အေးအေးဆေးဆေးစားကာ ဘဘထိုကို အကျိုးအကြောင်း ပြော၍ အိပ်မည်ဟု စိတ်ကူးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ အိပ်ဖို့တော့ ခါးကြားတွင် လိပ်လာသော ချက်အရက်ဖိုးက အသင့်ရှိနေ၏။ မီးတိုင်ခွက်နားရှိ ပူပူလောင်လောင် ထမင်းအိုးဘေးတွင် ငှက်ပျောရွက်ကို ခင်းကာ . . .

"ယောက်မပေးစမ်းပါ" ဟု တောင်းလိုက်သည်။

အိပ်ပျော်နေသော ဒေဝ၏ သား (၆)နှစ်အရွယ်က မျက်လုံးပွတ်ကာ ထလာသည်။

"ဖေဖေ၊ သားလဲ လိုက်ခဲ့မယ်"

"ဟာ ဒီကောင် အရေးထဲ၊ သွားအိပ်နေစမ်း သွား၊ ဒီမှာ ကိစ္စတွေ များရတဲ့အထဲ"

ထမင်းပူပူများကို ဖက်ထဲသို့ ကော်ကာ ထည့်သည်။

ပြီးနောက် ငါးပိချက်အိုးထဲမှ ငါးပိချက်ကို ဇွန်းနှင့်ခပ်ကာ ပုံလိုက်သည်။ သူတို့ရွာက ပင်လယ်ကမ်းစပ်မှာ ဆိုတော့ ငါး၊ ငါးပိ၊ ငါးခြောက် ပေါ၏။

"မတုတ်၊ ငါ့လာမေးရင် မသိဘူး၊ မရှိဘူး ဖြေနော်" ဟု မှာနေပြန်၏။

မတုတ်က မျက်စောင်းထိုးလိုက်သည်။ ဒေဝသည် အိမ်တွင် ဘာအလုပ်မှ လုပ်သူ မဟုတ်။ မိန်းမက ဈေးရောင်း ကျွေးသည်ကို အရက်ဖိုး၊ ဖဲရိုက်ဖို့ငွေကို တောင်းကာ နှိပ်စက်နေသူ ဖြစ်သည်။

မတုတ်က . . .

"ရှင် ဘာဖြစ်လာသလဲဆိုတာ ကျွန်မကို ပြောပါဦး ရှင့်နောက်က သေမင်းလိုက်လာတာလားဟင်၊ ရှင်ဟာ





ဘာအလုပ်မှ မရှိဘဲ အိမ်မှာ ကလေးထိန်းမျိုးဆို့ပြီးတော့ မနေဘူး"

မိန်းမပီပီ မတုတ်က ပူညံပူညံလုပ်တော့သည်။ သို့သော် ပါးစပ်ကသာ ပူညံသည်။ လက်ကတော့ ဟိုဘက်သည်ဘက် လှန်ကာ ဆီထဲတွင် ကျက်နေသော ငါးကြီး တစ်ကောင်ကို ဘတ်ခနဲထမင်းပုံပေါ် ပစ်တင်ပေးလိုက်သည်၊

"ဒီစကားတွေ ဒီအချိန်မှာ ပြောမနေစမ်းနဲ့ဟာ၊ ငါ့ဒေါသက နင့်ဆီ ရောက်လာမယ်။ နင် ကိုယ့်ဟာကိုယ် အေးအေးနေ"

သူ ဒီလို ဖျောင်းဖျတော့မှ မတုတ်ဒေါသက ပိုကြွလာလေသည်။

"မနေနိုင်ဘူး၊ ရှင်နဲ့လဲ မပေါင်းဘူး၊ မနက်ကျရင် သူကြီးကိုခေါ်ပြီး ကွာမယ်၊ ရှင် ဘယ်တော့မှ ပြန်မလာနဲ့"

"သူ ပြန်မလာနိုင်တော့ပါဘူး၊ သူ ဒီနေ့ပဲ ဒီအိမ်က ထွက်သွားရမယ့် သူပါ"

"ဟင် . ."

"အို . ."

ထိုစကားကို ပြောလိုက်သူမှာ တံခါးဝမှ ဝင်လာသည့် လက်မရှိ မီးခဲဖြစ်လေသည်။ မီးခဲက လက်ထဲတွင် ဓားမြှောင်လေး ကိုင်လာ၏။ မတုတ်က အိမ်ပေါ်သို့ ခွင့်မတောင်းဘဲ တက်လာသူကို ထိတ်လန့်စွာ ကြည့်နေ၏။

"ဒီအမျိုးသမီးပြောတဲ့စကားကို ငါ ကြားပြီးပြီ၊ တကယ်တော့ ဒေဝ မင်းဟာ လောကကြီးမှာ လူပိုပဲ၊ ဒါကြောင့် မင်း



www.burmeseclassic.com

www.burmeseclassic.com



ဒီအလုပ်တွေ လုပ်တာ၊ ငါ့ညီမ စဉ်းစားကြည့်စမ်း၊ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ထင်းရွာမှာ အင်မတန် သနားစရာ ကောင်းတဲ့ မြေးအဖိုးသုံးယောက်ရှိတယ်၊ အဲဒါ မနက်လေးနာရီကျော်ကျော် အိပ်ရာက မထခင် လူတွေကို ထွက်မပြေးနိုင်အောင် အိမ်ပတ်ပတ်လည်ကို ရေနံတွေ လောင်းပြီး ခင်ဗျားယောက်ျားဒေဝ မီးရှို့သတ်ခဲ့တာဗျာ"

ဒေဝသည် တုန်တုန်ရီရီ ဖြစ်နေသည်။

"မီးခဲ၊ ငါ့ ငါ့ကို မသတ်ပါနဲ့"

ဒေဝက လက်အုပ်ချီရတော့မလိုလို ထိုင်၍ ကန်တော့ရတော့မလိုလို ဖြစ်ကာ ဝမ်းနည်းသံနှင့် တောင်းပန်၏။

"အခု အဲဒီမြေးအဖိုး သုံးယောက်လုံးသေသွားပြီ၊ ကလေးဆို ဟောဒီရင်ခွင်ထဲက တစ်နှစ်ကျော်လောက် ရှိမှာပေါ့"

"ရှင် တော်တော် ရက်စက်ပါလား ကိုဒေဝဟင်၊ ခုတော့ ရှင့်အပြစ် ပေါ်လာပြီ"

ဒေဝသည် နောက်ဆုံးအနေဖြင့် သူ့အသက်အတွက် မီးဖိုနံရံမှ ဓားကြီးတောင်ဓားကို ဆွဲကာ ယူလိုက်သည်။ ပြီးနောက် လက်မရှိမီးခဲကို လွှဲကာ ခုတ်ချလိုက်၏။

"အင့် . ."

လက်မရှိမီးခဲက လက်တစ်ဖက်ရှေ့သို့ ဆန့်လိုက်သည်။ သူ့လက်ထဲမှ ဓားမြှောင်က ဒေဝ၏နံရိုးကြားသို့ တန်းဝင်သွားသည်။ မြှောက်ထားသောဓားကို မခုတ်ချနိုင်တော့။

မီးဖိုဘေးမှာ ဘိုင်းခနဲ လဲသွားသည်။ သည်တော့မှ မတုတ်က အော်ဖို့ သတိရသည်။





"လာကြပါဦးရှင့်၊ ကျွန်မယောကျ်ားကို လူသတ်သမား လာသတ်နေပါတယ်"

လက်မရှိမီးခဲကတော့ သူ့ဓားမှ သွေးများကို ဖြေးဖြေး ဆေးဆေးသုတ်ကာ အိမ်ရှေ့လမ်းပေါ်သို့ ဆင်းသွားလေသည်။

အိမ်ရှေ့လမ်းပေါ်၌ သူ့ငှားလာသော လှည်းက စောင့်နေသည်။

"စောစောက အော်တာ ဘယ်ကလဲ အစ်ကို"

"မေးမနေပါနဲ့ကွာ၊ ပင်လယ်ကမ်းစပ်ကိုသာ မြန်မြန် မောင်း"

ဒေဝ၏ဇနီး မတုတ်အော်သံက ဆူညံနေသည်၊ သို့သော် မည်သူမျှ ရုတ်တရက်မရောက်လာမီ လက်မရှိမီးခဲ၏ မြင်းလှည်းက ကမ်းစပ်သို့ ထွက်သွားလေတော့၏။

× × ×

ဒေဝအသတ်ခံရခြင်း အတွက် ဖျာပုံခရိုင် ရဲ ရုံးကြီး တွင် အတော်ပင် လှုပ်လှုပ်ရှားရှား ဖြစ်သွားရလေတော့သည်။ ရာဇဝတ်ဝန်ထောက် ဦးကျော်ဇံမှာလည်း ရဲ မင်းကြီး၏ အဆူ ခံရတော့မည်ကို သိသဖြင့် . . .

"မင်းတို့ တ ခြားအလုပ်တွေဖယ်ထားပြီး၊ ဒီလောက် နာမည်ကြီးနေတဲ့ လက်မရှိမီးခဲဆိုတဲ့ကောင်ကို ရအောင်ဖမ်းစမ်းပါ၊ ရအောင် ဖမ်းနိုင်တဲ့သူကို ဆုချမယ်"

ဟု ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖျာပုံ ရဲ ရုံးမှ ရဲ များသည် ရာဇဝတ် ဝန်ထောက်၏ စကားကြောင့် ပြုံးသွားကြသည်။ အဘယ့်ကြောင့် ဆိုသော် ဖျာပုံမြို့သို့ ပြောင်းလာသည်မှာ မကြာသေးသောရာဇဝတ်ဝန်ထောက်ကြီး ဦးကျော်ဇံတွင် ခယ်မချောလေးများရှိသောကြောင့် ဖြစ်၏။ မိမိလက်အောက်ငယ်သားများကို ဆဲဆို အော်ဟစ်ကာ ရုံးထဲမှ ထွက်သွားလေသည်။

ဖျာပုံဆိပ်ကမ်း၊ ဒေးဒရဲဆိပ်ကမ်းနှင့် ထိုဒေသများတစ်ဝိုက်ရှိ မြစ်ဆိပ်များတွင် လူဝင်လူထွက်ကို တင်းကျပ်စွာစစ်ဆေးလျက်ရှိနေလေသည်။ ထိုအချိန်တွင် လက်မရွှံ့မီးခဲမှာ ဘုန်းကြီးကျောင်း တစ်ကျောင်းထဲတွင် အိပ်စက်လျက်ရှိနေလေသည်။

ဘုန်းတော်ကြီးမှာ ခရီးဝေးက လာရသူဟု ဆိုသောကြောင့် ကျောင်းအပေါ်ထပ်ရှိ ဘုရားခန်းဆောင်လေးတွင် အိပ်ရန်ခွင့်ပြုခဲ့သည်။ ဘုန်းကြီးများ နံနက်ဆွမ်းစားပြီးချိန်လောက်တွင် ဆရာတော်က . . .

"ထ . . ထ၊ ဟိုမှာ သွားပြီးတော့ ထမင်းစားလိုက်ဦး ကျောင်းသားလေးတွေ စားတော့မယ်" ဟု ပြော၏။

"တင်ပါ့ဘုရား"

မျက်နှာသစ်ရင်း ရွာထဲမှ လာသူများနှင့် မျက်နှာချင်းမဆိုင်မိစေရန် လက်မရွှံ့မီးခဲက ဂရုစိုက်၍ မျက်နှာသစ်သည်။ ပြီးနောက် သူ့နေရာသို့ ပြန်လာကာ လွယ်အိတ်ထဲမှ မျက်နှာသုတ်ပုဝါဖြင့် မျက်နှာသုတ်လိုက်၏။





ထိုအချိန်တွင် ကျောင်းအောက်ထပ်မှ စကားပြောသံများ ကြားရလေသည်။

"မလွယ်ပါဘူး ဦးလေးရော၊ ဖျာပုံဆိပ်ကမ်းမှာလည်း ရဲတွေက စစ်နေတယ်"

"ဟေ . . ဘာဖြစ်လို့လဲကွ"

"လူဆိုးတစ်ယောက် ရှာတာတဲ့၊ လက်မရွှံ့မီးခဲဆိုလား၊ ဘာလား မသိပါဘူးဗျာ"

လက်မရွှံ့မီးခဲက ငြိမ်ကာ နားထောင်နေ၏။ ပြီးနောက်သူသည် လွယ်အိတ်ထဲမှ သန့်သန့်ပြန့်ပြန့် အကျီအဖြူနှင့် ဘန်ကောက်လုံချည် ငွေဖလားရောင်ကို ဖော်ချကာ ဆံပင်ကို အကျအနဖြီးလိုက်သည်။

"ဘုန်းကြီးက ဒကာကြီးကို အောက်ထပ် ထမင်းစားဖို့ ခေါ်ခိုင်းတယ်"

"အေး . . လာပြီ၊ လာပြီ"

အဝတ်အစားဆိုသည်မှာ လူ၏ ဖုံးကွယ်မှုပင် ဖြစ်သည်။ ညကရောက်ရှိလာသော စုတ်စုတ်ပြတ်ပြတ်ပုံနှင့် လုံးဝမတူတော့။ သပ်ရပ်သော လူကြီးလူကောင်းအသွင်ဖြင့် ဆင်း၍ ထမင်းစားကာ ဘုန်းကြီးကျောင်းထဲမှ မီးခဲထွက်သွားလေတော့သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



သမားတော်ကြီး ဦးဘမိုးသည် သားဖြစ်သူမှာ သူ သင်ချင်သော သိုင်းပညာကို သင်ကြားရပြီး ကျန်းမာသန်စွမ်းစွာဖြင့် နေထိုင်သည်ကို သိရ၍ သိုင်းဆရာကြီး ဦးချစ်သောင်းကို ကျေးဇူးတင်မိသည်။ စားစရိတ်ပေးသည်ကိုလည်း လက်မခံ။ တစ်ခါတစ်ရံ တောထဲတောင်ထဲမှ လက်ဆောင်ရလာသော ပျားရည်နှင့် ဆေးမြစ်များကို လက်ဆောင်ပေးလျှင်သာ အားနာ၍ ယူတတ်လေ၏။

ထိုနေ့သည်ကား မှတ်မှတ်ရရ တပေါင်းလပြည့်နေ့ ဖြစ်၏။ ထင်းရှူးအနောက်ဘက်သို့ ဆေးကုသည့် လူနာအိမ်သို့ လာကြည့်ရင်း လူနာမှာ သက်သာသည်နှင့် ဆေးများပေးခဲ့၏။ ထို့နောက် သိုင်းဆရာကြီး ဦးချစ်သောင်းအိမ်ဘက်သို့ ထွက်လာခဲ့သည်။

ညက အတော်မှောင်နေပြီဖြစ်သည်။ သိုင်းဆရာကြီး ဦးချစ်သောင်း၏ ခြံဝင်းကြီးမှာ ပိတ်နေပြီ ဖြစ်လေသည်။ အိမ်အပေါ်ထပ်တွင်ကား မီးများလင်းလျက်ရှိသည်။ ဦးဘမိုးသည် ခြံတံခါးဝမှ လှမ်း၍ အော်လိုက်သည်။

"ဆရာ ဦးချစ်သောင်း"

"ဆရာ အိပ်ပြီလား"

ပြန်ဖြေသံက အနီးမှ ထွက်ပေါ်လာသည်။

"ဆရာ မအိပ်သေးပါဘူး၊ ခင်ဗျား ဘယ်သူပါလိမ့်"





မန်ကျည်းပင်အောက်မှ လူငယ်တစ်ယောက် ထလာကာ ခြံတံခါးကို ဖွင့်ပေးလိုက်သည်။ ထိုအခါတွင်မှ ခြံတံခါး ဖွင့်ပေးလာသူမှာ သူ၏သား ဇော်ထိုက်ဖြစ်ကြောင်း သိရပြီး၊ ဇော်ထိုက်နောက်တွင် ဆံပင်ကို ပခုံးတစ်ဘက်ပေါ် တင်ထားသော မိန်းကလေးတစ်ဦးရပ်နေသည်ကို တွေ့ရသည်။

"ဟာ . . အဖေ၊ ဘာလဲ လူနာလာကြည့်တာလား"

"ဟုတ်တယ်ကွ၊ ဦးချစ်သောင်းနဲ့ တွေ့ချင်လို့ ဝင်လာတာ၊ မင်းတို့ မအိပ်ကြသေးဘူးလား"

"မအိပ်ကြသေးပါဘူး၊ ဒီမှာ ကျွန်တော်တို့ ထိုင်ပြီး စကား ပြောနေကြတာ"

"သူက . ."

ဆေးဆရာကြီး ဦးဘမိုးက ယဉ်နွယ်ကို လက်ညှိုးထိုး၍ မေးလိုက်ရာ . . .

"ကျွန်မက ယဉ်နွယ်ပါ" ဟု ယဉ်နွယ်က ဖြေလိုက်ရတော့၏။

"လာလေ . . အဖေကတော့ အပေါ်ထပ်မှာ ဘုရားရှိခိုးနေလား၊ ရေနွေးကြမ်းသောက်နေလား မသိဘူး"

"အေး . . ဟိုတလောက ဒီဘက်ရောက်ရင် အိမ်ဝင်ခဲ့ပါဦးလို့ သမီးဖေဖေက ပြောလို့"

"ဖေဖေရေ ဧည့်သည်လာတယ်"

အပေါ်ထပ်သို့ ယဉ်နွယ်က လှမ်းအော်လိုက်သည်။ ထိုအခါ ပိတ်ထားသော ကလားတံခါးပွင့်လာကာ မီးရောင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



လာ၏။ လရောင်ကလည်း အောက်ဖက် မြေကွက်လပ်တွင် ထိန်ထိန်သာနေသည်။

"သမီး ဘယ်က ဧည့်သည်လဲ"

"ကိုဇော်ထိုက်အဖေ ဆေးဆရာကြီး ဘမိုးပါ အဖေ"

"အော် . . အေး၊ အဖေ မအိပ်သေးဘူးလို့ တက်ခဲ့ပါဦးလို့ ပြောလိုက်"

"ဟုတ်ကဲ့"

အမှန်မှာတော့ ဆေးဆရာကြီး ဘမိုးကို လေးစားသည့်သဘောဖြင့် တိုက်ရိုက်မပြောဘဲ သမီးက တဆင့် ကြားအောင်ပြောလိုက်ခြင်း ဖြစ်သည်။

ဇော်ထိုက်နှင့် ယဉ်နွယ်တို့လည်း နောက်မှ လိုက်ပါလာကြလေသည်။ အောက်ထပ်တွင် ထွန်းညှိထားမီးရောင်ကြောင့် လှေကားမှာ လင်းနေသည်။

"အဖေမြင်ရလား"

သူ့ အဖေကို တွဲရင်း ဇော်ထိုက်က ပြောလိုက်သည်။

"မြင်ရပါတယ်ကွ၊ မင်းက ငါ့ကို အဖိုးကြီးများ အောင်မေ့နေလား"

"မဟုတ်ပါဘူး၊ အဖေ မမြင်ရမှာ စိုးလို့ပါ"

"မြင်ရပါတယ်ကွာ"

ဤ သို့ဖြင့် အိမ်ပေါ် ထပ်သို့ ရောက်ရှိလာကြလေတော့သည်။ အဆင်သင့်ပင် ရေနွေးကြမ်းအိုးနှင့် မြေပဲကြော်နှင့် လက်ဖက်သုပ်ပ‌ငါးရံ့ခြောက်ဖုတ်များနှင့် သိုင်းဆရာကြီးက စောင့်နေသည်။





"သမီး . . ရေနွေးတစ်လုံးလောက် ကြဲလိုက်ပါဦး"

"ဟုတ်ကဲ့ ဖေဖေ"

ယဉ်နွယ်က ရေနွေးကြိုဖို့ ဆင်းသွားသည်။ လူကြီးများဝိုင်းတွင် ဇော်ထိုက်က ဝင်ထိုင်လိုက်သည်။

× × ×

*

"မောင်ဇော်ထိုက်"

"ဗျာ . ."

"မင်းညီမကို သွားကူညီလိုက်ပါကွာ"

"ဟုတ်ကဲ့"

ဇော်ထိုက်သည်လည်း လူကြီးများက သူတို့ စကားပြောသည်ကို နားမထောင်စေချင်ကြောင်း သိ၍ အောက်ထပ်သို့ လိုက်ဆင်းလာခဲ့၏။ မီးဖိုထဲတွင် ထင်းများ ထိုးနေသော ယဉ်နွယ်က လှည့်ကြည့်သည်။

"ဟော . . ကိုဇော်ထိုက်က ဘာလို့ ဆင်းလာတာလဲ၊ ဖေဖေရော၊ ကိုဇော်ထိုက်ဖေဖေရော ဘယ်လိုထင်မလဲ"

အကြောင်းမသိသေးသော ယဉ်နွယ်က ရန်ထောင်လိုက်သည်။

"အောင်မာ၊ ယဉ်နွယ်ကသာ ရန်ထောင်နေ၊ ယဉ်နွယ့်ဖေဖေက ယဉ်နွယ့်နောက် လိုက်ပြီး သွားကူခိုက်တဲ့"

"ဟောတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကိုဇော်ကလည်း ယဉ်နွယ်ရှိတဲ့ နေရာမှာ အမြဲရှိနေတာ ဦးလေးက သိတာကိုး"

"ကြည့် . . သူက အခွင့်အရေး လာယူနေပြန်ပြီ"

"အခွင့်အရေး ယူတာမဟုတ်ပါဘူး၊ လူကြီးတွေက သူတို့ ပြောတဲ့စကား မကြားစေချင်ဘူး ထင်တယ်"

မိုးဖိုနားရှိ ယဉ်နွယ်၏ ကိုယ်ကလေးနှင့် ထိအောင် တိုးထိုင်ကာ ခပ်တိုးတိုးပြောလိုက်သည်။

"သူတို့ ပြောမှာ ဘာစကားမို့လဲရှင်"

"ယဉ်နွယ်ကြားချင်ရင် လေကားက သွားနားထောင် ကြည့်ပေါ့"

"ဟို . . နားမထောင်ရဲပါဘူး၊ အမေက သိပ်ပြီးနားပါး တာ၊ တော်ကြာမှ တစ်ခုခုနဲ့ ပစ်လိုက်လို့ ထိပ်ပေါက်နေဦးမယ်"

ယဉ်နွယ်ရော ဇော်ထိုက်ပါ စဉ်းစားနေကြသည်။ လူကြီး များ၏ စိတ်ထားကို သူတို့နှစ်ဦး သိရှိနေကြသည်။ သမားတော် ကြီး ဦးဘမိုးနှင့် သိုင်းဆရာကြီး ဦးချစ်သောင်းတို့မှာ အလွန်ပင် ရင်းနှီးခင်မင်ကြ၏။ ထို့ကြောင့် ဦးချစ်သောင်းသည် ရိုးသား သော၊ စာရိတ္တကောင်း၍ ထက်မြက်သော လုပ်ဆောင်နိုင်မှု ရှိသော ဇော်ထိုက်နှင့် သမီးဖြစ်သူ ယဉ်နွယ်ကို အိမ်ထောင်ချ ပေးချင်သည်။ ခဏကြာသောအခါတွင် ရေနွေးအိုးဆူလာ၍ မီးလျှော့ထားလိုက်၏။

အပေါ်ထပ်မှ ဦးချစ်သောင်း၏ အသံလည်း ပေါ်လာ သည်။

"သမီးရေ၊ အကြမ်းအိုး ရရင် ယူခဲ့ပါ၊ မောင်ဇော်ထိုက်





လဲ လာဟေ့၊ စကားပြောကြရအောင်"

"ဟော . . ခေါ်ပြီ"

"ခေါ်တာ ဘာဖြစ်လဲ"

ယဉ်နွယ်က ရှက်ရှက်နှင့် ဇော်ထိုက်၏ လက်မောင်းကို ရိုက်လိုက်လေသည်။

"ရှေ့က သွားပါ၊ ရေနွေးမှောက်ကျလို့ အပူလောင်ကုန် မယ်"

ဇော်ထိုက်က ရေနွေးအိုးကို ကိုင်ကာ အပေါ်ထပ်သို့ တက်လာခဲ့လေသည်။

"ကဲ . . လာထိုင်၊ သမီး . . သမီးကလဲ ထွားလာလိုက် တာ မြစ်စို့ပေါက်ကြီး ကျနေတာပဲ"

ဦးဘမိုးက မီးရောင်ဖြင့် ယဉ်နွယ်ကို အကဲခတ်ကာ ချီးမွမ်းလိုက်လေသည်။

"ခင်ဗျားက ယဉ်နွယ်ကိုသာ ပြောနေတယ်၊ ခင်ဗျား သားကိုလဲ ကြည့်ပါဦး၊ ဒီရောက်လာကာစနဲ့ တူသေးလားလို့"

နေ့စဉ် သိုင်းပညာလေ့ကျင့်ကာ ကောင်းကောင်းစား၍ ကောင်းကောင်း အိပ်နေရသော သားကြီးမှာလည်း တုတ်ခိုင် သန်မာလှသည်။ ရေနွေးကရားကိုယူကာ ရေနွေးများကို ဇော်ထိုက်က ဖြည့်လိုက်၏။

ယဉ်နွယ်ကတော့ ကျုံ့ကျုံ့လေးထိုင်နေသည်။

"ကဲ သား၊ အခုဒီမှာ ဆရာဦးချစ်သောင်းနဲ့ ဖေဖေနဲ့ တိုင်ပင်ကြတယ်။ သားနဲ့ ဒီကသမီးကို ဖေဖေတို့က လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ပေးစားချင်တယ်၊ သားတို့ရဲ့ သဘောကရော"

ယဉ်နွယ်က ခေါင်းငုံ့သွားသည်။ ဇော်ထိုက်ကလည်း ရှက်ရွံ့သွားကာ . . .

"သား ဘက်ကတော့ ပြောစရာ မရှိပါဘူး ဖေဖေ"

ဟု ဆို၏။

"သမီးဘက်ကရော"

ဦးဘမိုးက ထပ်မေးသည်။

"သမီးလဲ ပြောစရာ မရှိပါဘူး"

× × ×
*

ထိုစကားများကို ပြောဆို ညှိနှိုင်းပြီးနောက် ကျန်းမာရေး သိပ်မကောင်းလှသော ဦးချစ်သောင်းက မင်္ဂလာပွဲကို အမြန်ဆုံး စီစဉ်စေချင်သည်။ ကျေးလက်တောရွာ မင်္ဂလာပွဲဖြစ်သော ကြောင့် ဖိတ်စာများ ဖိတ်ရန်နှင့် လူငယ် ကာလသားများ၏ အကူအညီကို ယူကာ ဦးချစ်သောင်း၏ အိမ်မှာပင် မင်္ဂလာပွဲကို ပြုလုပ်ရန် တိုင်ပင်ဖို့ နောက်ထပ်နေ့ကောင်းရက်သာ ရွေး၍ ချိန်းဆိုကြသည်။

မိဘများက သူတို့ကို လက်ထပ်ပေးစားဖို့ စကားဆိုနေ သည်နှင့် ယဉ်နွယ်မှာ ထိုအနားတွင် ကြာကြာမနေတော့ဘဲ သူမ၏ အခန်းသို့ဝင်ကာ အိပ်စက်သွားလေတော့၏။ အိပ်စက် သည်ဟု ဆိုသော်လည်း မအိပ်နိုင်ဘဲ ပျော်သလိုလို ကြောက်





သလိုလိုစိတ်ဖြင့် တွေရာလေးပါး တွေးတောနေလေသည်။

"ကဲ . . ပြန်မယ်၊ လာမယ့်တနင်္ဂနွေကို အစီအစဉ် ဆွဲ ကြတာပေါ့"

"ကောင်းတယ် ဆရာဘမိုးရေ၊ ကျုပ်လဲ အဲဒီကိစ္စကို မြန်မြန်အေးစေချင်တာပဲ၊ တော်တော်ညဉ့်နက်ပြီကွ၊ ဇော်ထိုက် ရေ . . မင်းအဖေကို မင်းလိုက်ပို့မှ ကောင်းမယ်ထင်တယ်"

"ဟုတ်ကဲ့ လိုက်ပို့မလို့ပါဘဲ၊ ဒါဆို ကျွန်တော်ကော ဒီည အဖေ့အိမ်မှာပဲ အိပ်လိုက်တော့မယ်"

"အေး . . အေး"

ဦးချစ်သောင်းက ခြံဝအထိလိုက်လာကာ တံခါးကို ပိတ် လိုက်သည်။ သူ့ဖခင်၏ ဆေးလွယ်အိတ်ကို လွယ်ကာ လရောင် အောက်တွင် ခြံထဲမှ ထွက်သွားသော ဇော်ထိုက်ကို ငေးလိုက်ရ သည်။

သူမသည် ဇော်ထိုက်ကို ထွက်၍ ချောင်းကြည့်ခြင်းမင် ဖြစ်၏။ ဇော်ထိုက်ကလည်း အိမ်ပေါ်ထပ်သို့ လှမ်း၍ကြည့်လိုက် သည်ကို သတိထားမိသည်။ ခဏကြာသောအခါ သစ်ပင်များ၏ အောက်တွင် ဇော်ထိုက်ပျောက်ကွယ်သွားလေတော့သည်။

ယဉ်နွယ်သည် သူမအခန်းထဲသို့ ငိုကာ ကုတင်ပေါ် တွင် လှဲလိုက်သောအခါ ပါးပြင်တွင် မျက်ရည်များ စိုစွတ်နေ သည်ကို သတိထားလိုက်မိ၏။

"ဟင် . . ဒီမျက်ရည်တွေက ဘာလို့ ကျရတာလဲ"

သူမရင်ထဲတွင် လှိုက်လှဲဝမ်းနည်းနေမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဇော်ထိုက်သည် မိုးလင်းလျှင် အောက်ထပ်မှ အစောကြီး ထကာ မီးမွှေးထားသည်။ ပြီးတော့ ရေနွေးအိုးတည်ကာ မျက်နှာသစ်၍ ဘုရားစာများကို ရွတ်ဆိုနေတတ်သည်။ သူသည် ကိုရင်ဘဝဖြင့် နေခဲ့ဖူးရာ ပိဋကတ်ကျမ်းဂန်စာပေနှင့် ပတ်သက်၍ အဘိဓမ္မာနှင့် အောက်အခြေခံကျမ်းများကို တတ်မြောက်လေသည်။

ထို့ကြောင့်လည်း မည်သည့်နေရာတွင် မဆို ဆင်ခြင်တုံတရားရှိသည်။ သူသည် မင်းထင်နှင့်မတူ။ မင်းထင်က တစ်ကိုယ်ကောင်းဆန်တတ်သော်လည်း၊ သူက ညှာတာသနားမှု၊ သူတစ်ပါးအား ဦးစားပေးမှု ဟူသော စိတ်ကောင်းနှလုံးကောင်းများ ဇော်ထိုက်တွင် ရှိနေလေသည်။

ဇော်ထိုက်သည် ဘုန်းတော်ကြီးကျောင်းမှ သစ်တွက်၊ စပါးတွက်၊ ပဲတွက်များကိုလည်း တတ်ကျွမ်းသည်။ ပဲတစ်တင်းကျိတ်လျှင် ဆီဘယ်လောက်ရသည်ဆိုသည့် အသေးစိတ်များကို သူ သိနေ၏။

"ကျွန်တော်က သိုင်းပညာကို ကိုယ့်ကို အန္တရာယ်ပေးလာရင် ခုခံဖို့အတွက် သင်ထားတာပါ၊ တကယ်လို့ ကျွန်တော်ကြီးလာရင် စီးပွားရေး လုပ်ငန်းကို ကျွန်တော်တို့ရွာက ထွက်တဲ့ ပစ္စည်းတွေဝယ်ပြီး မြို့ဈေး တက်ရောင်းမယ်၊ ရွာမှာ ငွေကြိုပေးပြီးတော့ ပဲတွေနဲ့ ရာသီပေါ် သီးနှံတွေကို ကောက်ထားမယ်"

"အင်း . . ကိုဇော်ထိုက် စိတ်ကူးက မဆိုးပါဘူး၊ နေ့တိုင်းလဲ အလုပ်မရှိဘူး၊ မိသားစုနဲ့လဲ မကွဲမကွာ နေရ





တယ်"

ဇော်ထိုက်နှင့် ပြောခဲ့သည့်စကားများကို ယဉ်နွယ်သည် ပြန်၍ ကြားယောင်နေလေသည်။ သူမသည် အိပ်၍မရတော့။ ထိုအကြောင်းအရာများကိုသာ စဉ်းစားနေပါတော့သည်။

"အင်း . . ကိုဇော်ထိုက်ဟာ ဘာပဲပြောပြော ငါ့ကိုချစ်မှာ ကြင်နာမှာကတော့ သေချာတယ်။ သူနဲ့ငါ အတူတူနေရရင် စိတ်ချမ်းသာမှာပဲ"

လင်းကြက်တွန်တော့မှပင် ယဉ်နွယ်သည် မှေးခနဲ အိပ်ပျော်သွားလေသည်။

× × ×

အဖေဖြစ်သူ ဆရာကြီး ဦးဘမိုးအိမ်သို့ လိုက်ပါသွားသော ဇော်ထိုက်သည် နောက်တစ်နေ့တွင် ပေါ်မလာပေ။ နေ့လယ်ပိုင်းလောက်တွင် ပေါ်လာမည်ဟု ထင်ကာ ယဉ်နွယ်သည် လက်ဖက်သုပ် ၍ စောင့်မျှော်နေခဲ့သော်လည်း ဇော်ထိုက်၏ အရိပ်အယောင်ကိုပင် မမြင်ရပေ။

သိုင်းသင်တန်းသားများက နေ့လယ်ပိုင်းတွင် ရောက်ရှိလာကြသည်။

"ကဲ . . အပေါ်ကို တက်ခဲ့ကြပေ့၊ ဒီနေ့တော့ မင်းတို့ဆရာ ဇော်ထိုက်မရှိဘူးကွ၊ လာ စကားလေး ဘာလေး ပြောကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



သိုင်းသင်တန်းတက်နေသည့် လူနှစ်ဆယ်အိမ်ပေါ်ထပ်သို့ တက်သွားကြ၏။

"ဒီနေ့တော့ နားတာပေါ့ကွာ၊ ပြီးတော့ ဆရာကြီးက မင်းတို့ကို တစ်ခု ကြိုပြောထားချင်လို့"

သိုင်းသမားများ ငြိမ်နေသည်။

"သင်တန်းကို ဆရာကြီးတစ်ပတ်လောက်ပိတ်ထားမယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ မင်းတို့ဆရာ ဇော်ထိုက်နဲ့ ဆရာကြီးသမီးရဲ့ လက်ထပ်မင်္ဂလာပွဲကို ဒီအိမ်မှာပဲ ကျင်းပမှာမို့လို့"

"ကောင်းပါပြီ၊ လိုတာတွေ ကျွန်တော်တို့ တိုင်ပင်ပြီး ကူညီပါ့မယ် ဆရာကြီး"

"ဟို . . ဆရာကြီးတို့မှာ ပြည့်စုံပါတယ်။ မင်းတို့ ကူညီမယ်ဆိုရင် တောထဲက ထင်းတိုက်တာလောက်ပဲ လုပ်ရမယ် ထင်တယ်"

"မင်္ဂလာရက်က ဘယ်တော့လဲ ဆရာကြီး"

တပည့်တစ်ဦးက မေးသည်။

"အင်း . . လာမယ့် တနင်္ဂနွေဆိုပါတော့ ကွာ"

"ဟုတ်ကဲ့၊ ပျော်စရာကောင်းတဲ့ ကိစ္စပါပဲ"

သူတို့ကို သိုင်းပညာသင်ပေးနေသော ဆရာဇော်ထိုက်နှင့် ဆရာကြီး၏ သမီးယဉ်နွယ်မှာ လိုက်ဖက်သည်ဟု သိုင်းသင်သားများက ယုံကြည်ထား၏။

သူတို့ အိမ်ပြန်သွားကြသောအခါတွင်ကား မှောင်ရီသမ်း၍ အရှေ့ဘက် လှည့်ထားသော ဆရာကြီး ဦးချစ်သောင်း





၏ အိမ်ရှေ့မြေကွက်လပ်သို့ လရောင်က တဖြေးဖြေး ထိုးဟပ်လာသည်။

"ကြည့်ပါလား၊ သူကတော့ နေနိုင်လိုက်တာ၊ ဒီက မျှော်နေမယ်ဆိုတာတောင် မသိဘူးလား၊ ယောကျ်ားတွေများ သိပ်မုန်းဖို့ကောင်းတယ်၊ သူတို့အတွက် သေချာပြီဆိုရင် အနိုင်ကျင့်ချင်ကြတော့တာပဲ"

မန်းကျည်းပင်အောက်ရှိ ထိုင်ခုံလေးတွင် ထိုင်ကာ ယဉ်နွယ်က တတွတ်တွတ်ရေရွတ်နေမိလေသည်။ ထိုအချိန်မှာပင် သူမ၏ ပခုံးကို လက်တစ်ဖက်က လှမ်းကိုင်လိုက်လေသည်။

"ဟင် . ."

"ဘယ်သူ့ကို မျှော်နေတာလဲ ယဉ်နွယ်"

"ဟင် . . ကိုမင်းထင်၊ ရှင် . . ရှင် ဒါ ဘာလုပ်တာလဲ"

ဆက်၍ မပြောနိုင်တော့ပါ။ သူမ၏ ပါးစပ်ကို သတိမေ့စေသော လက်ကိုင်ပဝါကိုင်ထားသည့် လက်ဝါးဖြင့် အုပ်လိုက်သောကြောင့် ယဉ်နွယ်မှာ ပျော့ခွေကျသွားရလေတော့သည်။

× × ×

*

ခြံဝတွင် လရောင်က ထိုးနေသောကြောင့် ခြံတံခါးဝမှ မဝင်ဘဲ ခြံဘေးရှိ မန်ကျည်းကိုင်းကို ဆွဲကာ အသံမကြားအောင် မင်းထင်က သစ်ပင်အောက်သို့ ခုန်ဆင်းခဲ့ခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူနှင့်အတူ ယက္ခရွာမှ မောင်စိုး၊ ဖြူအောင်နှင့် မဲကြီးတို့ ပါလာကြလေသည်။

သူသည် ခြံထဲသို့ ဝင်လာပြီး အပေါ်ထပ်တွင် အလုံပိတ်ထားသော ကဲလားများကြောင့် သိုင်းဆရာကြီး ဦးချစ်သောင်း အိပ်ပြီဟု ယူဆခဲ့သည်။ ထို့ကြောင့် မန်ကျည်းပင်အောက်ရှိ လရောင်တွင် ထိုင်နေသောယဉ်နွယ်ကို ပါးစပ်ပိတ်ကာ ပွေ့ချီခေါ်သွား၏။

လှည်းသံ၊ နွားသံကြားရမည် ဆိုသောကြောင့် ခြေလှမ်းတစ်ရာခန့်ရှိ လမ်းကွေ့တွင် လှည်းကို ကုက္ကိုပင်အောက် မှောင်ရိပ်တွင် ရပ်ထားခဲ့ကြသည်။ မူလအစီအစဉ်အရ ဤမျှလွယ်ကူလိမ့်မည်ဟုလည်း မထင်မှတ်ခဲ့ပေ။

"ဟာ . . ပါလာပြီလား"

လှည်းပေါ်မှ မောင်စိုးက ဆွဲ၍တင်သည်။

"မြန်မြန်လုပ်၊ လူမြင်လို့ မလွယ်ဘူး၊ မျက်နှာကို အဝတ်ဖုံးပြီး လှည်းပေါ်ပါလာတဲ့ ကောက်ရိုးတွေအုပ်ထားလိုက်"

သူတို့လှည်းမှာ ထင်းရွာမှာ ကောက်ရိုးသယ်နေသော မောင်စိုးတို့လှည်းကြီးဖြစ်သည်။ ကောက်ရိုးအချို့ပါ တင်ယူလာကာ ဆရာကြီး ဦးချစ်သောင်းသမီးကို ဝင်၍ ခိုးလာခြင်းပင်ဖြစ်သည်။ သူသည် ညတွင်းချင်းပင် မြစ်ဆိပ်၌ရှိသောလှေပေါ်သို့ ထင်ကာ မြေပဲတောင်ရွာဘက်သို့ ကူးကာ ယဉ်နွယ်ကို သိမ်းပိုက်လိုက်သည်။

ယဉ်နွယ်သတိရလာမည့်အချိန်တွင် သူမ၏ ခန္ဓာကိုယ်





သည် အပျိုစင်မဟုတ်တော့ဟု သိရှိပါက အရှက်ကွဲခံကာ သူ့ကို ငြင်းဆိုမည် မဟုတ်။

သူ့ကို မချစ်သော်လည်း အောင့်ကာနမ်းရမည့် အခြေအနေသို့ ရောက်ရှိသွားရပေလိမ့်မည်။ ဆံပင်များက တလွင့်လွင့်နှင့် ဖြူအောင်မောင်းလာသော လှည်းပေါ်တွင် ထိုင်လိုက်လာသော မင်းထင်မှာ စိတ်ကူးဖဲရိုက်လာခဲ့သည်။

သူသည် သိုင်းဆရာကြီး ဦးချစ်သောင်း၏ လက်ရင်းတပည့် ဖြစ်ခဲ့သည်။ မူလကဆရာကြီးသည် သူ့ကိုသာ အရေးပေးခဲ့သည်။ ယဉ်နွယ်သည်လည်း သူ၏ နာမည်ကို ပါးစပ်ဖျားမှ မချ။

"ကိုမင်းထင် မလာသေးဘူးလား"

"ကိုမင်းထင် လာရင် ပြောပါနော်"

စသဖြင့် ယဉ်နွယ်၏ မေးသံ၊ ခေါ်သံလေးကို ကြားယောင်နေမိသည်။ ဆေးဆရာကြီးဘမိုး၏သား ဇော်ထိုက် ရောက်လာသည့်အချိန်ကစ၍ သူ့ကို ပစ်ပယ်လာကြသည်။

ဇော်ထိုက်ကလည်း ဘယ်ဘဝက သူ့အပေါ်တွင် ရန်ငြိုးရှိသည်မသိ။ အစစအရာရာ သူ့ထက်သာနေသည်။ ဇာတ်သိုင်းတွင် သူတတ်သမျှကုန်လျက် ဆရာဦးချစ်သောင်းထံမှ လျှို့ဝှက်ကွက်များကို မရရအောင်သင်သည်။

သူက လိုက်သင်သောအခါ ဆရာကြီးက သင်ပေးပါသော်လည်း သူသည် ဇော်ထိုက်ကို မယှဉ်နိုင်တော့ပါ။ ဇော်ထိုက်က ပိုမိုသွက်လက်၍ သူက သူတီထွင်ထားသော အကွက်အွေ့ရှိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး၊ လှေဆိပ်ကို ရောက်နေပါပြီ"

မောင်စိုးက ပြောလိုက်သောကြောင့် မင်းထင် သတိဝင်လာသည်။

"ဩော် . . အေး"

သူသည် ကောက်ရိုးများ ဖယ်ကာ ယဉ်နွယ်ခန္ဓာကိုယ်လေးကို မ,ကာ ထမ်းလိုက်လေသည်။ ထို့နောက် ရေဆိပ်သို့ ဆင်းလာခဲ့သည်။ လှေကလေးတစ်စီးသည် ရေဆိပ်တွင် မီးရောင်တလက်လက်ဖြင့် ဆိုက်ကပ်ထားလေသည်။ လှေပေါ်တွင် သူသည် ကျော်ပိုက်ကို အစောင့်ထားခဲ့သည်။

"ကျော်ပိုက်၊ ဟေ့ ကျော်ပိုက်၊ မီးလေးဘာလေး ပြပါဦးကွ"

ကျော်ပိုက်က ခေါင်းမြီးခြုံဖြင့် ထွက်လာပြီး မီးပြလိုက်လေသည်။ သူ၏ ကိုယ်ပေါ်တွင် မျက်နှာကို မမြင်ရအောင် စောင်က ဖုံးထားသည်။

"ကျော်ပိုက်၊ အကြံအောင်ပြီကွ၊ အလွယ်တကူပဲ ရလာတယ်"

"အင်း . ."

လှေထဲတွင် အသာအယာလှဲ၍ ယဉ်နွယ်ကို ချလိုက်သည်နှင့် ကျော်ပိုက်၏ ခြုံထားသော စောင်မှာ ကိုယ်ပေါ်က ကွာကျသွားလေသည်။

× × ×



ကျော် ပိုက်။

လှေပေါ်တွင် သူထားခဲ့သည်မှာ ကျော်ပိုက်ဖြစ်သည်။ ယခုတော့ ကျော်ပိုက်မဟုတ်ဘဲ ဇော်ထိုက်၏ မျက်နှာ ဘွားခနဲ တွေ့လိုက်ရသည်။

ဖြစ်ရပုံမှာ မင်းထင်တို့က မန်းကျည်းပင်အောက်မှ ယဉ်နွယ်ကို မေ့ဆေးဖြင့် အုပ်ကာ ခေါ်ယူသွားစဉ်မှာပင် ဇော်ထိုက်သည် ခြံတံခါးသို့ ရောက်လာ၏။ သူသည် အချိန်းအချက်လုပ်ထားသော မန်းကျည်းပင်အောက်သို့ လှမ်းကြည့်လိုက်သောအခါတွင် လဲ၍သွားသော ယဉ်နွယ်ကို မင်းထင်က ကောက်ယူကာ ထမ်းလိုက်သည်ကို တွေ့သည်။

သူတို့ခြံထဲမှ မလွယ်ပေါက်မှ ထွက်ကြသည်နှင့် အိမ်ထဲသို့ ပြေးဝင်လိုက်ရာ အောက်ထပ်သို့ ဆင်းလာသော သိုင်းဆရာကြီး ဦးချစ်သောင်းနှင့်ရင်ဆိုင်တိုးသည်။

"ဇော်ထိုက်၊ စောစောက သမီးကို ဖမ်းခေါ်သွားတာ ဘယ်သူလဲ"

လေသံဖြင့် မေးသည်။

"ကျွန်တော့်အထင်တော့ မင်းထင်တို့လို့ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"လာ ဒါဆို ဒီရွာတွေမှာကကွာ၊ ငါမသိတဲ့လမ်း နည်းပါတယ်၊ ဒီကောင်တွေ ဒီထဲမှာတော့ မနေနိုင်ဘူး၊ လှေနဲ့ တစ်ဖက်ကမ်းက မြေပဲတောင်ရွာကို ကူးကြလိမ့်မယ်ထင်တယ်၊ လာ မင်းနဲ့ ငါ လှေဆိပ်ကို ဖြတ်လမ်းကသွားပြီး ကြိုစောင့်ကြရတာပေါ့"

ဆရာကြီး ဦးချစ်သောင်းနှင့်ဇော်ထိုက်တို့သည် မြေပဲတောင်ရွာသို့ ကူးသည့် ကူးတို့ဆိပ်တွင် ဆိုက်ကပ်ထားသော လှေကြီးကို တွေ့ရသည်။

မြင်းကို ခပ်ဝေးဝေးသစ်ပင်တွင် ချည်နှောင်ကာ ဆင်း၍ လှေပေါ်သို့ ခုန်တက်လိုက်၏။

"လှေပေါ်က ဘယ်သူလဲဟေ့"

"ဗျာ . . ကျွန်တော် ကျော်ပိုက်ပါ"

"ကောင်းကွာ၊ မင်းတို့က ဟိုလူယုတ်မာကို လိုက်ကူညီကြတယ်ပေါ့လေ၊ မင်း ငါ့ရဲ့မျက်နှာကိုမှ မထောက်

"ဖြန်း"

ဆရာကြီး ဦးချစ်သောင်းက လက်ပြန်လွှဲရိုက်လိုက်သည်။

"ဇော်ထိုက်"

"ဗျာ"

"ဒီကောင်ကို ကြိုးတုပ်၊ ပါးစပ်ထဲ အဝတ်ဆို့ပြီးတော့ လှေပေါ်မှာ မှောက်သိပ်ထား၊ အသံမထွက်စေနဲ့၊ မင်းက အဲဒီတ ထိုင်စောင့်၊ မျက်နှာမမြင်ရအောင် စောင်ခြုံထား၊ မြင်းလှည်းသံကြားတယ်"





ဆရာကြီး ဦးချစ်သောင်းသည် မြင်းလှည်းသံကြားသည်နှင့် ကမ်းပေါ်သို့ ပေါ့ပါးစွာ ခုန်တက်သွားလေတော့သည်။

ထိုအချိန်မှာပင် ကျော်ပိုက်နာမည်ကို ခေါ်ကာ လှေပေါ်သို့ ယဉ်နွယ်ကိုထမ်း၍ မင်းထင် တက်လာခဲ့ခြင်းပင် ဖြစ်လေသည်။

× × ×

"ထို့ . . မင်းအကြံက ဒီလိုကိုးကွ"

"သိကြသေးတာပေါ့"

ပြောပြောဆိုဆို မင်းထင်သည် သူ၏ ခါးကြားတွင် ထိုးထားသော ပေါက်ဆိန်ကို ဆွဲထုတ်ကာ ဇော်ထိုက်၏ ခေါင်းကို ခုတ်ချလိုက်၏။

"ဒို . ."

"ထိအောင် ခုတ်ကွ"

ဇော်ထိုက်က ညာလက်နှင့် ပေါက်ဆိန်ကိုင်သောလက်ကို ဖမ်းဆုပ်လိုက်ပြီး ဘယ်ဒူးနှင့် မင်းထင်၏ ရင်ဝကို နှစ်ဆင့်ဆက်ကာ တိုက်ချလိုက်သည်။

"ဒွတ်"

"ဘုန်း"

"အင့်"



www.burmeseclassic.com

www.burmeseclassic.com



လေထဲတွင် မင်းထင် ပက်လက်လန်ကျသွားသည်။ သူတို့ဆရာကို ရန်သူက တိုက်လိုက်၍ ကူညီရန် လှေထဲသို့ ပြေးဆင်းလာသော မောင်စိုး၊ ဖြူအောင်နှင့် မဲကြီးတို့မှာ နောက်မှ အသံကြောင့် တစ်ဝက်တစ်ပျက်တွင် ရပ်တန့်သွားသည်။

"ဟေ့ . . ဒါမင်းတို့က ငါ ဆရာကို ပုန်ကန်ပြီး ဝိုက်းခွဲထူထောင်ကြတာလား"

"ဟင်"

"ဟာ"

"ဆရာကြီး"

မောင်စိုးတို့ လှည့်ကြည့်ကာ ဘာလုပ်ရမှန်းမသိတော့။ လှေပေါ်တွင်လည်း ဒူးတစ်ဖက်ထောင်၊ တစ်ဖက်ချဖြစ်လျက် ပါးစပ်ထဲမှ သွေးများ အန်ကျနေသည့် မင်းထင်မှာ ဆရာကြီး အသံကြားလိုက်ရ၍ ပိုထိတ်လန့်သွားသည်။

"ကဲ . . ပြောကြပါဦး"

"ကျွန်တော်တို့ ဆရာကြီးကို ဂိုဏ်းခွဲပြီးတော့ ရန်ဘက်လုပ်တာ မဟုတ်ပါဘူး"

"အေး . . မဟုတ်ရင်၊ မင်းတို့ ဟိုသစ်ပင်အောက်မှာ ရပ်နေ။ အဲဒီတနေ ကွဲသွားတဲ့ကောင် ငါရန်သူပဲ"

သိုင်းဆရာကြီး ဦးချစ်သောင်း၏ စကားအတိုင်း သူ့တပည့်များဖြစ်ကြသော မောင်စိုး၊ ဖြူအောင်နှင့် မဲကြီးတို့သည် ကမ်းစပ်သစ်ပင်အောက်တွင် ရပ်နေကြလေသည်။

"ဝုန်း . ."

"အား . ."





ဦးချစ်သောင်းသည် လှေဝမ်းထဲသို့ ခုန်ချလိုက်ကာ သွေးများအန်ကျနေသော မင်းထင်ကို ဆွဲထူကာ လှေနံရံတွင် တွန်း၍ ကျောမှီပေးလိုက်သည်။

"မင်းထင်၊ မင်း လုပ်ရပ်ကို မင်းသိမှာပေါ့၊ နောက်ကို မင်း ထင်းရှူး၊ ယတွေ့ရှာ၊ ရေဆိပ်ရွာနဲ့ ရိုးကြီးရွာဖက်ကို ကူးမလာနဲ့ကွာ"

"ဆရာ. . ဆရာ၊ ကျွန်တော် မှားပါတယ်၊ ကျွန်တော့်ကို သတ်ပါ ဆရာ"

မင်းထင်မှာ လက်ခုံနှင့် သွေးများကို သုတ်ပြီးနောက် လက်အုပ်ချီကာ ဦးချစ်သောင်းကို တောင်းပန်လိုက်သည်။

ဇော်ထိုက်ကတော့ ယဉ်နွယ်၏ ကိုယ်ကို မ,ကာ ပခုံးပေါ်တွင် ထမ်းလိုက်သည်။ ပြီးနောက် သူသည် သိုင်းဆရာကြီး ဦးချစ်သောင်း၏ ဘေးမှ လှေနံရံကို ကျော်ကာ ကမ်းပေါ်သို့ တက်လာခဲ့လေသည်။

ထို့နောက် တဆင့်သင့်တွေ့ရသော လှည်းပေါ်သို့ တင်ကာ လှည်းနားမှ ရပ်စောင့်နေသည်။

"မင်းထင်"

"ဗျာ . . ဆရာကြီး"

"မင်းကို ငါ အစက သိပ်အထင်ကြီးတယ်၊ စာရိတ္တကောင်းတဲ့လူလို့ ထင်တဲ့အတွက် ငါ့ရဲ့ သိုင်းအဖွဲ့မှာ မင်းကို ငါ လက်ထောက်ခန့်ထားခဲ့တယ်။ ခုတော့ မင်းက ဘဖြေးဖြေး စာရိတ္တတွေ ယိုယွင်းလာတယ်။ ဒါ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ညီမလေး ယဉ်နွယ်အပေါ်မှာ သံယောဇဉ်ကြီးမားလို့ပါ ဆရာကြီး၊ ဒါကိုတော့ ခွင့်လွှတ်စေချင်ပါတယ်"

ဆရာကြီး ဦးချစ်သောင်းက ဟားတိုက်ရယ်မောလိုက်သည်။

"သံယောဇဉ်ကြီးရင် ကိုယ်သံယောဇဉ်ရှိတဲ့ သူရဲ့ စိတ်ချမ်းသာမှုကို ရှေ့ရှုရမှာပေါ့၊ ခုတော့ မင်းက ဖွတ်အတင်း ယဉ်နွယ်ကို သိမ်းပိုက်ဖို့ ကြံတယ်၊ မင်းနဲ့ နေရတော့ရော ယဉ်နွယ် စိတ်ချမ်းသာ ပါ့မယ်"

ထိုမေးခွန်းကို မင်းထင်မဖြေနိုင်ပေ။

"ဘယ်စိတ်ချမ်းသာမလဲ၊ ငါသိတာပေါ့၊ မင်း သူ့ကို ချဉ်းကပ်တယ်၊ သူ လက်မခံဘူး၊ ဒါဆိုရင် ယောကျ်ားကောင်းတစ်ယောက်မှာ သဘောထားကြီးကြီးနဲ့ ညီမအရင်းလို ဆက်ဆံရမှာပေါ့၊ ခုတော့ ကိုယ့်ဆရာသမားရဲ့ သမီးကို . . ."

ဆရာကြီးသည် ရင်နာလွန်းသောကြောင့် စကားမဆက်တော့ပေ။

"တော်ပြီ မင်းထင်၊ မင်းနဲ့ငါ ဒီဘဝ ဒီမျှသာပဲ။ မင်း ဒီရွာတွေဘက်ကို ဘယ်တော့မှ ကူးမလာပါနဲ့၊ ကူးလာရင်တော့ မင်း ငါ့ကို အံတုတာပဲ၊ ရန်ရှာတာပဲ၊ ငါ ခု လှေကြိုး ဖြတ်လိုက်မယ်၊ မင်း ဒီအချိန်ကစပြီး ဒီဘက်ကမ်းကို ဘယ်တော့မှ မလာပါနဲ့တော့"

သိုင်းဆရာကြီး ဦးချစ်သောင်းသည် ကမ်းပေါ်သို့ ခုန်ဆင်းကာ လှေကြိုးကို ဖြတ်လိုက်ရာ လှေကြီးမှာ ရေစီးဖြင့် မျောသွားရလေတော့၏။

× ×





ဆရာရင်း တပည့်ဆိုသည်မှာ ဤ အတိုင်းပင်။

ကမ်းပေါ်တွင် ရပ်ကာ စောင့်နေခိုင်းသောကြောင့် မောင်ဦး၊ ဖြူအောင်နှင့် မဲလုံးတို့ လက်နှစ်ဘက်ကို နောက်ပစ်ကာ လမုပင်အောက်တွင် ရပ်လျက်ရှိနေကြသည်။

ဦးချစ်သောင်းသည် မင်းထင်နှင့်ကျော်ပိုက်တို့ ပါသောလှေကို ကြိုးဖြတ်၍ မျောလိုက်ပြီးမှ ကမ်းပေါ်သို့ ဘက်လာသည်။

ကမ်းပေါ်တွင် လှည်းနား၌ ဇော်ထိုက်က ရပ်ကာ စောင့်နေ၏။

လှည်းပေါ်တွင် သတိမေ့နေသော သူ့သမီး ယဉ်နွယ် ရှိနေလေသည်။ လရောင်က ထိန်ထိန်သာနေသောကြောင့် အရှေ့ဘက်လှည့်ရပ်နေသည့် မောင်စိုးတို့ မျက်နှာက် ထင်းစွာ မြင်နေရ၏။

"မောင်စိုး"

"ဗျာ"

"မင်းကို ငါတစ်ခုမေးမယ်၊ မင်းထင်က နားပူနားဆာလုပ်လို့ မင်းအိမ်က လှည်းသွားယူပေးတာ မဟုတ်လား"

မောင်စိုးမှာ ရုတ်တက်မဖြေနိုင်ပေ။ ဆရာကြီးက အပြစ်ကို ဝန်ခံလျှင်လည်း သူ့ကို ပြင်းပြင်းထန်ထန် ဒဏ်ပေးလိမ့်မည်ဟု ထင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြေလေကွာ"

"ဟုတ်ပါတယ် ဆရာကြီး။ ကျွန်တော်က သူ့ကို ကြောက်ရပါတယ်။ သူခိုင်းတာ မကူညီရင် သူက အန္တရာယ်ပေးမှာစိုးလို့"

မောင်စိုးက စိုးရိမ်သံဖြင့် ပြောသည်။

"မင်း ငါ့ဆီမှာ နေလာသေးတာပဲ၊ မင်းအကြောင်း ငါသိတာပေါ့၊ ဒါပေမယ့် မင်းရဲ့ ရိုးတဲ့၊ ကောင်းတဲ့ စိတ်ကလေးဟာ မင်းထင်ကြောင့် ပျက်ဆီးသွားပြီ"

မောင်စိုး ခေါင်းငုံ့နေသည်။

သူသည် ဆရာကြီး ဦးချစ်သောင်း၏ မျက်နှာကို မော့မကြည့်ရဲပေ။

"ဖြူအောင်"

အလယ်ခေါင်မှ အသားဖြူဖြူ ခေါင်းပွပွနှင့်လူကို ဦးချစ်သောင်းက ခေါ်လိုက်ပြန်သည်။

"ဗျာ . ."

ဖြူအောင်၏ ထူးပုံက ခြောက်သွေ့သွေ့နိုင်လှပေသည်။ သူသည် သူ့တွင် အပြစ်ရှိသည်ကို ရိပ်မိသောကြောင့် ခေါင်းငုံ့ကာ ငြိမ်နေကာမှ ဦးချစ်သောင်းက ခေါ်လိုက်၍ မော့ကြည့်လိုက်ရသည်။

"မင်းက စကားကို လေးလုံးကွဲအောင်သာ မပြောတာ မင်းလုပ်လိုက်ရင် ကြောက်စရာချည့်ပဲ"

"ဆရာ . . မင်းထင်က ကျွန်တော်ထိုင်နေတာ အိမ်ထဲက ကုပ်ကို ဆွဲခေါ်လာပါတယ်"





"ဟော . ."

"ပြီးတော့ ဓားနဲ့ လည်မင်းလည်ပင်းကို တေ့ပါတယ် ဆရာကြီး"

"အောင်မယ် ဒီအထိတောင် လုပ်သလား"

"နို့မို့ ဒါမျိုးကို ကျွန်တော် ဘယ်ကူညီပါ့မလဲ၊ ခုတော့ သူက သူနဲ့လိုက်မလာရင် ကျွန်တော့်ကို ချက်ချင်းသတ်မယ့်ပုံမို့"

"အေး ကောင်းတယ်၊ ဒီကောင် မင်းထင်ဟာ ဘာမဟုတ်တာနဲ့ ကျေးဇူးတွေကိုတောင် မေ့ကားကာပဲ"

"စော်ကားတာတော့ မပြောနဲ့ ဆရာကြီး၊ ဒီကောင်ဟာ ဆရာကြီးကိုရော၊ ဆရာကြီးရဲ့ သမီးကိုပါ ပြောလိုက်တာ ရစရာ မရှိပါဘူး"

ထိုစကားကို ပြောလိုက်သူမှာ အဆူမခံရသေးသော မဲကြီးဖြစ်သည်။

"အေး မဲကြီး၊ ပြောပါဦးကွ၊ ဘာတွေများ ပြောလို့လဲ"

"ပြန်ပြောဖို့လဲ မကောင်းပါဘူး၊ အများဆုံးပြောတာက တော့ နောက်မှ ရောက်လာတဲ့ ဆေးဆရာအားကို အထင်ကြီးပြီး ငါ့ကို ပစ်ပယ်တယ်၊ ငါ သူတို့ကို မကျေနပ်ဘူး၊ ဒါမျိုးတွေပေါ့"

သူ့ထံတွင် ပညာသင်ကြားနေစဉ်ကတည်းက မင်းထင်၏ စိတ်ဓါတ်ကို သိပ်မကြိုက်လှပါ။

သူသည် စိတ်ထား ကောက်ကျစ်၍ မည်သည့်အရာမဆို လျှို့ဝှက်ကာ လုပ်တတ်ကြောင်း၊ သူ၏ စပါးအား မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြံတတ်ကြောင်းကိုလည်း ဦးချစ်သောင်းက သိနေသည်။

"အေးကွာ၊ မင်းတို့က ဒီတစ်ကြိမ်ဆိုတော့လဲ ငါက ခွင့်လွှတ်ရမှာပေါ့၊ မောင်းစိုးလှည်းပေါ်တက်မောင်း၊ နောက်ကို ဒီကောင့်အကြံနောက် မလိုက်နဲ့၊ လိုက်ရင် မင်းတို့အကုန် လူဆိုးဓားပြဖြစ်ကုန်မယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

× × ×

ဆရာကြီးက ဤမျှ နားလည် ခွင့်လွှတ်လိုက်ခြင်းကိုပင် လျှင် မောင်စိုး၊ ဖြူအောင်၊ မဲလုံးတို့ ကျေနပ်ဝမ်းသာသွားသည်။

"ဆရာကြီး၊ ကျွန်တော်တို့ ဒီကပဲ သွားတော့မယ် ခုလို ကျွန်တော်တို့ မှားယွင်းတာ ခွင့်လွှတ်တဲ့အတွက် ဆရာကြီးကို ကျေးဇူးတင်ပါတယ်"

လသာသာတွင် တပည့်နှစ်ဦးက ထိုင်၍ ကန်တော့သည်။

မောင်စိုးကတော့ လှည်းပေါ်ရောက်နေ၍ မပါ။ ဖြူအောင်နှင့်မောင်မဲတို့ကို ဦးချစ်သောင်းက . . .

"အေး . . ဆရာကြီးသင်ပေးထားတဲ့ပညာနဲ့ ငါ့တပည့်တွေ တရားမျှတပြီး အများအကျိုးဆောင်တဲ့အလုပ်တွေ လုပ်နိုင်ကြပါစေကွာ"





"တက် . . မောင်ဇော်ထိုက်"

ဇော်ထိုက်က လှည်းပေါ်တက်လိုက်သည်။ လှည်းပေါ်တွင် ကောက်ရိုးက ရှိနေသည်။ ဇော်ထိုက်သည် ကောက်ရိုးလှည်းပေါ်တွင် ခေါင်းထားပါက ကြမ်းတမ်းမည် ဖိုးသောကြောင့် ယဉ်နွယ်၏ မျက်နှာလေးကို မ,ကာ သူ၏ ပေါင်ပေါ်သို့ တင်လိုက်လေသည်။

ယဉ်နွယ်သည် ပဒိုင်းသီးအရည်နှင့် ဒဖါစင်ပြုလုပ်ထားသော မေ့ဆေးရည်က ပြေသွား၍ သတိရလာသည်။ လှည်းက တအိအိမောင်းနေသည်။

ယဉ်နွယ်က သူ ဘယ်ရောက်နေပါလိမ့်ဟု စဉ်းစားနေသည်။ စကားသံတစ်သံက ပေါ်လာ၏။ ထိုအသံမှာ သူ့အဖေ၏ အသံဖြစ်သည်။

"နေပါဦးမောင်စိုးရဲ့ မင်းတို့လာတာ လှည်းသံလဲ မကြားရဘူး၊ ဘယ်သူက သမီးကို မေ့ဆေးနဲ့အုပ်ပြီး ခေါ်လာတာလဲ"

လှည်းမောင်းနေသော မောင်စိုးက . . .

"ဘယ်သူရှိမလဲ၊ ကိုမင်းထင်ပဲပေါ့"

"ကောင်းရောကွာ"

ထိုအခါတွင် ညနေက မန်ကျည်းပင်အောက်ရှိ ထိုင်ခုံတွင် သူမထိုင်နေခဲ့စဉ်က ဖြစ်ရပ်ကို သတိရလာမိသည်။ သူမသည် သတိရလာသော်လည်း မထသေးဘဲ ဇော်ထိုက်၏ ပေါင်ပေါ်တွင် ခေါင်းအုံးကာ စကားပြောသံများကို နားစွင့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကလဲ လမ်းမှာ မိတ်ဆွေတစ်ယောက်က မတွေ့တာကြာလို့ စကားပြောနေတာနဲ့ နည်းနည်း နောက်ကျသွားတာ၊ နှမ်းမှီဆို ကျွန်တော်နဲ့ကိုမင်းထင် ဒီခြံထဲမှာ တွေ့ကြတာပေါ့"

ဖော်ထိုက်က သူ့အဖြစ်ကို ပြောရင်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။ ထိုလက်သီးကို သတိရနေသော ယဉ်နွယ်က ဆုပ်ကိုင်လိုက်လေသည်။

"ယဉ်နွယ် သတိရပြီလား"

"ရပါပြီ၊ ဖေဖေတို့ ပြောတာ နားထောင်ပြီး လိုက်လာတာ"

"ကံသီလို့ပေါ့ သမီးရယ်"

× × ×

ရပ်ဝေးလှေ၊ ရွာဝေးလှေ မင်္ဂလာဆောင်ရှိပြီဆိုလျှင် အကျီချုပ်ကြ၊ ထင်းတိုက်ကြ၊ သွားကြလာကြနှင့် ရွာထဲမှာ စည်ကားလာသည်။ ရွာထဲတွင် သို့မဟုတ်ပါက ကိုယ့်အလုပ်ကိုယ် လုပ်ကာ ပဲခင်းသွားသူ၊ တောတက်သူ၊ ဝါးခုတ်သူတို့နှင့် အလုပ်ကတိုးလျက်ရှိနေမည် ဖြစ်သည်။

တွေ့ရာနေရာများတွင်လည်း မင်္ဂလာဆောင်သတင်းကို ပြောကြဆိုကြသည်။

"သိုင်းဆရာကြီး ဦးချစ်သောင်းသမီးလေး လက်ထပ်





တော့မယ် ဆိုပဲ"

"ဘယ်သူ့နဲ့လဲ"

"သူနဲ့ လက်ထပ်မှာကလည်း သိုင်းသင်တန်းကျောင်းက လက်ထောက်ဆရာလို့ ပြောတယ်"

"ဟုတ်မှာပေါ့၊ ဟိုအရှေ့ပိုင်းက ဆေးဆရာကြီးသားပဲ ဖြစ်လိမ့်မယ်။ မင်္ဂလာဆောင်နေ့တော့ အလုပ်နားမှ ဖြစ်မယ်"

"နားရမှာပေါ့၊ ကိုယ့်ရွာထဲက လုပ်တာ၊ ရှောင်နေလို့ ဘယ်ကောင်းမှာမလဲ"

ရွာသူရွာသားတို့သည် ရွာထဲတွင် ကိစ္စရှိပါက ဝိုင်းကြိတိုးကြကူကြသည့်အတိုင်း မင်္ဂလာမဆောင်မီ တစ်ရက်မှာပင် မဏ္ဍာပ်ထိုးပြီးသွားသည်။ မဏ္ဍာပ်ကလည်း ဝါးခုတ်သူက ခုတ်၊ ဝါးရက်သူက ရက်နှင့် ညှိသည်များ နေရာထိုင်စရာပါ ဝါးနှင့် ခြံထဲတွင် လုပ်ကြသည်။

ထမင်းရုံ၊ ထမင်းရုံဆိုသည်က မင်္ဂလာပွဲမတိုင်ခင် သုံးလေးရက်လောက်ကပင်လျှင် လာရောက်ကူညီလုပ်ကိုင်ပေးသော ကာလသားများ၊ ကာလသမီးများကို ချက်ပြုတ်ကာ ကျွေးမွေးနေသည်။ သူ့အိမ်က ဟင်းတစ်မျိုး၊ ကိုယ့်အိမ်က ဟင်းတစ်မျိုးနှင့် အလှူအိမ်မှ ချက်သော ငါးခြောက်ထောင်းမွှေနှင့် ချဉ်ရည်ဟင်းကို စားကာ ထမင်းမြိန်ကြလေသည်။

တပျော်တပါးဖြင့် တက်ညီလက်ညီလုပ်ကြကိုင်ကြလေသည်။ အလှူနေ့တွင်ကား ဖျာပုံဈေးမှ ဝယ်လာသော ဝက်သားနှင့် ဆိတ်သားတို့ကို အိုးကြီးများနှင့် ချက်ပြုတ်ပါလေတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ သတို့သမီးနှင့် သတို့သားကလည်း မြို့မှာကဲ့သို့ ဆံပင်မိတ်ကပ်များ ပြင်ဆင်စရာမလို၊ ရွာမှလာသောဧည့်သည်များကို စောင့်ကြိုကာ သိပ်လည်းမရိုး၊ သိပ်လည်းမဆန်းသော ဝတ်စုံဖြင့်ပင် ဧည့်ခံသည်။

ထိုကဲ့သို့ လူစည်ကားစွာဖြင့် မင်္ဂလာပွဲကို ဦးချစ်သောင်း၏ အိမ်တွင် ကျင်းပနေစဉ်မှာပင် ရေဆိပ်ရွာရှိ ဝါးတဲတားပေါ်တွင် ဆောက်လုပ်ထားသော အရက်ဆိုင်တွင် မင်းထင်နှင့် ကျော်ပိုက်တို့မှာ ထိုင်ကာ အရက်သောက်လျက်ရှိသည်။

"ကျော်ပိုက်"

"ဗျာ"

"မင်း ကြားရတဲ့ သတင်းအရ ဆိုရင် ဒီနေ့ဟာ မင်္ဂလာဆောင်နေ့ပေါ့"

"ဟုတ်တယ်"

"တောက် . . ဝါမကျေဘူး။ ငါကတော့ မစားရတဲ့ အမဲ ကို သဲနဲ့ပက်ရမှာပဲ ကျော် ပိုက်ရေ။

× × ×

အစဉ်အလာအားဖြင့်တော့ သမီးပေးသမက်ယူ ဟူသော သဘောဖြင့် သိုင်းဆရာကြီးနှင့် ဆေးဆရာကြီးတို့မှာ သား နှင့်သမီးကို လက်ထပ်ပေးစားကာ စိတ်ချမ်းသာသွားကြသည်။





ပထမတော့ သိုင်းဆရာကြီး ဦးချစ်သောင်း၏ အိမ်တွင်ပင် ဇော်ထိုက်နှင့် ယဉ်နွယ်တို့ နေထိုင်ကြသည်။ သိုင်းဆရာကြီး ဦးချစ်သောင်းသည် သမီးကို သူ့ဆန္ဒအတိုင်း လက်ထပ်ပေးစားလိုက်ရ၍ ဆန္ဒပြည့်ဝသွားသောကြောင်းလားမသိ။ သူ၏ လူကြီးရောဂါမှာလည်း ယဉ်နွယ်လက်ထပ်ပြီးသည်နှင့် ပိုဆိုးလာလေသည်။

သူတို့နှစ်ယောက် ဂရုစိုက်နေသည့် ကြားမှပင် မစားနိုင်မသောက်နိုင် ဖြစ်လျက် အိပ်ရာ ထဲတွင် လဲလေတော့သည်။ ဆေးဆရာကြီး ဦးဘမိုးသည်လည်း အကောင်းဆုံးဆေးများဖြင့် ကြိုးစားကာ ကုသပေးသည်။

သို့သော် ဝဋ်နာကံနာဆိုသည့်အတိုင်း ငယ်စဉ်ကတည်းက တပည့်များကို သိုင်းပညာသင်ပေးတိုင်း ခန္ဓာကိုယ်ကို ပြင်းထန်စွာ လှုပ်ရှားခဲ့သော သိုင်းဆရာကြီးမှာ ယဉ်နွယ်နှင့် ဇော်ထိုက်တို့ လက်ထပ်၍ သုံးလကြာသော် ဦးချစ်သောင်းမှာ အိပ်ရာ ထဲတွင် လဲလေတော့သည်။

ဦးချစ်သောင်း ဖြစ်သည့် ရောဂါမှာကား လူကြီး ရောဂါခေါ် ဒူလာသွေးဝမ်းကဲ့သို့ဝမ်းမျိုး။ သွားလိုက် အစားကမဝင်လိုက်ဖြင့် အားက ကုန်လာသည်။

"အဖေ အစားကို ဝင်အောင်စားပါ၊ အစားဝင်မှ အဖေ အားရှိမှာပေါ့"

ခေါင်းအုံးဖြင့် ကျောကိုခုပေးကာ ယဉ်နွယ်က ဦးချစ်သောင်းကို ဆန်ပြုတ်တိုက်နေရင်း ပြောလိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com



ဦးချစ်သောင်းက ခေါင်းခါလိုက်သည်။

"ဖေဖေမှ မစားချင်တော့တာပဲ သမီးရယ်၊ ဖေဖေဟာ ဘာမဆို အင်မတန်ဖွဲ့ရှိတဲ့ သတ္တိရှိတဲ့လူပါ"

ဦးချစ်သောင်းက သူ၏ဘဝကို သတိရကာ ပြောလိုက်သည်။

"ဟုတ်ပါတယ် ဆရာကြီး၊ ဒါကြောင့် ဆရာအားတင်းပြီး အစားစားပါ၊ အစာဝင်သွားရင် ဆရာကြီး အားရှိလာပါလိမ့်မယ်"

"မဟုတ်ဘူး မောင်ဇော်ထိုက်၊ ဦးလေးရဲ့ အသက်က ခုနှစ်ဆယ်ကျော်နေပါပြီ၊ သေသွားလို့လဲ ဘာမှ အကြောင်းမထူးပါဘူး"

"ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ ဆရာရယ်၊ ကိုယ့်ကိုယ်ကို အားတင်းထားမှပေါ့၊ ဒါမှ ရောဂါကလဲ သက်သာမှာပေါ့"

"ဟုတ်ပါတယ် အဖေ၊ ဆန်ပြုတ်သောက်လိုက်ပါဦး"

ဦးချစ်သောင်းက ခေါင်းခါပြသည်။ ထိုနေ့မှစ၍ ဦးချစ်သောင်းသည် အစာလုံးဝမစားတော့ပေ။

× × ×

နံနက်စောစောတွင် သမီးနှင့်သ မက်က ဦးချစ်သောင်းကို တယုတယမျက်နှာသစ်ပေးကြသည်။





ဇော်ထိုက်က ရေခွက်ထဲတွင် ရေနွေးရောလျက် ယဉ်နွယ်က မျက်နှာသုတ်ပုဝါဖြင့် နှစ်ကာ အသာအယာ သုတ်ပေးလေသည်။

"မင်းတို့လဲ ဒီလိုလုပ်ပေးရတဲ့ဝဋ်က ကျွတ်တော့မှာပါ"

"ဒီစကားမျိုးမပြောပါနဲ့ အဖေရယ်၊ သမီးတို့က အဖေ့အတွက် ဘာလုပ်ပေးရ ပေးရပါ"

"ဟုတ်တယ်၊ သမီးနဲ့ဟောဒီက သားရဲ့စေတနာကို အဖေသိပါတယ်။ ဒါပေမယ့် အဖေ့တို့ အမျိုးတွေက သေရမယ့် အချိန်ကို သိတယ်"

ထိုစကားကြောင့် ဇွဲအားသင့်သွားလေသည်။ ယဉ်နွယ်က အံ့ဩလျက် . . .

"ဘယ်လို သိတာလဲ အဖေ"

"သမီးလဲ မှတ်ထား၊ အဖေ့ရဲ့ အဖေအမေတွေ ဦးလေးတွေ သေကာနီးရင်လဲ ဒီတိုင်းပဲ မျက်လုံးမှိတ်ထားလိုက်ရင် နေလုံးနီနီရဲရဲကြီးကို မြင်ရတယ်။ အခု ဘယ်အချိန် မျက်လုံးမှိတ်နေနေ အဖေ အဲဒီမီးလုံးလိုလို၊ နေလုံးကြီးကိုပဲ မြင်နေရတယ်"

ဇော်ထိုက်သည် ယုံရခက်၊ မယုံရခက် ချက်နှာဖြင့် ကြည့်လျက်ရှိလေရာ . . .

"မယုံမရှိနဲ့ မောင်ဇော်ထိုက် မင်းကိုတစ်ခုပဲ မှာချင်တယ်"

"ပြောပါ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို မင်းထင်ဟာ အနှောင့်အယှက်ပေးနိုင်တယ်။ သူ့ကို အမြဲသတိထားပါ။ သူ့ရွာထဲမှာ သွားတာ လာတာမြင်တာနဲ့ ဂရုစိုက်ပေတော့။ ဒီကောင်ဟာ စိတ်ထားမကောင်းဘူး။ မင်းကို လက်စားချေချင်တဲ့စိတ်မျိုးရှိနိုင်တယ်"

"စိတ်ချပါ ဆရာ၊ ဆရာမောနေပြီမယ်။ စကားသိပ်မပြောပါနဲ့"

"အင်း . . မှာချင်တာကတော့ ဒါပါပဲ၊ သမီးကိုတော့ဘာမှ ပြောစရာမရှိဘူး။ သမီးလဲ ကိုယ့်လင်ယောကျ်ားပေါ်မှာ ဝတ္တရားကျေအောင်နေထိုင်ပါ"

စကားဆုံးသည်နှင့် သိုင်းဆရာကြီး ဦးချစ်သောင်းမှာ မျက်လုံးများ မှိတ်သွားလေသည်။ အသက်မှန်မှန်ရှူ၍ နေသောကြောင့် အိပ်ပျော်သွားသည်ဟု ထင်မှတ်လျက် သူတို့နှမ်ဦး အခန်းပြင် ထွက်လာကြသည်။

"နှယ်ရေ၊ ဖေဖေ့ကို ဂရုစိုက်နော်၊ ကိုဇော် မြေပဲခင်းတို ခဏသွားမယ်"

"ရတယ် ကိုဇော်၊ သွားပါ"

ထိုနေ့ညနေမှာပင် သိုင်းဆရာကြီး ဦးချစ်သောင်းတလောကကြီးကို စွန့်လွှတ်သွားတော့သည်။

× × ×





အားရပါးရ မြူစူးရပြီး မိမိလက်ပေါ်မှာပင် ဆုံးသွားရှာသော ဖခင်ကြီးအတွက် ယဉ်နွယ်မှာ သိပ်တော့ မငိုဖြင်တော့။

"ခုလို ဖြစ်သွားတာပဲ ဖေဖေ့ဝဋ်ကျွတ်တာပေါ့ ကိုထိုက်ရယ်၊ နို့မို့ သူများထူမှ ထ၊ သူများကသေးတွေချေးတွေ ကျုံးပေးနေရတာကိုး"

ယဉ်နွယ်က သူ့မဖခင်၏ ပြင်ဆင်ထားသော ရုပ်အလောင်းကိုကြည့်လျက် မျက်ရည်သုတ်ကာ ပြောလိုက်လေတော့သည်။

ရွာထဲက သိုင်းဆရာကြီး ဦးချစ်သောင်းနှင့် ခင်မင်သော မိတ်ဆွေအဖိုးကြီးက . . .

"ဟုတ်ပါတယ် သမီးရယ်၊ လူဟာ ကိုယ့်အရိုးကိုယ် မသယ်နိုင်တဲ့နောက်တော့ မြန်မြန်သေတာ ကောင်းပါတယ်။ နို့မို့ ပြုစုနေတဲ့ သားတွေသမီးတွေ ဒုက္ခပေးထားသလို ဖြစ်နေတယ်"

ဟု ပြောလိုက်၏။

ရပ်ရွာခလေ့(၃)ရက်ထားကာ ဦးချစ်သောင်း၏ ဆွေမျိုးများစုံသည်နှင့် ထင်းသုသာန်၌ မြေမြှုပ်ကာ သင်္ဂြိုဟ်လိုက်ကြလေတော့သည်။ ဦးချစ်သောင်းမရှိတော့သည့်အခါ ဆေးဆရာကြီး ဦးဘမိုးက သားနှင့်သမီးကို သူနှင့်လာရောက်နေထိုင်ရန် ပြောဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယဉ်နွယ်မှာလည်း ဤအိမ်တွင် ဆက်နေသမျှ ဖခင်ဖြစ်သူကို သတိရ၍နေရာ ရွာအနောက်ပိုင်းမှာ ရွာအရှေ့ပိုင်းသို့ ပြောင်း၍ နေရန် ဆုံးဖြတ်လိုက်၏။ ရွာရှေ့နှင့် ရွာနောက် ကိုယ့်အိမ်ကိုယ် စိတ်မချ၍ လာကြည့်နေရလျှင်လည်း အလုပ်ရှုပ်သည်။

"ကိုဇော်"

"ဘာလဲ နွယ်"

"နွယ်တော့ တစ်ခုစဉ်းစားမိတယ်"

"ဘာများလဲ နွယ်"

"နွယ်တို့ကို အခု ကိုဇော့်ဖေဖေက လာနေဖို့ ခေါ်တယ် မဟုတ်လား။ အဲဒီတော့ ကိုဇော်ရယ် ဒီအိမ်နဲ့ ခြံဝင်းကို နွယ်တို့ ပြန်ရောင်းရရင် မကောင်းဘူးလား"

"ဪ နွယ်ရယ်၊ မိဘလက်ငုတ်လက်ရင်း၊ ငွေလဲလိုတာမှ မဟုတ်ဘဲ၊ နွယ်လဲ နွယ့်မိဘကို အလွမ်းပြေ လာချင်တဲ့ အခါ လာလို့ ရတာပေါ့"

ယဉ်နွယ်က ခေါင်းခါလိုက်သည်။

"တော်ပါပြီ၊ နွယ်သံယောဇဉ် ဖြတ်တော့မယ် ကိုဇော်၊ ဒီအိမ်ရောက်တိုင်း ဖေဖေ့ကို သတိရနေမှာပဲ၊ ဖေဖေနဲ့ နေခဲ့တာတွေ၊ ပြောခဲ့တာတွေ အမှတ်ရနေရင် ဝမ်းနည်းနေရမှာပဲ"

"ဒါဆိုလဲ နွယ့်သဘောပဲ"

ယဉ်နွယ်၏ သဘောအတိုင်းပင် ကျယ်ဝန်းလှသော အိမ်ဝင်းကြီးနှင့် အိမ်ကြီးကို ရောင်းချလိုက်လေ တော့သည်။





မိဘအမွေပစ္စည်း ဘီရိုကြီးများ၊ အိုးခွက် များကို လှည်းလေးငါးစီးနှင့်တိုက်ကာ အရှေ့ပိုင်း ထင်းရှားရှိ ဆေးဆရာကြီး ဦးဘမိုးအိမ်သို့ သယ်ယူသွားကြသည်။ အိမ်နီးချင်းများကလည်း စိတ်မကောင်းသော မျက်နှာနှင့် နှုတ်ဆက်ကြလေသည်။

ဦးချစ်သောင်းနှင့် ယဉ်နွယ်တို့ ပိုင်သော အိမ်နှင့်ခြံကို ဝယ်ယူလိုက်သူမှာ ခြံချင်းကပ်မှ လယ်ပိုင်ရှင်တစ်ဦးဖြစ်ရာ ထိုအိမ်နှင့်ခြံကို သဘောကျနေသည်မှာ ကြာပြီဖြစ်ပေတော့သည်။

ရောင်းပြီးပြီ ဆိုပေမယ့် ကိစ္စရှိလို့ ရွာနောက်ပိုင်းကို ရောက်တဲ့အခါ ဝင်ပြီး ညအိပ်ညနေ တည်းခိုနေနိုင်ပါတယ် ဟု ဆိုရှာသည်။ ယဉ်နွယ်ကတော့ ရောင်းပြီးသည့် အိမ်ကို ပြန်၍ မကြည့်ချင်တော့ပေ။

ထို့ကြောင့် လှည်းပေါ်မှ နောက်ဆုံးအကြိမ်အဖြစ် မန်ကျည်းပင်နှင့် အိမ်ကြီးကို ကြည့်ကာ မျက်ရည်သုတ်လိုက်မိလေတော့၏

× × ×

*

ဆေးဆရာကြီး ဦးဘမိုးက သူ့တပည့်များနှင့် နေထိုင်ရာ ချွေးမနှင့်သားတို့ ရောက်လာသောအခါ တပည့်များက ပစ္စည်းများကို အိမ်ပေါ်သို့ ကူသယ်ပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇော်ထိုက်၏ သိုင်းသင်တန်းများကလည်း လှည်းနှင့် ပစ္စည်းများ ကူညီကာ သယ်ယူပေးသောကြောင့် အဆင်ပြေ လွယ်ကူခြင်းပင် ဖြစ်လေ သည်။

အိမ်သစ်သို့ ရောက်၍ စိတ်ပြောင်းသွားသောကြောင့် လားမသိ၊ ယဉ်နွယ်မှာ ရွှင်ရွှင်ပျပျဖြစ်လာသည်။ ဆေးဆရာကြီး ဦးဘမိုးက သူ့ဝါသနာအတိုင်း ခြံကျယ်ကြီးထဲတွင် ဂမုန်းများ၊ ဆေးပင်များနှင့် ပန်းပင်များ စိုက်ထားရာ ထိုအပင်များကို ကြည့် ခြင်းဖြင့် ယဉ်နွယ်သည် အပန်းပြေနေလေသည်။ ပန်းပင်များ ကြားတွင် သစ်သားထိုင်ခုံရှိသည်။

ထိုသစ်သားထိုင်ခုံလေးများမှာ ညနေပိုင်းတွင် ဆေး ဆရာကြီး ဦးဘမိုးထိုင်၍ အပန်းဖြေ တတ်သည့် နေရာပင် ဖြစ်လေသည်။ သို့သော် ယခုတော့ ပန်းခြံထဲသို့ သိပ်မဆင်းဖြစ် တော့။ ဆေးမြစ်လိုချင်သော အချိန် ၌သာ ဆင်းဖြစ်လေတော့ သည်။

ဆေးဆရာကြီး ဦးဘမိုးအိမ်သို့ရောက်ပြီး တစ်လမပြည့် မီမှာပင် ယဉ်နွယ်သည် သွေးသားပြောင်းလာ၏။ အော့ချင် အန်ချင်သလို ဖြစ်လာသည်။ တစ်ခါတစ်ရံ ခေါင်းမူးကာ လဲကျ မလို ဖြစ်သည်။

"နွယ်. . သတိထားမှပေါ့နွယ်ရယ်၊ ဘာဖြစ်တာလဲ"

ကုတင်ပေါ်မှ အဆင်းတွင် ယိုင်သွားသောယဉ်နွယ်ကို ဖမ်း၍ ဆွဲလိုက်ရင်း ဇော်ထိုက်က မေးလိုက်သည်။

"ခုတလော တစ်ချက် တစ်ချက် ခေါင်းသိပ်မူးတယ်"





"အင်း . . သွေးအားနည်းသလား မသိဘူး၊ မေမေ ပြန် လာရင် ပြကြည့်ဦးမှ၊ ကဲ နွယ် ကုတင်ပေါ်မှာ လှဲနေဦးနော်"

"အင်း"

သူ့မိန်းမကို တွဲကာ ဇော်ထိုက်က ကုတင်ပေါ်တွင် ပြန် လှဲသိပ်လိုက်၏။ ယဉ်နွယ်က မျက်လုံးများ မှိတ်ထားလေသည်။

"သိပ်မူးနေလား နွယ်"

"အင်း . . မျက်လုံးဖွင့်ရင် မူးတယ်"

"ဒါဆို ငြိမ်ငြိမ်လေး နေနော်"

ယဉ်နွယ်သည် ငြိမ်သက်စွာ သူမ၏ နဖူးကို လက်မနှင့် လက်ညှိုးညှပ်ကိုင်ကာ ခေါင်းမူး၍ မျက်နှာရှုံ့နေလေသည်။ ထို နေ့က ယဉ်နွယ်မှာ ထမင်းလည်း ထ၍ မစားပေ။

ညနေပိုင်းတွင် ဆေးဆရာကြီး ဦးဘမိုးသည် ပြန်၍ ရောက်ရှိလာလေသည်။

အခါတိုင်းဆိုလျှင် ချက်ပြုတ်လုပ်ကိုင် နေသော ယဉ်နွယ်ကို တွေ့ရလေသည်။ ယနေ့တွင်ကား ယဉ်နွယ်ကို မတွေ့ရ။

ဦးဘမိုးကလည်း ယဉ်နွယ်ကို သမီးလေး တစ်ယောက် လိုပင် ချစ်ခင်လေသည်။

"သား . . သမီးတရော ဘယ်သွားပြီလဲ"

"ဖေဖေ့သမီး အိပ်ရာထဲမှာ၊ မနက်စာလဲ မစားဘူး၊ ခေါင်းမူးလို့ဆိုပြီး အိပ်နေတယ်"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဆေးအိတ်ကိုချကာ ခြေများလက်များ ဆေးလိုက်၏။ ထို့နောက် ဇော်ထိုက်နှင့် ယဉ်နွယ်တို့ အိပ်သော အခန်းထဲသို့ ဝင်လာလေသည်။

ထိုအချိန်တွင် ယဉ်နွယ်သည် နိုး၍ လာလေသည်။

"ဟော . . ဖေဖေပြန်လာပြီ"

"အေး . . သမီးခေါင်းမူးနေလား"

"ဟုတ်တယ် ဖေဖေ"

လက်ကိုဆွဲယူကာ သွေးစမ်းကြည့်လိုက်လေသည်။

"ဘာမှ မဖြစ်ပါဘူးသမီး၊ သမီးရဲ့ဗိုက်ထဲမှာ ကလေးလေးတစ်ယောက်ရှိနေပြီ"

"ရှင် . ."

× × ×

ယဉ်နွယ်မှာ ကိုယ်ဝန်ရှိသည့်အတွက် မိသားစု တစ်ခုလုံး ဝမ်းသာသွားကြလေသည်။ ကလေးလေးတစ်ဦး၏ အသံကို ကြားရတော့မည် ဟူသော အတွေးဖြင့် ဇော်ထိုက်မှာ အလွန်ဝမ်းသာသွားလေသည်။ ဇော်ထိုက်သည် ယဉ်နွယ် ကိုယ်ဝန်ရှိသည့် အချိန်မှစ၍ ဘာအလုပ်မှ မလုပ်စေတော့။

ထမင်းချက်ဟင်းချက်တို့ကိုပင် သူတို့နှင့် တစ်အိမ်ကျော်မှ ဒေါ်နှင်းကို ခေါ်ထားလိုက်သည်။ ဒေါ်နှင်းမှာ မကြာခဏ





ဦးဘမိုးတို့ အိမ်ကိစ္စများကိုလာ၍ လုပ်ကိုင်ပေးလေ့ရှိသော အဒေါ်ကြီး ဖြစ်၏။

ဦးဘမိုးနှင့် မောင်နှမဝမ်းကွဲလောက် တော်သည်။ သူမသည်လည်း သားသမီးမရှိ၊ ယောကျ်ားဆုံးပြီးသည်နှင့် တစ်ကိုယ်တည်း နေထိုင်သော အမျိုးသမီး ဖြစ်သည်။

"အဒေါ်ရယ်၊ ယဉ်နွယ်မမွေးမချင်း အိမ်မှာပဲနေပါ။ ဘာလိုလို ကျွန်တော်အဒေါ့်ကိစ္စတွေ လုပ်ကိုင်ပေးပါ့မယ်"

"အေးပါ ဇော်ထိုက်ရယ်၊ ဒေါ်နှင်းသဘောပေါက်ပါတယ်၊ အလုပ်ကိုသာ စိတ်ချလက်ချသွားပါ"

ဇော်ထိုက်သည် မြေပဲခင်းများ၊ ကုလားပဲခင်း စားတော်ပဲခင်းများကို တိုးချဲ့ဝယ်ယူကာ ပိုမိုစိုက်ပျိုးသည်။ ပြီးနောက် သူ့ ခြံမှသာမဟုတ်၊ အခြားခြံများမှ ထွက်သည့် ဟင်းသီးဟင်းရွက်နှင့် ပဲများကို သိမ်းယူကောက်ကာ မြို့သို့ တက်၍ ရောင်းလေသည်။

ငွေရင်းငွေနှီးရှိခြင်းကြောင့် ဇော်ထိုက်မှာ အလုပ်ကြိုးစားသလောက်ပင် အောင်မြင်လာသည်။ သူ့လက်ထဲတွင် ငွေပြတ်သည်ဟူ၍ မရှိတော့။

"ကိုဇော်ထိုက်တို့များ ပါးစပ်တစ်ပေါက်တိုးမယ် ဆိုတာနဲ့ အလုပ်ကို ကြိုးစားလိုက်တာ ငွေတွေ ထားစရာမှ ရှိသေးရဲ့လားရှင့်"

"ဟာဗျာ၊ သားလား သမီးလား မသိရသေးတော့ ငွေရှာရတာပေါ့၊ မွေးပြီးတော့မှ ယောကျ်ားလေးဆို အကြောင်း မဟုတ်ဘူး။ မိန်းကလေးဆို ဒီထက်ပိုပြီး ကြိုးစားရဦးမှာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့တော် ဟုတ်ပါ့၊ အဖေကြီး ဖြစ်လာတော့မှာ ဆိုတော့ ပျော်နေမှာပေါ့"

အိမ်နီးချင်းများက ဇော်ထိုက်ကို နောက်ကြ ပြောင်ကြလေသည်။ ဇော်ထိုက်သည်လည်း အလုပ်လုပ်ရသည်ကို ပင်ပန်းသည်ဟူ၍ မထင်မှတ်မိချေ။ ဤသို့ဖြင့် ယဉ်နွယ်၏ ကိုယ်ဝန်သည်လည်း တဖြေးဖြေး လရင့်၍ လာခဲ့လေသည်။

ဒေါ်နှင်းသည် ယဉ်နွယ်ကို တွေ့ကာ လမ်းလျှောက်ရင်း

"ဝမ်းဆွဲသည် ဒေါ်ညိုကြီးပြောသလိုဆိုရင် ဒီရက်ပိုင်း မွေးမှာပဲ၊ မောင်ဇော်ထိုက်က ညအိပ် ခရီးသွားဖို့ မကောင်းတော့ဘူး'ဟု ပြောလိုက်သည်။

"ဒီတစ်ခါ ပြန်လာရင်တော့ ကျွန်မပြောပါ့မယ်၊ ဒေါ်နှင်းနဲ့ ဖေဖေတို့လဲ ရှိတာပဲ၊ ကျွန် မ အားမငယ်ပါဘူး"

"ဇို . . ဘယ်ဟုတ်မလဲကွယ်၊ ကိုယ့်ယောက်ျားရှိနေတော့ ပိုပြီးတော့ အားရှိတာပေါ့၊ မဟုတ်ဘူးလား"

ထိုသို့ ပြောဆိုနေကြစဉ်မှာပင် ယဉ်နွယ်သည် ဗိုက်ထဲမှ ရစ်၍ နာလာလေတော့သည်။

"ဒေါ်ဒေါ်"

"ကျွန်မ ဗိုက်ထဲက တစ်မျိုးပဲ"

"ဟော့ . . အဲဒါဆို ဗိုက်နာတာ ဖြစ်မှာ၊ အဲဒါကြောင့် ပြောတာပေါ့၊ ဒီအိမ်ပေါ်မှာ နံရံကို မှီပြီး ခဏထိုင်နေဦးနော် ဒေါ်ညိုကြီးသွားခေါ်မယ်"

"မြန်မြန်လုပ်ပါ ဒေါ်ဒေါ်"

× × ×



ထိုနေ့ ညနေပိုင်းမှာပင် ယဉ်နွယ်သည် သမီးကလေး တစ်ဦးကို မွေးဖွားလေသည်။ ဇော်ထိုက်ကလည်း ထိုညနေက မြို့မှ ပြန်လာသောကြောင့် အတော်ပင်ဖြစ်သည်။ သူသည် ကလေးအကျီများ၊ ဘောင်းဘီများနှင့် အနွေးထည်များကို ကြိုတင်စုဆောင်းထားရာ မွေးပြီးသော အခါ်လောက်ပင် ဖြစ်နေလေသည်။

"အမလေး . . ကလေးအဖေက ဝယ်ပြီးတော့ ခန့်မှန်းခြေကောင်းပါလား။ သူ့သမီးဝတုတ်နဲ့ သူဝယ်ထားတာတွေ အတော်ပဲ"

ယဉ်နွယ်၏ ကလေးကို ယဉ်နွယ်ပင် သိပ်မချီရ။ တော်ကြာ ဖိုးဖိုးဦးဘမိုးကချီလိုက်၊ ဇော်ထိုက်ကလဲ ကလေးကို လက်ထဲက မချ။

"ဝါး . . ဝါး . . ဝါး"

ကလေးက ဇော်ထိုက်လက်ထဲမှ ထကာအော်လေသည်။

"ကိုဇော်ရယ် ကလေးက နို့ဆာပြီး အိပ်ချင်နေပြီ ပေးပါ"

ယဉ်နွယ်က ဇော်ထိုက်၏ လက်ထဲမှ ကလေးကိုဆွဲယူ



www.burmeseclassic.com

www.burmeseclassic.com



ကာ နို့တိုက်လိုက်မှ ကလေးက အငိုတိတ်သွားသည်။

"သားဦးအရှုံ"ဆိုသည့် အတိုင်းပင် မိဘများမှာ ကလေးငယ်လေးကို ရူးမတတ်ချစ်လေသည်။ ဇော်ထိုက်သည် ယခင်ကလို ဈေးကို မှန်မှန်သွားကာ ကုန်များမရောင်းတော့။ သမီး၏ အနားမှာပင် တဝဲလည်လည်နှင့်နေလေသည်။

"ကိုဇော်"

"ဟင်"

"ဒီနေ့ မြေပဲနှုတ်တဲ့လူတွေ လာမယ်ဆို"

"အေး အေး ဟုတ်သားပဲ၊ အဲဒါ အိမ်ထဲကို လှည်းနဲ့တိုက်သိမ်းပြီး မနက်ဖြန်မှ မြို့ဈေးမှာ တက်ရောင်းရမှာ၊ ငါကလဲ သမီးနဲ့တွေ့ရင် အရာအားလုံး မေ့တော့တာပဲ"

"ကဲ . . သမီးကိုပေး၊ ကိုယ့်အလုပ် ကိုယ်သွားလုပ်ပါ"

"ရော့ . . နှယ်သတိပေးပေလို့"

သည်တော့မှ ဇော်ထိုက်သည် နွားလှည်းတွင် နွားများတပ်ကာ မြေပဲခင်းထဲသို့ မောင်းချ၍ လာခဲ့၏။ မြေပဲနှုတ်သမားများကို ငွေရှင်းပေးရမည်။ ပြီးတော့ မြေပဲလှည်းတိုက်ရမည်။

နေပူလျှင် သိပ်မကောင်း။

ဇော်ထိုက် မြေပဲခင်းထဲသို့ ရောက်သောအခါ မြေပဲနှုတ်ပြီးသားများက လှည်းနှစ်စီးတိုက်စာ ရှိနေလေပြီ။

"ကိုဇော်ထိုက် ဒီနေ့ ရောက်လာပါ့မလားလို့ နေတောင် အတော်ပူနေပြီ"

"ဟုတ်တယ်ဗျာ၊ သမီးက ကပ်နေလို့"





"အံမယ် သမီးက ကပ်တာလား၊ အဖေက ကပ်တာလား"

"အင်း . . ကျွန်တော်က ကပ်တာလဲ ပါတာပေါ့ဗျာ"

"ဟား ဟား ဟား ဟား"

မြေပဲနှုတ်သူများက တဝါးဝါးဖြင့် ပွဲကျသွားကြလေသည်။

"မြို့ကိုလဲ တက်ပါဦးတော့၊ မြို့ဈေးက တော်ယူလာတဲ့ အလုကုန်တွေ မသုံးရတာတောင်ကြာပြီ"

ဇော်ထိုက်က ပေါင်ဒါ၊ မျက်နှာချေ စသည့် အလှကုန်များကို မြို့မှ သယ်လာပြီး ရွာတွင် အမြတ်တင်၍ ရောင်းတတ်လေသည်။

× ×
*

ဇော်ထိုက်နှင့် ယဉ်နွယ်တို့ ကလေးတစ်ယောက်ဖြင့် အိမ်ထောင်ရေး သာယာစိုပြေနေသလောက် ယက္ခရွာတွင် ရောက်ရှိနေသော မင်းထင်မှာကား လူဆိုးဓားပြများကို ခေါင်းဆောင်သော ခေါင်းဆောင်ဓားပြကြီးတစ်ဦး ဖြစ်နေလေသည်။

"ဟေ့ . . ဘနိုင်၊ တိုတစ်နေ့က ပေးတဲ့သတင်းက အမှန်ပါလားကွ"

ဘနိုင်ဆိုသူမှာ အရပ်ပုပု၊ အသားမဲမဲနှင့် ဖြစ်၍ လူသတ်မှုကို အကြိမ်ကြိမ် ကျူးလွန်သူလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမှန်ပါပဲ ဆရာမင်းထင်၊ ဒီနယ်ဘက်ကို ရာဇဝတ်ဝန်ထောင် ဆင်းလာလိမ့်မယ် ပြောတယ်"

ဘနိုင်၏ စကားကြောင့် မင်းထင်၏ မျက်နှာမှာ ရှုံ့မဲ့သွားလေသည်။

"ဒါဆိုရင် ပင်လယ်ဘက်က ရွာတွေမှာ တို့ လှည်းနားလို့ မရတော့ဘူး၊ ဘနိုင်၊ သက်ခိုင်၊ ဒေဝနဲ့ ကျော်အေးရော"

"ဒီကောင်တွေကတော့ အစောကြီးကြိုလစ်သွားပါပြီ ဆရာမင်းထင်၊ ဒေဝဆိုရင် ထင်းရွာကိုတောင် ရောက်သွားပြီ"

ထင်းရွာဆိုသောအသံကြောင့် မင်းထင်၏ မျက်နှာမှာ တင်းမာသွားလေသည်။

"ဟေ့. . ထင်းရွာကို ငါသွားမယ်၊ ဟိုမှာ ဒေဝရှိနေတယ်ဆိုရင် အတော်ပဲ"

"ဆရာပဲ ထင်းရွာကို ငါ ဒီတစ်သက် မသွားတော့ဘူးဆို"

မင်းထင်က စားပွဲပေါ်သို့ ညာခြေတစ်ဖက်တင်လိုက်သည်။

"အေး. . အဲဒါ ငါ ဆရာကြီး ဦးချစ်သောင်း အသက်ရှင်စဉ်က ပြောတာ၊ ခုတော့ ဆရာကြီးလဲ အသက်မရှိတော့ဘူး၊ ဆရာကြီးရဲ့ မျက်နှာကို ငါဟာ ထောက်ထားစရာ မလိုတော့ဘူး ပေါ့ကွာ ဟား ဟား ဟား"

မင်းထင်က ရက်စက်ကောက်ကျစ်စွာ ရယ်မောလိုက်လေသည်။ သူသည် စားပြတိုက်ရင်း ဆွဲလာခဲ့သော မိန်းကလေးငယ်ငယ်ရွယ်ရွယ်တို့ကို နှမချင်းမစာနာ ဖျက်ဆီးပစ်သည်။





မင်းထင်ကြောင့် ဘဝပျက်သွားသော မိန်းမပျိုများလည်း မနည်းတော့ပြီ။ ပင်လယ်ပိုင်းရွာများတွင် သူ့ကိုယ်သူ "တိမ်ပေါ်ကကျား" ဟု နာမည်ပေးထားရာ တိမ်ပေါ်ကကျားဆိုသောအသံကို ကြားရလျှင် မိန်းကလေးများမှာ နေစရာမရှိအောင်ပင် ကြောက်ကြရသည်။

× × ×

*

ပစ္စည်းလည်းရှိ၊ ငွေလည်းရှိ၍ မိန်းမချောလေးများပါ ရှိသော လူကုံထံအိမ်ဆိုလျှင် မင်းထင်က မျက်စေ့ကျတော့သည်။ သူသည် အားကိုးအားထားပြုရသော သူ့တပည့်များကို ထန်းလျက်၊ ပုန်းရည်ကြီးနှင့် ဆီးတော်ဖီ အစရှိသော ဆေးညာကုန်များကို ရောင်းသည့် ဈေးသည်အသွင်ကိုဆောင်၍ လှည့်လာစေသည်။

ကျေးလက်တောရွာများ၌ အိမ်အနေအထား၊ ခြံဝင်းအနေအထားမှ အစပြု၍ ပတ်ဝန်းကျင်၏ စကားပြောသံ ဆိုသံကို နားထောင်ကြည့်လျှင် ချမ်းသာသောအိမ်ကို ရှာရသည်မှာ ဘာမျှ ခက်ခဲသော အလုပ်မဟုတ်ပေ။ ဒေဝသည် ထိုတာဝန်ကို ယူ၏။

ဒေဝကို စေခိုင်းရာတွင်လည်း အသေအချာ မှာလိုက်သည်။

"ဒေဝ ငါ့အကြောင်းကို မင်းသိတယ်နော်၊ ငွေကြေးနည်းနည်းနဲ့ နာမည်ပျက်ခံပြီး မတိုက်ချင်ဘူး။ ပြီးတော့

www.burmeseclassic.com



မိန်းမချောကလည်း အဆင်သင့် ရှိနေမှ"

"ဆရာကလည်း အကောင်းကြိုက်ပဲ့ဗျာ"

"ဟ . . လူဆိုတာ မကောင်းမှု ကျူးလွန်ပါပြီ ဆိုမှတော့ နည်းနည်းလေးလုပ်ပြီး များများခံရမယ့် အလုပ် လုပ်ပါ့မလား ကွ"

တစ်ခါက စပယ်ခင်းရွာတွင် ရှိသော သူဌေးကြီး ဆိုသူမှာ လယ်ပိုင်ရှင် ဖြစ်လေသည်။ ထိုလယ်ပိုင်ရှင်ကြီး၏ အိမ်တိုသူတို့ ဓားပြတိုက်ဖို့ ပြင်ဆင်ကြသည်။ ထိုလယ်ပိုင်ရှင်ကြီးတွင် နှင်းခက်ဟူသော သမီးချောလေးတစ်ဦး ရှိ၏။

နှင်းခက်မှ ထိုအချိန်က အလှတွေကြွယ်လှသော အချိန်ဖြစ်၍ ဒေဝမှာ သူ့ဆရာအကြိုက်မှန်း သိသွားသည်။ ထို့ကြောင့် ဓားပြတိုက်ရမည့်အိမ် ရွေးချယ်ပြီး ဖြစ်ကြောင်း ပြောကြားလိုက်သည်။

"ကောင်းပြီဒေဝ၊ မင်း ရွေးရင် မှားခဲပါတယ်။ အဲဒီအိမ်က လူတွေ အခြေအနေနဲ့ အင်အားကို ပြော"

"လူတွေကတော့ နည်းနည်းများတယ် ဆရာမင်းထင်၊ ဒါပေမယ့် ဒီလူတွေက ညဆယ်နာရီမှာ အဲဒီရွာထဲကို ပြန်ကြတယ်"

"လယ်ပိုင်ရှင်ဆီမှာ သူတို့က ဘာလာလုပ်ကြတာတုန်း"

"သူတို့က ချေးထားတဲ့ငွေတွေ အတိုးလာပေးတယ်။ ပြီးတော့ ငွေချေးဖို့လူက နောက်ဆုံးအထိ စောင့်ရတယ်"

"ကဲ . . ဒါဆို မင်းဖျက်ကို အဲဒီလယ်ပိုင်ရှင်ရဲ့ အိမ်နေရာပုံစံကို ကောင်းကင်မြေပုံဆွဲပြစမ်းကွာ"





အိမ်ထဲရှိ အခန်းများကို အမိုးဖွင့်၍ ကြည့်လျှင် ကောင်းကင်မှ မြင်ရသည့်ပုံအတိုင်း အခန်းများကို ပိုင်း၍ ပြလိုက်သည်။

"ဒါက ခြံစောင့်တဲ့ နေရာ"

"ဒါက လယ်ပိုင်ရှင်ကြီး အိပ်တဲ့နေရာ"

"ဟောဒါကတော့ ဆရာမင်းထင် လိုချင်ပါတယ်ဆိုတဲ့ နှင်းခက်အိပ်တဲ့ အခန်းပဲ"

"ခဏနေဦး"

နှင်းခက်အိပ်သည့်အခန်းဘေးတွင် ပြူတင်းပေါက်ရှိမရှိ၊ လှေကားအထစ်ရေ၊ နောက်ဘက်ဝင်လျှင် မည်သို့အနေအထားရှိသည်ကို သေချာစွာမေးသည်။

ထို့နောက် ထိုညမှာပင် ရွာထိပ်ညောင်ပင်၌ ကန့်တော့ပွဲထိုး၍ ဖယောင်းတိုင်များ ထွန်းကာ ရွာစောင့်နတ်ကို ဘောင်းပန်ရသည်။ သူတို့၏ ဓားများကို မြေပြင်တွင် ပဲ၍ စိုက်ထိုက်၏။

ဓားများထောင်နေသည်။

ဒါဆိုရင်တော့ ဒီရွာကို ဓားပြတိုက်၍ ရပြီ။

ညောင်ပင်အောက်တွင် သူတို့သည် လဝင်သည့် အချိန်အထိ စောင့်နေလေသည်။ လသာတိတ်ဆိတ်လျက် ရွာလမ်းတွင် မှောင်မဲနေသောအခါ ဝက်ရုံနက်များကို ခေါင်းစွပ်ထားသော လူတစ်စု ဝင်လာကြသည်။

ခဏအတွင်းမှာပင် လယ်ပိုင်ရှင်ကြီး၏ အိမ်တွင် ဝုန်းဝုန်းဒိုင်းဒိုင်း အသံများ ကြားရသည်။ မီးတိုင်အောက်တွင် ဓားများကို မြင်လိုက်ရ၍ ပါးစပ်ပိတ်ကာ လယ်ပိုင်ရှင် လင်မယားက လက်အုပ်ချီကာ တောင်းပန်လိုက်သည်၊

www.burmeseclassic.com



"ဘာမှ မရှိပါဘူးကွယ် မလုပ်ပါနဲ့"

"အဲဒီ မရှိတာတွေကို ဒီပုဆိုးထဲမှာ ထည့်စမ်း၊ ကျုပ်တို့ ရှာလို့တွေ့လို့ကတော့ သေပြီသာမှတ်၊ ဒီအဖိုးကြီးနဲ့အဖွားကြီးကို ကြိုးတုပ်၊ အခန်းတွေထဲမှာ ဘယ်သူရှိသလဲ၊ ကြိုးတုပ်ပြီး အပြင်ထုတ်လာခဲ့"

မကြာမီ နှင်းခက်ဆိုသော မိန်းမချောလေး မင်းထင်ရှေ့သို့ ရောက်လာသည်။

"အားလုံး ကြမ်းပေါ် မှောက်နေနော်၊ မော့ကြည့်ရင် သေနတ်ထိမယ်"

ဟု ပြောကာ နှင်းခက်ကို လက်ဆွဲကာ ခေါ်လာခဲ့သည်။

"လွှတ် . . ကျွန်မကို လွှတ်"

× × ×
*

ထင်းရွာသို့ ဒေဝရောက်ရှိလာချိန်တွင် ဆေးဆရာကြီး ဘမိုးသည် သူ၏ ခြံကို လူငှားများခေါ်ကာ ဝင်းအသစ်ကာရံ လျက်ရှိသည်။

"သေချာလုပ်ကြဟေ့၊ ငါ့မြေးက မတ်တတ်ပြေးနေပြီ။ ခြံလုံမှ ဖြစ်မယ်။ ခွေးတွေ ကြောင်တွေ တိုးမရအောင် အောက်ခြေကိုသာ လုံအောင်ပိတ်"

ဆေးဆရာကြီးကို ရိုသေကြသော ရွာထဲမှ လူများသည် ဝင်းခြံကို ဝါးပိုးဝါးများ လွှာထားသည့် ဝါးကာပ်နှင့် အလုံပြစ်





အောင် ပိတ်ကာ ရက်လုပ်နေကြသည်။ အားလုံးမှာ လူပေါင်း ၁၀ ယောက်ထက် နည်းမည် မဟုတ်။

ကျယ်ဝန်းသော ခြံကြီးကို ရှေ့မှ တစ်ယောက်၊ နောက်မှတစ်ယောက် ခေါင်းဆောင်ကာ ထောင့်ချိုးများမှအစ စနစ်တကျလှပအောင် ပိတ်လျက် ရှိနေကြလေသည်။

ဒေဝသည် လမ်းပေါ်မှ လူတစ်ယောက် ဖြတ်သွားသည်ကို မေးလိုက်သည်။

"ဒီအိမ်ကြီးက ဘယ်သူ့ အိမ်ကြီးလဲဗျ"

"ခင်ဗျား မသိဘူးလား၊ ထင်းရွာမှာ နာမည်ကြီးတဲ့ ဆေးဆရာကြီး ဆရာဘမိုးဆိုတာ သူပဲပေါ့"

"အော်"

သူသည် ထင်းရွာကို လာခဲ့စဉ်က ဤဆေးဆရာကြီး၏ နာမည်ကို မင်းထင်က သေသေချာချာ ပြောကြားလိုက်သော်လည်း မေ့သွားခဲ့သည်။

"ဆရာဘမိုး"

"အင်း . . ဘမိုးဆိုတာ ဆရာမင်းထင်ရှာခိုင်းတဲ့ အိမ်ပဲ၊ ဆရာမင်းထင်က အဲဒီအိမ်ကို ထင်းရွာမှာ တွေ့ရင် ခုချက်ချင်း လာပြောတဲ့၊ ငါ့ အတွက် အရှုံးမရှိနိုင်ဘူး၊ ဒီအချိန်လောက်ဆိုရင်  ရဲ အဖွဲ့တွေလဲ ပင်လယ်ပိုင်းကို မဆင်းသေးပါဘူး"

သူသည် တစ်ယောက်ထဲ တွေးတောလိုက်သည်။ ထို့နောက် လမ်းအခြေအနေနှင့် အိမ်ပတ်ဝန်းကျင်တွင် ရှိသော အရာများ အားလုံးကို အကဲခတ်ကြည့်သည်၊ ယခင်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ဆေးဆရာကြီး ဘမိုးနေခဲ့သော အိမ်ဟောင်းကို အသစ်ပြုပြင်နေခြင်း ဖြစ်ကြောင်းလည်း သိခဲ့ရလေသည်။ ဒေဝသည် ထိုနေ့ညနေမှာ မင်းထင်ရှိနေသော မြေပဲတောင်ရွာသို့ လှေတစ်စင်းငှားကာ ပြန်လာခဲ့သည်။ ဒေဝပြန်ရောက်သည့် အချိန်တွင် မြေပဲတောင်ရွာရှိ တောအုပ်အတွင်းမှာ မင်းထင်သည် ဒဏ်ရာဒဏ်ချက်များဖြင့် လဲနေလေသည်။

"ဟင် ဘယ်လို ဖြစ်ရတာလဲ ဆရာမင်းထင်"

"ဘယ်လိုဖြစ်ရမှာလဲကွာ၊ ဟိုကောင်မ နှင်းခက်ပေါ့"

"နှင်းခက်က ဆရာ့ ဇနီးပဲ"

"လူတွေက အဲဒီလို ထင်ကြတာပဲ၊ ဒါပေမယ့် နှင်းခက်ဟာ ငါ သူ့ကို အနိုင်ကျင့်ပြီး ယူထားတာဆိုပြီး ရန်ညိုးထားနေတယ်။ ဒီနေ့တော့ ငါ့တပည့်တွေက အပြင်သွားတုန်း ငါ့ကို ဓားနဲ့အဆက်မပြတ်ထိုးတာ သုံးချက်တိတိ ထိသွားတယ်"

"ဘယ်လို ထိုးတာလဲ"

"ကျောဘက်က ထိုးတာကွ၊ အား အား ကျောဘက်မှာ ဒဏ်ရာတွေချည်းပဲ"

နှင်းခက်သည် သူတို့အိမ်မှ ရွှေတွေငွေတွေကို ဓားပြရောက်လာပြီး သူ့ကိုပါ အနိုင်ကျင့်အပိုင်စီးခဲ့သော မင်းထင်ကို ရန်ညိုးကြီးစွာ ထားခဲ့လေသည်။ ထို့ကြောင့် ၁၀ရက်ခန့် အကြာတွင် ဤ ကဲ့သို့ မင်းထင် ရေချိုးရာ အပေါ်အင်္ကျီချွတ်နေတုန်း နောက်မှ ဓားနှင့် သုံးလေးချက်ဆင့်ကာ ထိုးပြီး ထွက်ပြေးသွားခြင်းပင် ဖြစ်လေတော့သည်။





ရေချိုးသည့် စဥ့်အိုးဘေးတွင် ဘစောင်းလဲနေသော မင်းထင်ကို ပွေ့ယူကာ ဒဏ်ရာများကို ဆေးကြောကြည့်သောအခါ ကံကြီးသောကြောင့် ဗိုက်ထဲမှ အူများ၊ အသဲများကို မထိဘဲ ကျောပြင်ကို ဖေါက်နေသည့် ဒဏ်ရာများကို တွေ့ရလေသည်။

"အော် နှင်းခက်၊ နှင်းခက် နာမည်နဲ့ လူ မလိုက်အောင် ကြမ်းတမ်းလိုက်တာကွယ်"

ဆေးထည့်ကာ ပတ်တီးစည်းသည်ကို ခံရင်း "တိမ်ပေါ်ကကျား" မင်းထင်မှာ နှင်းခက်ကို စွဲလမ်းစွာ ရေရွတ်နေလေသည်။

× × ×

*

"ဆရာက ကိုယ့်အပေါ်မှာ ဒီလောက်ရက်စက်တာကို နှင်းခက်ကို မမေ့နိုင်သေးဘူးလား"

"ဟာ . . သူ့ရဲ့ အပြုအစု၊ အယုအယတွေကလဲ မမေ့လောက်အောင်ပဲ ငါ့ပေါ်မှာ ကောင်းခဲ့တာကိုး၊ မ‌ာင်းကတော့ မရှိဘူး၊ ဒီကောင်တွေ ပြန်လာရင် မေးကြည့်ပါသား၊ ငါနဲ့ တစ်သက်လုံး အတူနေတော့မယ့် ဇနီးလောင်းပဲ"

"ဟား ဟား ဟား ဟား ဒီတစ်ခါတော့ တိမ်ပေါ်ကကျားဆိုတဲ့ဆရာ၊ တိမ်ပေါ်က ဆင်နဲ့တွေ့ပြီပေါ့၊ မိန်းမဟာ မိန်းမပေါ့ဗျာ၊ ဘာများ မွဲ့နွဲ့စရာ ရှိသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ဒေဝ၊ ငါလဲ မိန်းမတွေကို တွေ့ဖူးပေါင်း များပြီပေါ့၊ ဒါပေမယ့် နှင်းခက်က စကားပြောချိုတယ်၊ စိတ်သဘောကောင်းတယ်၊ ငါသူ့ကို လိုက်ရှာရမယ်။ အား ဖြေး ဖြေး၊ ဖြေး ဖြေး"

ခန္ဓာကိုယ်ကို ပတ်ထားသည့် ပတ်တီးကို ဆွဲကာ တင်း လိုက်သောကြောင့် မင်းထင်မှာ ညည်းညူကာ တောင်းမန်လိုက် ရသည်။

"မဖြစ်သေးပါဘူး၊ ဆရာ ဒီတိုင်း နားနေဦး၊ ဆေးတွေကို သွားရှာလိုက်ဦးမယ်"

"ဟေ့အေး ဒေဝ၊ မသွားနဲ့ဦး"

"ဘာဖြစ်လို့လဲ ဆရာ"

"ဟာ . . ဟိုကောင်မ ငါ့လာသတ်နေပါဦးမယ်ကွာ၊ ငါ့ဆီက ကောင်တွေ လာမှ မင်းသွားပါ"

ဒေဝသည် ထင်းရှူးရွာမှ အကြောင်းကို ပြောပြရန် ရှိသော် လည်း လောလောဆယ် ဒဏ်ရာကြီးနှင့် ဆရာမင်းထင်မှာ မည်သို့မျှ လုပ်ဆောင်နိုင်မည် မဟုတ်ဟု ရိပ်မိကာ မပြောတော့။

သူသည် မျက်လုံးမှိတ်ကာ နာကျင်နေသော တဲတွင်းရှိ မင်းထင်၏ အိပ်ယာဘေးမှာ ထိုင်ကာ ပိုလိုစီးကရက်တစ်လိပ် ကို မီးညှိဖွာရှိုက်နေလေသည်။

မီးခိုးများက တလူလူလွင့်တက်နေသကဲ့သို့ ဒေဝသည် လည်း အုန်းခြံထဲမှာရှိသော သူ၏ မိန်းမနှင့် ကလေးငယ်လေးကို သတိရနေသည်။ သူသည် ဒုစရိုက်လုပ်ငန်းကို လုပ်ကိုင်လျှက်





ဆက်ကာ မနေချင်တော့။ ဒုစရိုက်သမားဘဝသို့ သူရောက် သည်မှာ လောင်းကစားကြောင့်ပင် ဖြစ်သည်။

"ရှင် ဒီလောင်းကစားကို ဝါသနာပါရင် အိမ်ကို ဘယ် တော့မှ ပြန်မလာခဲ့နဲ့။ လောင်းကစားပြတ်ပြီဆိုမှ ပြန်လာခဲ့"

သူတို့ရွာမှာ အုန်းခြံထဲတွင် ရှိသည်။ တစ်ရွာလုံးသည် တံငါလုပ်ငန်းနှင့် အုန်းလုပ်ငန်းကြောင့် စီးပွားရေးလည်း အဆင် ပြေသည်။ ဘာမျှ ပူစရာမရှိပေ၊ သူတို့သည် ပါးပြဘဝဖြင့် ဝရမ်းပြေး လုပ်နေ၍ မသင့်တော်ကြောင်း ရိပ်မိသည်။

× × ×
*

"ဒီမှာ ဒီထက်ကောင်းတဲ့ အခွင့်အရေးရှိမလား ဒေဝ၊ မင်းစဉ်းစားကြည့်စမ်း၊ အခု မင်း ဓားပြတိုက်မှာက ကုန်းပေါ်မှာ မဟုတ်ဘူးကွာ၊ လှေပေါ်မှာ နားလည်လား"

အိပ် ရာထဲမှ မထနိုင်သည့် "တိမ်ပေါ်ကကျား"ဟု သူ့ကိုသူ ဘွဲ့ခံထားသည့် မင်းထင်သည် သူ့အိပ် ရာကုတင်ဘေး တွင် လက်နောက်ပစ်ကာ ရပ်နေသူ လေးဦးကို ကြည့်လိုက် သည်။

သူသည် နှင်းခက်က ဓားနှင့် ထိုးထားသော ဒဏ်ရာ များက ရင်းနေသောကြောင့် ပက်လက်လည်း အိပ်မရ တစောင်းအိပ်နေသည့် အချိန်မှာပင် ခေတ်တော်အနေခက် နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လှေပေါ်မှာဆိုတာက ဟုတ်ပါတယ် ဆရာ မင်းထင်ရယ်၊ ဒါပေမယ့် ညမဟုတ်ဘဲ နေ့လည်ကြောင်တောင်ဆိုတော့လဲ ဝင်ရထွက်ရသွားရလာရ ခက်တယ်"

မဲလုံးက မြစ်ထဲက အခြေအနေကို သိ၍ ပြောဆိုလိုက်သည်။

"မဲလုံး၊ ဇော်အေး၊ တိုက်မောင်း"

"ဗျာ . . ဆရာပြေပါ"

"မင်းတို့က လှေတစ်စင်းရှာကွာ၊ ပြီးတော့ စောင့်ကြည့် ဒီမိန်းမကြီးတွေက ငါးသလောက်ပိုက်ချရင် မြစ်ထဲမှာပဲ နေတာများတယ်"

"ထမင်းစားတာတောင်မြစ်ထဲမှာပဲ စားတာ ဟုတ်တယ်မို့လား ဆရာ"

ဇော်အေးက ဝင်၍ပြောလိုက်၏။

"ဟုတ်တယ် ဇော်အေး၊ ဒီတော့ မင်းတို့ အရင်း အနှီးတော့ နည်းနည်း စိုက်ထုတ်ရမယ်၊ လှေကို သုံးလေးရက်လောက်ငှားပြီး မြစ်ထဲက စောင့်နေရမယ်"

"မြစ်ထဲမှာ နှစ်ရက်သုံးရက်ဆိုရင် ရဲ ဘက်က ပတ်တရောင်နဲ့ တွေ့တော့ ဘယ့်နှယ်လုပ်မလဲ"

"ပတ်တရောင်နဲ့ တွေ့တော့လဲ တံငါလှေပေါ့ကွာ၊ ငါးတွေ ဘာတွေ ဖမ်းလို့ ရချင်ရ မရရင်လဲ ကောင်းတဲ့ငါးတွေကို တံငါလှေတွေဆီက ဟင်းစားအတွက်လိုလို့ များများဝယ်သွား၊ ရော့ မင်းတို့ ဒီလောက်ဆို လောက်ပါတယ်ကွာ"





ဇော်အေးရှိရာသို့ သူ့အိပ်ကပ်ရာ အောက်မှ ငွေစက္ကူကို နှိုက်ကာ ပစ်ပေးလိုက်သည်။ လှေငှားရန်နှင့် လိုအပ်သမျှ စီစဉ်တာ ရေပေါ်ကစ္စာမှ ငါးသလောက်ပွဲစား ဒေါ်ရွှေ၏ တစ်ပိသာ နီးပါးရှိသော ရွှေများကို ဖေးပြတိုက်ရန် အတွက် ဖြစ်လေသည်။

ဒေါ်ရွှေသည် လူမြင်သူမြင် ကြွားလိုသောကြောင့် သူ၏ ရွှေများကို ငါးသလောက် လိုက်ချသော လှေပေါ်သို့ ဝတ်ဆင်လာခဲ့ခြင်းက သူမ၏ အန္တရာယ်ကို သူမဖိတ်ခေါ်လာခဲ့ခြင်းပင် ဖြစ်တော့၏။ ထိုသတင်းကိုဇော်အေးက ထောက်လှမ်းရရှိလာသည်။

ရွှေဆိုလျှင် အသေကြိုက်သော ဘိမ်ပေါ်ကကျား က ဒေါ်ရွှေ၏ ခန္ဓာကိုယ်မှ လက်ကောက်များ၊ လက်စွပ်များ၊ နားကပ်၊ ရွှေဘီးနှင့် ငှကျပ်သားကျော်ကျော်ရှိသော ရွှေဆွဲကြိုးတို့ကို တိုက်ခိုက်ရယူရန် အစီအစဉ်ဆွဲနေခြင်း ဖြစ်လေသည်။

"ကဲ . . အစီအစဉ်ကို ဘယ်နေ့ လုပ်မလဲ"

မင်းထင်က မေးသည်။

"ဒီနေ့ပဲ လှေငှားမယ်၊ ငါးဖမ်းဘဲ့ပစ္စည်းတွေပါ ငှားရမယ်၊ ပြီးတော့ မြစ်ထဲမှာ တ ခြားတံငါလှေတွေနဲ့ အတူ ကွာနေရမယ်"

"ကောင်းတယ်၊ ဒါပေမယ့် မင်းတို့လှေရဲ့အပြင်ကို သိပ်မထွက်နဲ့ တ ခြားတံငါလှေတွေက မြစ်ထဲမှာ ဆုံနေကျဆိုတော့ လူချင်းသိတယ်။ တတ်နိုင်ရင် မင်းတို့ ခပ်ဝေးဝေးမှာနေ၊ နေ့ဘက်ကို ငါးသလောက်တွေနဲ့ သယ်ပြီး သူ့အလုပ်သမားတွေ



www.burmeseclassic.com

www.burmeseclassic.com



သွားတုန်းကို လှေပေါ်ကို တက်နိုင်အောင် ကြိုးစား"

"ဟုတ်ကဲ့ စိတ်ချပါ ဆရာမင်းထင်"

သူသည် အစီအစဉ်ချကာ ငွေထုတ်ပေး၍ သမားတော်ကို မျှော်နေလေသည်။

× × ×

*

"ဆရာ . . ဆရာမင်းထင်"

ဒေဝက အပြေးအလွှား တောအုပ်ထဲ ဝင်လာလေသည်။

"ဘာလဲကွ၊ ဘာဖြစ်တာလဲ၊ မင်းပထွေးတွေ နောက်က လိုက်လာလို့လား"

"ဟုတ်တယ် ဆရာ၊ ကျွန်တော့် ပထွေးထက်ဆိုးတယ်။ အခုဟာက ရဲတွေ မြေပဲတောင်ရွာထဲ ရောက်နေပြီ ပြောတယ်၊ မကြာခင် ဒီတောအုပ်ကို ဝင်မွှေမယ်လို့ သတင်းရတယ်"

"ဟိုကောင်တွေရော"

"ဟိုကောင်တွေကတော့ မြစ်ထဲမှာ၊ ကျွန်တော့်ကိုလဲ ဆရာမင်းထင်ကိစ္စကို မင်းကြည့်စီစဉ်လိုက်ဆိုပြီးတော့ ပြန်လွှတ်လိုက်တာ"

"အေး . . ကောင်းကွာ၊ ငါကလဲ ထလို့ မရဘူး"





"ရပါတယ်။ ဆရာမင်းထင် အချိန်မရှိဘူး၊ ဆရာ ဒီမှာ ဆက်နေရင်တော့ ရဲတွေ လက်ထဲ ရောက်သွားမှာ သေချာတယ်၊ ကဲ . . ဘာတွေ ယူစရာ ရှိသလဲ"

"ငါ့ ငါ့ အိပ်ရာအောက်မှာ ငွေတွေရှိတယ် ပြီးတော့ ငါ့လွယ်အိတ်၊ အဲဒါပါ ယူခဲ့၊ အား . . ကျွတ် ကျွတ်"

မင်းထင်သည် ကျောမှဒဏ်ရာများကြောင့် အိပ် ရာမှ မထနိုင်ထနိုင်ဖြင့် လက်ထောက်၍ ထသည်။ ဒေဝမှာ လူကောင်ကြီးမားလှ၍ ခွန်အားရှိသူလည်း ဖြစ်သည်။

သူသည် ငွေများကို လွယ်အိတ်ထဲသို့ ထိုးကာ ထည့်လိုက်သည်။ ပြီးနောက် လွယ်အိတ်ကို လွယ်လိုက်သည်။

ပြီးသည်နှင့် "ကျွန်တော် ဆရာမင်းထင်ကို လမ်းသွားမှ ဖြစ်မယ်" ဟု ဆိုကာ ပခုံးပေါ်တင်ကာ ခေါက်ချိုးသိမ်းလိုက်သည်။

"အား . . နာတယ်၊ အနာတွေကို ဆွဲတင်း ပိုက်သလို ဖြစ်နေတယ်ကွာ"

"ဒီလိုမှ မလုပ်ရင် မဖြစ်ဘူး၊ ရွာထဲက ဖြတ်လို့ မဖြစ်ဘူး၊ မြစ်ဆိပ်ကို ဒီအတိုင်း သွားရမှာပဲ၊ ဆရာ မင်းထင် နည်းနည်း သည်းခံပါ။ ဒဏ်ရာ အနာနာတာနဲ့ အသက်နဲ့ ဆရာ ဘယ်ဟာ ရွေးမလဲ"

"အား . . လုပ်ပါ ဒေဝရာ၊ မင်းက ငါ့ကို သံယောဇဉ် ရှိပါတယ်။ မင်း ကယ်မှာပဲ"

ဒေဝသည် တောအုပ်ထဲမှ သက်သာအောင် လမ်းရွေး



www.burmeseclassic.com

www.burmeseclassic.com



ကာ ထုမ်းသွားသည်။ သူတို့သည် တော်တော်လေး သွားမိကြသောအခါတွင် နေရိပ်သော ချုံပြုထိုင်ကာ သူတို့ ယူလာသည့် အသားခြောက်များကို စားကြလေသည်။

"အို . . တော်တော်နာတယ် ဒေဝရေ။ ဒီဝေဒနာလောက် ပြင်းထန်တာ မရှိဘူး။ ဟင်း . . နှင်းခက် နှင်းခက်"

xxx

*

"ဆရာမင်းထင်"

"ဟေ . ."

"ကျွန်တော် ပြောစရာရှိတာ ဆရာ ဒဏ်ရာ ရလို့ မပြောခဲ့ပဲ နေခဲ့တာ ရှိတယ်"

မြက်ခင်းပေါ်တွင် တစောင်းလှဲနေရာမှ ဒေဝကို လှမ်းကြည့်လိုက်သည်။

"ဘာများလဲကွ၊ အရေးကြီးလို့လား"

"ဆရာမင်းထင် စုံစမ်းခိုင်းထားတဲ့ကိစ္စလေ၊ အဲဒါ ကျွန်တော်ထင်းရွာကို ရောက်တော့ စုံစမ်းလို့ရပြီ"

"ပြောပါဦး"

"ဆရာပြောတဲ့ ဆေးဆရာဘမိုးဆိုတာ သူ့သားနဲ့ ချွေးမရယ်၊ ကလေးလေးတစ်ယောက်ရယ် အရင်အိမ်ပဲ နေတယ်။ သူ့မြေးလေးက နှစ်နှစ်ကျော်လောက်ရှိပြီ၊ အဲဒီ မိန်းမကတော်တော်ချောတာပဲ၊ မျက်လုံးလေးတွေက ရီနေသလိုပဲ"





ဒေဝစကားကြောင့် သူ အချိန် အတော်ကြာ မေ့လျော့နေခဲ့သော အတိတ်မှ နာကြည်းစရာကို သတိရသွားသည်။

"အေးပေါ့ကွာ၊ သိပ်ချောတဲ့မိန်းမတစ်ယောက်မို့လဲ ငါ့ဆီက သူများလုတာ ခံရတာပေါ့၊ ဒေဝ လှေငှားလို့ရရင် တို့ ထင်းရွာကို သွားမယ်၊ ပြီးတော့ အဲဒီ ဆေးဆရာကြီးကို မင်းသွားပင့်ပြီး ငါ့ဆီ ခေါ်လာခဲ့"

"ဆရာမင်းထင်က အဲဒီရွာမှာ နေစရာ ရှိလို့လား"

"ဟား ဟား ဟား အဲဒါ ငါ့ရွာပဲကွာ၊ မရှိဘဲ နေမလား၊ အဲဒီမှာ ငါသိုင်းပညာသင်ပေးဖူးတဲ့ မောင်စိုး ကို၊ ဖြူအောင်တို့၊ မဲကြီးတို့လဲ ရှိတာပဲ"

"ဟာ . . ဒါဆို အဆင်ပြေတာပေါ့"

"မင်းကတော့ ငါ့ကို ဆေးဆရာသာ ပင့်ပေးခဲ့၊ ပြီးတော့ ဟိုကောင်တွေ အခြေအနေကို သွားစောင့်ကြည့် ကြားလား"

ငါးသလောက်လှေတွင် ခေါးပြကိုက်သွားသော ကျော်အေးတို့ အုပ်စု၏ အခြေအနေကို သိသာနိုင်ပြီးလျှင် အောင်မြင်ပါက ထင်းရွာသို့ ညတွင် တိတ်တဆိတ်ခေါ်ဆောင်လာရန်ဖြစ်လေတော့သည်။ ဒေဝကား မြစ်ဆိပ်သို့ ရောက်သည်အထိ မင်းထင်ကို ထမ်းခေါ်လာခဲ့ပြီးနောက် လှေတစ်စင်းငှား၍ ထင်းရွာသို့ ထွက်လာခဲ့၏။

သူသည် ထင်းရွာ အနောက်ဖက်ရှိ လယ်ဘဲတွင် ဒေဝကို နေရာချခိုင်းကာ ရွာအနောက်ပိုင်းတွင် နေသော ဖြူအောင်နှင့် မောင်စိုးတို့ကို သွားရောက်ခေါ်ဖွေခိုင်းခိုင်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဆင်သင့်ပင် အိမ်၌ လက်ထိုးကျိတ်ဖြင့် စပါးကျိတ်နေသော ဖြူအောင်ကို တွေ့လိုက်ရသည်။ ဖြူအောင်သည် ကတုံးဆံတောက်ဆံပင်နှင့် ခပ်ထွားထွားလူတစ်ယောက်ကို အိမ်ပေါက်ဝတွင် လာရပ်သည်ကို တွေ့ရ၍ . . .

"ဟော့ . . ဘယ်သူနဲ့ တွေ့ချင်လို့လဲကွ"

ဟု မေးလိုက်သည်။

"ကျွန်တော် ကိုဖြူအောင်နဲ့ တွေ့ချင်လို့ပါ ခင်ဗျာ"

"ဖြူအောင်ဆိုတာ ငါပဲကွ၊ ကဲ ပြောစရာရှိတာပြော"

ဖြူအောင်က လူစိမ်းတစ်ဦးဖြစ်သောကြောင့် အိမ်ဝင်းထဲသို့ အဝင်မခံလိုသောကြောင့် ခြံဝသို့ ထွက်လာသည်။

"ကျွန်တော့်ကို ကိုမင်းထင်က လွှတ်လိုက်လို့ပါ။ သူက ရွာထဲကို မဝင်ချင်ဘူးဆိုလို့ ကျွန်တော်က လာရှာတာ"

မင်းထင်ဟူသော အသံကြားလိုက်ရ၍ဖြူအောင်မှာ မိန်းမနှင့် ကလေးရှိနေပြီဖြစ်ရာ ဒိန်းခနဲ စိုးရိမ်စိတ်ဖြစ်သွားမိလေသည်။

"ဟာ . . သူ ဘယ်မှာလဲ"

"သူ ဒီနောက်က လယ်တဲမှာ လမ်းလဲ မလျှောက်နိုင်ဘူး၊ ဒဏ်ရာတွေလဲ ရထားတယ်"

× × ×



*

မည်သို့ပင် ဆိုစေ ဖြူအောင်သည် မင်းထင်ကို သံယောဇဉ်ရှိသည်။ သူတို့ကို သိုင်းပညာတတ်ကျွမ်းအောင် သင်ကြားပေးသည်။ ပြီးတော့ သူ့ အိမ်ထောင်ရေးဘဝပြဿနာကလွဲ၍ မင်းထင်သည် လူကောင်းတစ်ဦးဖြစ်သည်ဟု ဖြူအောင်က ယူဆသည်။

"တိမ်ပေါ်ကကျား" ဟူသော ဓါးပြကြီးအကြောင်းရင်းကား သူပြောကိုယ်ပြောဖြင့် ကြားဖူးသည်။ သို့သော် ထိုဓားပြကြီးမှာ မင်းထင်ဟု မထင်မှတ်ပေ။ ဖြူအောင်သည် မောင်စိုးကိုပါ ဝင်ခေါ်ခဲ့သည်။

"မောင်စိုး"

"ဘာလဲကွ"

"ဆရာ ကိုမင်းထင် ရောက်နေတယ်"

"ဘယ်မှာလဲ၊ မင်း အိမ်မှာလား"

"ကြွကြွဖန်ဖန်ကွာ၊ သူက ရွာထဲကို ဘယ်ဝင်ရဲမှာလဲ၊ သိုင်းဆရာကြီးနဲ့ ဖြစ်တဲ့ကိစ္စ တို့ရွာ အနောက်ပိုင်းက သိထားတော့ သူရှက်တာပေါ့"

"အေး . . ဟုတ်တယ်၊ ငါလဲ ခုဘလောမှာ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



သတိရ နေတယ်။ ခု ဘယ်မှာလဲ"

"ခု လယ်ထဲက တဲမှာထားခဲ့တယ်လို့ လူတစ်ယောက်က ပြောတယ်။ ခု သူက ကွင်းထဲက လယ်တဲကို လက်ညှိုးထိုးပြတယ်။ တို့လယ်ကွက်ထဲက လယ်တဲပါကွာ၊ ကိစ္စမရှိပါဘူး"

"အိမ်မှာ စားစရာ ဘာရှိလဲ"

"အေး. . ဟုတ်သားပဲ၊ ငါမေ့နေတယ်၊မင်း အိမ်မှာ ဘာရှိလဲ"

"ဟာ. . ငါ့အိမ်မှာ ငါးပတ်မွေ့ရှိတယ်ကွာ၊ ဒါ ဆရာမင်းထင် သိပ်ကြိုက်တယ်၊ ပြီးတော့ ငါးဖယ်အောင်းမီးဖုတ် လဲရှိတယ်။ ဟာ ငါ့မိန်းမ ကလေးမွေးနေတော့ ကြာရိုးဟင်းသား ပါ ရှိသေးတယ်၊ မင်းသာ ခဏစောင့် ငါထမင်းပါ ယူခဲ့မယ်"

မောင်စိုးမှာ ဒုတိယသမီးလေး မွေးလေသည်။ ထိုသမီးလေးမှာ ဆယ့်ငါးရက်ခန့်မျှပင် ရှိသေးတာကြောင့် ဟင်းခါးက နေ့တိုင်းလို ချက်ပေးရသည်။ တော်သေးသည်။ သူ့ညီမ ရှိသောကြောင့် ထိုကိစ္စများကို သူ့ညီမက လုပ်နေ၏။

"ညီမလေးရေ"

"ရှင်"

"နင့် အစ်မ ညနေစာအတွက် ငါးဖယ်အောင်းငါးပိကောင်တစ်ကောင်ထပ်ဖုတ်လိုက်"

"ခုနက ဖုတ်ထားတယ်"

"အေး . . အဲဒါ ငါယူသွားမလို့၊ ငါ ကိုဖြူအောင်နဲ့ လယ်ထဲမှာ ထမင်းသွားစားမလို့ဟ"





"အင်း. . ကောင်းတယ်၊ မီးပြန်မွေးရတော့မှာပေါ့"

ထိုစကားများကို အိမ်ခန်းထဲမှ ကြားနေရသော သူ့ဇနီးက . . .

"ကိုစိုး"

ဟု ခေါ်လိုက်သည်။

"ဟေ"

"သိပ်မိုးချုပ်အောင် မနေနဲ့နော်"

"အေးပါကွာ"

မောင်စိုးသည် ထမင်းကို ငှက်ပျောဖက်နှင့် ထုပ်ယူကာ ဟင်းခါးကို ချိုင့်နှင့် ထည့်လျက် ငါးပိကောင်နှင့် ငါးပတ်မွေ့များကိုလည်း ကြွေရည်သုတ်ချိုင့်တစ်ချိုင့်စီဖြင့် ထည့်ကာ ယူလာခဲ့လေသည်။

လယ်ထဲတွင် နေခြစ်ခြစ်တောက်ပူနေသည်။ သူတို့သည် ခေါင်းပေါ်တွင် ကောက်ရိုးနှင့် လုပ်ထားသော ဦးထုပ်များ ဆောင်းကာ သစ်ပင်ရိပ်များ မရှိသော ကွင်းထဲတွင် ဖြတ်လာခဲ့ကြရလေသည်။

အချိန်ကား နေမွန်းတည့်လုပြီ ဖြစ်ပေသည်။ မကြာမီမှာပင် ကန်းစပ်တွင်ထိုးထားသော လယ်တဲသို့ ရောက်ရှိလာ၏။ လယ်တဲရှိ ကွပ်ပျစ်ပေါ်တွင်ကား ပင်ပန်းနွမ်းနယ်စွာ မျက်လုံးမှိတ်ထားသော မင်းထင်ကို တွေ့လိုက်ရသည်။

မင်းထင်သည် မလည်းမိ၍ ပိန်လည်းပိန်ကာ မျက်တွင်းများ ချောင်ကျနေလေသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ မင်းထင်"

အဝေးမှ ခေါ်သော အသံမျိုးဟုထင်ရသည်။ နားထဲမှ လေများ ထွက်နေသောကြောင့် ခေါ်သံကို ကောင်းကောင်း မကြားရ။ သူ၏ အာရုံသည် ယခုထိ စုစည်း၍ မရသေး။

"ဆရာ"

"ဆရာ မင်းထင် အိပ်ပျော်နေလား"

မင်းထင်၏ စိတ်များသည် ခန္ဓာကိုယ်တွင် ပြန်၍ ကပ်ညှိလာသည်နှင့် နာကျင်သော ဝေဒနာကို စူးရှစွာ ခံစားရသည်။ သူသည် ရှုံ့မဲ့စွာ ညည်းညူလိုက်သည်။

"အား . . ကျွတ် . . ကျွတ်၊ ဒေဝ မင်း ဘယ်မှာလဲ"

ဒေဝက အသင့်တွေ့ရသောထင်းနှင့် ရေနွေးအိုး တည်နေလေသည်။ ရေနွေးအိုးမှာ လယ်တဲထဲ ထားသော နှုတ်ခမ်းတို မြေအိုးကြီး ဖြစ်သည်။

"ဆရာ မင်းထင်၊ ကျွန်တော်ဖြူအောင်လေ"

"ဖြူအောင်၊ အေး . . ဖြူအောင်၊ မင်းကို ငါ တွေ့ချင်နေတာ၊ ငါ မင်းကို သတိရတယ်ကွာ"

"ကျွန်တော်လဲ ရှိပါတယ်။ ဘယ်လိုဖြစ်လာလို့လဲ ဆရာမင်းထင်"

"အား . . မိန်းမပေါ့ကွာ၊ မိန်းမဇာတ်ယောက်ရဲ့ သစ္စာဖောက်တာ ခံရတယ်။ ငါ့ကျောမှာ ဓားဒဏ်ရာ သုံးချက်ရှိတယ်။ ယောင်နေတယ် ထင်ပါရဲ့"





ဖြူအောင်သည် ကျောတွင် စည်းထားသော ပတ်တီး ထူထူကြီးကိုကြည့်ရင်း သူသည် မင်းထင်၏ နဖူးကို လက်ဝါးနှင့် အုပ်ကာ စမ်းသပ်ကြည့်လိုက်လေသည်။

"ဟာ . . ကိုယ်တွေ သိပ်ပူနေတယ်၊ ညကျရင် ငန်းတွေဘာတွေ ဝင်မှာ စိုးရတယ် မောင်စိုး"

"ဟုတ်လား"

မောင်စိုးလည်း စမ်းသပ်ကြည့်လိုက်ပြန်လေသည်။

"ဟာ . . ကိုယ်က ခြစ်ခြစ်တောက်ပဲ၊ ဒါကြောင့် အနေရခက်နေတာကိုး၊ မဖြစ်ဘူး၊ ဆရာကြီး ဘမိုးကို သွားခေါ်မှ ဖြစ်မယ်"

"ဆရာ ဘမိုးက လိုက်ပါ့မလား"

ဖြူအောင်က တစ်ချိန်က အဖြစ်အပျက်ကို သတိရ၍ မောင်စိုးကို မေးလိုက်သည်။

"မလိုက်ဘဲတော့ ဘယ်နေမလဲကွာ၊ သမားတော်ဆိုတာ ချစ်သူ ရန်သူ ခွဲလို့ရတာမဟုတ်ဘူး၊ ပြီးတော့ ဆရာကြီးဘမိုးက ဒီလိုဒဏ်ရာတွေ ငန်းဝင်ကာနီးတာတွေကို နိုင်တယ်"

"ဟုတ်တယ် ဖြူအောင်၊ ငါ့ အသက်ဟာ မင်းတို့လက်ထဲမှာပဲကွာ၊ မင်းတို့ ပစ်ထားရင် ငါသေမှာပဲ အီး ဟီး ဟီး ဟီး"

နာကျင်သောဝေဒနာကို ခံစားရ၍ အားငယ်နေသော ဒဏ်ရာပြင်းထန်လှသည့် လူမမာ မင်းထင်သည် စိတ်အားငယ်ကာ ဝမ်းနည်းပက်လက် ငိုယိုလေတော့သည်။ သူတို့ရှေ့တွင်



www.burmeseclassic.com

www.burmeseclassic.com



ဆရာမင်းထင်မှာ မည်သည့်အခါမျှ မာန်ချ၍ နေဖူးသည် မဟုတ်။ ယခုတော့ သူ့ဝေဒနာမှာ တော်တော်ဆိုးလေ၍ ဤမျှ ခံစားနေရသည်ဟု နားလည်သွားသည်။

"အခု ဆရာမင်းထင် ကြိုက်တဲ့ ငါးဖယ်ကောင်း၊ ငါးပိကောင်၊ ငါးပတ်မွှေနဲ့ ကြာရိုးဟင်းခါးပါလာတယ်၊ မောင်စိုး"

"ဟော"

"မင်းနဲ့ ဟိုလူ"

"သူနာမည် ဒေဝပါ"

"ကိုဒေဝ၊ ဆရာမင်းထင်ကို ဂရုစိုက်ပါ၊ ကျွန်တော် ဆရာကြီး ဘမိုးကို သွားခေါ်လိုက်မယ်။ အိမ်မှာရှိနေရင်တော့ ချက်ချင်းလိုက်လာမှာပဲ၊ ဆရာဘမိုးလိုက်လာရင် ဆရာမင်းထင် အတွက် ပူစရာမလိုတော့ပါဘူး"

× × ×

သိုင်းဆရာကြီး ဦးချစ်သောင်းမှာ အမြော်အမြင်ကြီးမား လှသည်ဟုဆိုရမည်။ မင်းထင်က ယဉ်နွယ်ကို တိတ်တဆိတ် ဖမ်းခေါ်သွားစဉ်က . . .

"ဒီမှာ သမီးရော၊ မောင်စိုးရော မင်းတို့ အားလုံး ဒီသတင်းကို ဘယ်သူမှ မပြောနဲ့"

"ဇော်ထိုက်"

"ဗျာ"





"ယုတ်စွအဆုံးကွာ၊ ခုဖြစ်ရပ်ကို မင်းရဲ့ အဖေ ဆေးဆရာကြီး ဆရာဘမိုးတောင်မှ ခု မင်းထင်ရဲ့ ယုတ်မာမှုကို မသိသေးဘူး။ ဒီတော့ မသိတဲ့လူတွေ မသိပါစေနဲ့ မောင်စိုးကြားလား"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"မင်းသူငယ်ချင်း ဖြူအောင်တို့လဲ နှုတ်လုံအောင် ပြောထား။ ကိုယ့်တပည့်က ကိုယ့်သစ္စာဖောက်တယ်ဆိုတာ လူအများသိရင် လေးစားမှု၊ ရိုသေမှု ရောတယ်၊ ပြီးတော့ ယဉ်နွယ်ရော သူ့ကို လက်ထပ်မယ့် ဇော်ထိုက်ရော သိက္ခာကျမယ် ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး"

"အေး . . သမီးနဲ့ ဇော်ထိုက်ရေ ဟုတ်ရင်တော့ ပွဲပြီးမီးသေပေါ့ကွာ၊ ဆရာကြီးဘမိုးလဲ ဘာမှ မပြောမနေနဲ့၊ တို့လဲ ခရီးသွားရာက ပြန်တဲ့ အနေနဲ့ လှည်းနဲ့ဝင်တာပေါ့"

"ကောင်းတယ် ဖေဖေ၊ ကိုယ့်ကြောင့် ဘယ်သူမှ သိက္ခာမကျဘူးပေါ့"

ယဉ်နွယ်က သတိရလာ၍ ထထိုင်ကာ ဇော်ထိုက်၏ ပခုံးကို မှီထားရင်းမှ ပြန်ပြောလိုက်လေသည်။

ထို့ကြောင့် မောင်စိုး၊ ဖြူအောင်နှင့် မောင်မဲတို့မှ လွဲလျှင် ထိုတိစ္စကိုမည်သူမျှ မသိ။ ဆရာကြီး၏ ဂုဏ်သိက္ခာကြောင့် မည်သူမျှလည်း စကားလုပ်၍ မပြောခဲ့။

ဆရာကြီး ဘမိုးမှာလည်း ထိုကိစ္စကို မသိလိုက်သော ကြောင့် မင်းထင်အပေါ်တွင် မည်သည့်အာယာတမှ မရှိတော့



www.burmeseclassic.com

www.burmeseclassic.com



ပါပေ။ ထိုအဖြစ် အမျက်ကို သိုင်းဆရာကြီး ဦးချစ်သောင်းက နောင်ရေးအတွက် စီစဉ်ပေးခဲ့သည်ကို လှည်းမောင်းထွက်လာရင်း ဖြူအောင်က ရိပ်မိလိုက်သည်။

"အင်း . . ဆရာကြီးဦးချစ်သောင်း ဆုံးတာတောင် လေးငါးနှစ်ရှိရောပေါ့၊ ဒါပေမယ့် ဆရာမင်းထင်ကရော သူ့ဘဝ သူ မေ့နိုင်ပြီလား၊ မမေ့နိုင်ရင် ပြဿနာတွေ ထပ်ရှုပ် လာမှာ စိုးရိမ်ရတယ်"

ဖြူအောင်သည် သစ်ပင်ရိပ်များလှသော ရွာလယ်လမ်းမှ မောင်းလာရာ မြင့်မားလှသော ကုက္ကို ပင်ကြီးများကြောင့် လမ်းပေါ်တွင် နေပြောက်မထိုးပေ။ ရွာမှာ ရွာတန်းရှည်ဖြစ်သောကြောင့် လမ်းဘေးတစ်ဖက်တစ်ချက်တွင်သာ အိမ်များရှိသည်။

နာရီဝက်ကျော်ကျော်သွားမိသောအခါ ဝင်းထရံအသစ်ကာထားသော ဆေးဆရာကြီးဘမိုးတို့ အိမ်သို့ ရောက်ရှိသွားလေတော့သည်။

× × ×

ဆရာကြီး ဘမိုးက မြေးကလေး မသဲပွင့်ကို ပေါင်ပေါ်တွင် တင်၍ ထားကာ ရေနွေးသောက်နေသည်။ မြေးကလေးက ဆေးဆရာကြီးပေါင်ကို လက်ဝါးနှင့် တဖျပ်ဖျပ် ရိုက်ကာ ဆော့နေသည်။ ကနွေးအမေ ယဉ်နွယ်ကတော့ နေ့လည်ပိုင်း တရေးတမောအိပ်နေပြီ ဖြစ်လေသည်။





မသဲပွင့်ကလည်း အဖိုးကိုသိပ်ခင်သည်။ အဖိုးလုပ်သူမှာ နှစ်နှစ်ကျော်ကျော်နှင့် အကုန်လုပ်တတ်သည်။

"သမီး ဖိုးဖိုးကြီး ဘယ်လို လမ်းလျှောက်လဲ" ဟုမေးလျှင် လက်ကိုနောက်ပစ်ကာ ဗိုက်ကိုကော့၍ "ထွီ . . ထွီ" ဟု တံတွေး ထွေးကာ လမ်းလျှောက်ပြတတ်၏။

ဤကလေးကြောင့် တစ်အိမ်လုံးပျော်ရွှင်နေကြသည်။ လှည်းကိုပိန္နဲပင်ကြီးအောက်တွင် ရပ်လိုက်သည်။ ကိုယ်တုံးလုံးဖြင့် ရေချိုးရန် ဖြင်နေသော ဇော်ထိုက်က ဖြူအောင်ကို မှတ်မိသွားသည်။

"ကိုဖြူအောင်၊ လာဗျာ . . ရေနွေးသောက်၊ အမြည်း ကောင်းတယ်"

"ဘာ အမြည်းရှိလို့လဲ"

"ဟာ . . လယ်ကွက်ကြော်နဲ့ မနေ့က ငါးရှဉ့်ကြွပ်တိုက်တွေရှိတာနဲ့ ဆီပြန်ကြော်ထားတယ်"

"ဟုတ်တယ်ဟေ့၊ ညောင်ချဉ်ဖူးသုပ် လဲ ရှိတယ်ကွ"

ဤသို့ဖြင့် ဖြူအောင် နွားကို ပိန္နဲပင်နှင့် ချည်ကာ လှည်းပေါ်မှ ခုန်ဆင်းလာသည်။ သူ့ခေါင်းပေါ်မှ ကောက်ရိုးကို ကော်နှင့်ကပ်ကာ လုပ်ထားသော ဦးထုပ်ကြီးကို ချွတ်လိုက်သည်။

ကော်ကပ်ကာ ကောက်ရိုး ဦးထုပ်လုပ်ခြင်းသည် ထင်းရွာ အနောက်ဖက်မှ ဖြူအောင်တို့ လုပ်ငန်းပင် ဖြစ်သည်။

ဖြူအောင်က တင်ပါးလွှဲ ဝင်ထိုင်လိုက်လေသည်။

"အင်း . . ကိုဇော်ထိုက်လဲ ရှိနေတော့ ပြောရတော့မှာပဲ"

www.burmeseclassic.com



"ဘာလဲဗျ"

"ကိုမင်းထင်လေ၊ ဒဏ်ရာတွေနဲ့ ကျွန်တော်တို့ရွာ အနောက်ပိုင်းရောက်လာပြီး လယ်တဲမှာ သူ့လူတစ်ယောက်နဲ့ ဗျာ။ သူ့ဒဏ်ရာတွေက တော်တော်ရင်းပြီး ကိုယ်တွေလဲ ခြစ်ခြစ်တောက်ပူနေတယ်ဗျာ"

"ဟင် . . ဟုတ်လား"

ထိုအသံကို ကြား၍ အပေါ်ထပ်တွင် အိပ်ပျော်နေသော ယဉ်နွယ် နိုးလာသည်။

"ကိုမင်းထင်ဆိုပါလား၊ ဒီရွာကို ဘာလာလုပ်ပါလိမ့်"

သူမရင်ထဲတွင် စိုးရိမ်စိတ်ဝင်သွားလေသည်။ ဇော်ထိုက်ကတော့ သူနှင့်ယဉ်နွယ်ညား၍ ကလေးတစ်ယောက်လဲ ရနေပြီဖြစ်သောကြောင့် မည်သည့် အာယာတမှ မရှိတော့ပေ။

"အဖေ၊ ငန်းဝင်ရစ်တော့ မလွယ်ဘူး၊ သူက ဘယ်လိုပေပေတေတေနေလဲမသိဘူး၊ လိုက်သွားမှ ကောင်းမယ်ထင်တယ်"

ဟု ပြောလိုက်၏။

"အေး . . တော်သေးတာပေါ့ကွာ၊ ငါက သွားစရာရှိတဲ့ လူနာတွေရှိတဲ့နေရာတောင် မသွားဘဲ ဆေးပို့ပေးခဲ့ပြီး အိမ်ပြန်ရင်းနဲ့ နားနေတာ"

"ဒီအချိန်က သိပ်ဝေးဝေးလဲ သွားလို့ မကောင်းပါဘူး ဆရာကြီးရယ်"

"ဟုတ်ပါ့ကွယ်၊ နေကလဲ ဒီနှစ်မှ ပိုပူလာသလိုပဲ၊ ငါတပဲ အသက်ကြီးလာလို့လား မသိဘူး၊ ကဲ . . မင်းရေနွေးသောက်ဦး





အနာလဲ ရင်းနေတယ် ထင်တယ်"

"ဖြစ်နိုင်တယ်၊သူက အဝတ်နဲ့ ခါးပတ်သားတော့ အနာတောင် သေချာမကြည့်မိပါဘူးဗျာ"

"ကဲ ဒါဆိုအချိန်ကြာတာနဲ့အမျှ ဝေဒနာသည်က ဗိုခံရမယ်။ ငါ ဆေးအိတ်ယူပြီး လိုတဲ့ဆေးတွေ ထည့်လိုက်မယ်။ မင်း ရေနွေးသောက်ဦး၊ ခဏအမောပြေရင် သွားကြတာပေါ့"

သမားတော်ကြီး ဦးဘမိုးက ဆေးအိတ်ယူရန် ပေါ်ထပ်သို့ တက်သွားသည်။ ကလေးကိုပါ ချီသွားကာ ချွေးမဖြစ်သူ ယဉ်နွယ်အား . .

"ယဉ်နွယ်ရေ"

"ရှင် . ."

"ကလေးယူထားဦးဗျော့ အရေးတကြီးလူနာ ပေါ်လာလို့" ဟု ပြောသည်။

"ဟုတ်ကဲ့ အဖေ၊ အဖေ မိုးချုပ်နေဝင်တဲ့ထိ မနေနဲ့နေရောင်ရှိတုန်းပြန်ခဲ့နော်"

"အေးပါ သမီးရယ်"

ဆေးအိတ်တွင်းသို့ ချွေးမဖြစ်သူက အနာကျက်ဆေးနှင့် ငန်းဆေး၊ အရောင်ကျဆေးများကို ထည့်ပေးနေသည်။

"ဝမ်းနုတ်ဆေးကရော လိုသေးလား အဖေ"

"လိုတာပေါ့၊ ဒီလိုအနာမျိုးက ပိုပြီးယောင်မှာပေါ့ သမီးရဲ့"

× × ×



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်သို့ တက်ကာ ဆေးဆရာကြီး ဘမိုးက ဆေးသွားယူနေစဉ်မှာပင် ကလေးက ဆေးဆရာကြီးကို လှမ်းဆွဲသည်။

"အိုးအိုး"

"ဟော. . ."

"အိုး အိုး"

မပီမသဖြင့် ခေါ်ကာ ကလေးက ဦးဘမိုးကို အတင်းဆွဲနေသည်။ ကလေးမှာ အအိုးဖြစ်သူကို အတော်ခင်၍ ညနေပိုင်းတွင်လည်း နို့စို့ပြီးသည်နှင့် အအိုးဖြစ်သူထံ လိုက်ကာ အိပ်သည်။ သန္ဓေကောင်း၍ မိုးစင်စင်လင်းမှသာ နိုးလေသည်။

သည်တော့ ဆေးဆရာကြီးမှာ မြေးရပြီးမှ ညအိပ်ညနေ ဆေးကုဖို့ပင် ခက်သည်။ ကလေးက ဆရာကြီး ပြန်မလာလျှင် မအိပ်ဘဲ စောင့်နေတတ်လေသည်။ မည်သို့သော ရေစက်ဟူ၍တော့ မပြောနိုင်ပေ။

ဖြူအောင်နားသို့ကပ်ကာ ဇော်ထိုက်က "ဒီလူကို ဆေးကုပြီးရင်တော့ ထင်းရှူးဂါ မြန်မြန်ထွက်သွားခိုင်းတာ ကောင်းမယ်"

ဟု ခပ်တိုးတိုး ပြောလိုက်သည်။

ဖြူအောင်မှာလည်း အတိတ်ကို သိသူဖြစ်သောကြောင့် "ဟုတ်ပါတယ် ကိုဇော်ထိုက်၊ ဒါပေမယ့် ခုတော့ လူပ်ကို မလှုပ်နိုင်တာပါဗျာ"





ဟု ပြောသည်။

"အေးဗျာ၊ ကျွန်တော်လဲ သူ့ကို စေတနာရှိပါတယ်၊ ခဏလေးနော်၊ သူ့နားတော့ မဖုတ်နဲ့၊ ခင်ဗျားအိမ်ကိုယူပြီး ဖုတ်ပေးလိုက်၊ မနက်ထမင်းကြမ်းနဲ့ စားရတာပေါ့"

တောသဘာဝ သူတို့စားရန် သိမ်းဆည်းထားသည့် ငါးခြောက်ပြားများထဲမှ အချိန်လေးဆယ်သား ငါးဆယ်သားခန့်ရှိသည့် ငါးခြောက်ပြားကြီးကို ဖြူအောင်အား ဖက်နှင့်ထုပ်ကာ ပေးလိုက်သည်။ တစ်ယောက်တည်းအတွက်ကတော့ ဘစ်လ စာလောက်ပင် ရှိပေလိမ့်မည်။ မကြာမီ ဖြူအောင် ထပေါ်လိုက်သည်။

"တကယ်သွားနိုင်လာနိုင်ရင်တော့ သူ့တပည့် ကိုဒေဝ ဆိုတဲ့ လူပါ။ ကျွန်တော် မြစ်ဆိပ်လိုက်ပို့ပြီး သူတို့လာတဲ့ရွာကို ပြန်လွှတ်လိုက်မယ်၊ စိတ်ချ ကိုဇော်ထိုက်"

"သူတို့ ဟိုသတင်း ဒီသတင်းတွေလဲ ကိုဖြူအောင် ကြားတယ် မို့လား"

ဇော်ထိုက်က မြို့သွားနေသူ ဖြစ်၍ ဓားပြသတင်းကို မေးမြန်းလိုက်ခြင်းဖြစ်၏။

"ဟုတ်တယ်၊ ခပ်သန့်သန့်ပါပဲ၊ ကိုယ့်ဆီရောက်ခိုက် ကူညီတာ အကောင်းဆုံးပေါ့ကွာ"

"ကောင်းပါတယ်"

ငါးခြောက်ကို တောင်စွန်ဖက်နှင့် စည်းသည်။ အထုပ်ကြီးကို ယူကာ ဆေးဆရာကြီး ဘမိုး ဆင်းလာသည်နှင့် လူနာရှိရာ လျှောက်လှမ်းလာခဲ့သည်။ ဆရာကြီးထံမှ ဆေးအိတ်ကို ဆွဲယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လှည်းပေါ်သို့ ဆရာကြီးက တက်ကာ ကျကျနန ထိုင်ပြီး သည်နှင့် ဖြူအောင်က လှည်းကို မောင်းကာ အနောက်ပိုင်းသို့ ထွက်သွားလေတော့သည်။ လှည်းထွက်သွားတော့မှပင် ယဉ်နွယ်သည် ပြုံနေသော သူမ၏ဆံပင်ကို ဖြင်ကာထုံး၍ ကလေးချီကာ အောက်ထပ်သို့ ဆင်းလာလေသည်။

"ဟို သတ္တဝါရောက်နေတယ် ဆိုပါလား ကိုဖေ"

"ဟုတ်တယ်"

"သူ ရောက်လာတာ၊ ရိုးရိုးသားသားမှ ဟုတ်ရဲ့လား မသိဘူးနော်"

ကလေးနို့တိုက်ရင်း ပြောလိုက်သည်။

"ရိုးရိုးပဲဖြစ်မှာပါ။ သူမှာ တော်တော်မြင်းထန်တဲ့ ဒဏ်ရာတွေရထားလို့ အိပ်ရာ က မထနိုင်ဘူး။ ကိုယ်တွေလဲ ပူနေတယ် ပြောတယ်"

"အို . . ."

×

တကယ်တော့ ယဉ်နွယ်သည် မင်းထင်အပေါ်တွင် လင်မယားချစ်မျိုး မချစ်နိုင်သည့်တိုင် မောင်နှမချစ်တော့ ရှိ သည်။ သူ့ကို အိမ်ထောင်ဘက် လုပ်ချင်သော မင်းထင့်မှာ ဇော်ထိုက်ကို သူမရွေးချယ်လိုက်သောကြောင့် နာသာခံခက် အမျက်ထွက်ကာ ရှက်ရမ်းရမ်း၍ ရအောင်ကြိုးစားခဲ့ခြင်းကို လည်း ရိပ်မိပါသည်။





အကယ်၍ ထိုအဖြစ်မျိုးသာ မဖြစ်ခဲ့ပါက သူတို့ မှာ မောင်နှမနှစ်ဦးလို ချစ်ကြမည်မှာ အမှန်ပင်။ ငယ်စဉ်က ယဉ်နွယ်စားချင်သည်ဆို၍ ဩဇာပင်ပေါ်သို့ ဩဇာသီးတက်ခူး ပေးရာ အောက်သို့ ပြုတ်ကျ၍ ခြေတစ်ဖက်နာသွားသည်။

"ကိုမင်းထင်၊ ကိုမင်းထင်"

ယဉ်နွယ်က ပြေးသွားသည်။ ကိုမင်းထင်မှာ သူ့ခြေ ထောက်ကိုသူ လက်နှင့်ဖိနေသည်။ အတော်နာနေပုံရ၏။ မျက်ရည်ဝဲနေသည်ကို တွေ့ရလေသည်။

"ကိုမင်းထင် ဘာဖြစ်သွားလဲ"

"ဘာမှ မဖြစ်ပါဘူး"

"ဟောဒီမှာ ခြေမျက်စိရောင်နေတယ်၊ တော်တော် နာမှာပဲ၊ အဲဒါ ကျွန်မကြောင့် ကျွန်မကြောင့်"

မင်းထင်က ယဉ်နွယ်ကို ပြုံးကြည့်သည်။

"ငါ မနာပါဘူးဟာ့ ရော့ . . ဒီမှာ ဒါ အောက်က နင် လက်ညှိုးထိုးပြတဲ့ ဩဇာသီး မှည့်လား"

သူ့လက်ထဲမှ ဩဇာသီးကို ပေးလိုက်သည်။ သည်တုန်း က လင်နမင်ဆီကိုယူကာ ယဉ်နွယ်က လိမ်း၍ ပတ်တီးစည်း ပေးလေသောအခါ ကိုမင်းထင်၏ မျက်နှာပြုံးနေသည်ကို မှတ်မိ သည်။

ထိုအကြောင်းများကို တွေးလျှင်တော့ စိတ်မကောင်း ဖွယ်ရာပင်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



နေ့မွန်းလွဲချိန်တွင် ဆေးဆရာကြီးသည် မင်းထင်ရှိရာသို့ ရောက်ရှိသွား၏။ မင်းထင်ကို သူသည် သိုင်းဆရာကြီး ဦးချစ်သောင်း အိမ်သို့ ဝင်ထွက်သွားလာစဉ်က တွေ့ခဲ့ဖူးသည်။ သို့သော်လယ်ကွက်ထဲရှိ တဲသို့ ရောက်သောအခါတွင် ရုပ်သွင်မှာ ပြောင်းနေ၍ မမှတ်မိအောင် ဖြစ်နေ၏။

ခေါင်းဆံပင်က ကတုံးဆံတောက်နှင့်၊ အဝတ်အစားကို သင်္ကန်းရုပ်စွာဝတ်ဆင်တတ်သော မင်းထင်သည် ယခုတော့ မုတ်ဆိတ်ပါးသိုင်းနှင့် အလွန်ပေတေသောအသွင် ပေါ်နေသည်။

သမားတော်ကြီး ဘမိုးသည် တစောင်းအနေအထားဖြင့် တဟီးဟီးချမ်းနေသော မင်းထင်ဘေးတွင် ထိုင်ချလိုက်သည်။

"မင်းထင်"

"ဘယ်လိုဖြစ်ရတာလဲ မင်းထင်ရာ၊ ရုပ်ကလဲ ပြောင်းသွားလိုက်တာ"

"အား . . နာတယ်၊ ကျုပ် တစ်ကိုယ်လုံးနာနေတယ်၊ ကယ်ကြပါဦး၊ အီး ဟီး ဟီး၊ ဟင်း ဟင်း ဟင်း"

ငန်းဖမ်းချင်သလို ဖြစ်ကာ ကယောင်ကတမ်းများ ပြောစ ပြုလာသည်။

"ဒီပတ်တီးက ဘယ်သူ ချည်ထားတာလဲ၊ ဖြေလိုက်စမ်းပါ၊ အနာကို ကြည့်ရအောင်"

ပတ်တီးကို ဖြေလိုက်သောအခါ ခါးကိုမ၍ နောက်မှ ဆွဲလိုက်၊ ရှေ့ပြန်ပို့လိုက် လုပ်ရသည်။ ဒေဝက . . .





"ကျွန်တော်ချုပ်တာပါ" ဟုဆိုကာ ပျာပျာသလဲ ဖြေပေးသည်။

"နာတယ်၊ မလုပ်ကြပါနဲ့ နှင်းခက် . . နှင်းခက်၊ ပြန်လာခဲ့ နှင်းခက်"

မင်းထင်က သူ့ပါးစပ်ထဲ တွေ့ရာများကို အော်သည်။ ဘေးနှင့် အထိုးခံရသော အနာများမှာ ပြည်ဘည်ကာ ပုပ်ပွနေသည်။

"ဟင်း . . နံလိုက်တာ"

မောင်စိုးက နှာခေါင်းပိတ်ကာ နောက်ဆုပ်သွားလေသည်။

"အနာဝကို သွားပိတ်ထားတာကိုး၊ ဒါတော့ နာနေမှာပေါ့၊ ကဲ . . သူ့ကို အိပ်ဆေးတိုက်မှ ဖြစ်မယ်။ နည်းနည်း လှန်လိုက်၊ တစ်ယောက်က အနာကို မထိအောင် ခါးနဲ့ တင်ပါးကမ၊ ဒေဝ လာ၊ မင်းတ အားကောင်းတယ် ကူထား"

"ဟုတ်ကဲ့"

"အား ဝူး၊ ဘယ်သူတွေလဲ ငါ့ကို လာပြီး သတ်နေတာ၊ လူသတ်သမားတွေ လာနေပြီ၊ နှင်းခက် . . မပြေးနဲ့ မင်းတို့ ငါ ဘာမှ မလုပ်ဘူး၊ ပြန်လာခဲ့"

ပက်လက်ဖြစ်သွားမှ ပါးစပ်ကို မောင်စိုးအား ဖြဲခိုင်းကာ ဆေးမှုန့်များပါးစပ်ထဲထည့်၍ ရေလောင်းပေးလိုက်လေသည်။ ရေကို ပြန်ထွေးရန်ပြင်စဉ် နှာခေါင်းကို ဆေးဆရာကြီးက ပိတ်လိုက်သောကြောင့် အိပ်ပျော်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် စောစောကလို အော်ဟစ်၍ ကယောင်ကတမ်း မပြောနိုင်တော့ဘဲ အသက်ကို မှန်မှန်ရှူ၍ အိပ်ပျော်သွားလေသည်။

သည်တော့မှ ရေနွေးပူပူ အဝတ်သန့်သန့် ဝွမ်းစဖြင့် ကျောမှာရှိသော ဓားဒဏ်ရာသုံးခုမှ ပြည်များကို ကောင်းတောင်း သုတ်သင်ရသည်။

ပြည်များ ကုန်စင်၍ အသားနုပေါ်ကာ သွေးများ ရဲစိုလာသောအခါမှ အနာကျက်သော ဆေးနီမှုန့်ကို ဖြူးသည်။

ဆေးနီမှုန့်မှာ အလွန်စပ်သောကြောင့် အိပ်ပျော်နေရာမှပင် ဆတ်ခနဲ ဆတ်ခနဲ မင်းထင် တွန့်၍ သွားလေတော့သည်။ ကံကောင်းပေသည်။ ယနေ့ညမှ ဆေးဆရာကြီးဘမိုးနှင့် မတွေ့လျှင် မင်းထင်၏ ဘဝသည် ဤနေရာမှာပင် ပြီးဆုံးသွားဖို့ ရှိပေသည်။

သို့သော် အနာကို စင်ကြယ်အောင် လုပ်ကာ အနာဝဖွင့်လျက် အပေါ်မှ ဆေးရွက်ကပ်ကာ ပြည်များယိုကာ အနာခြောက်အောင် လုပ်ခြင်း၊ အားဆေးတိုက်ကျွေးခြင်းတို့ကြောင့် မင်းထင်၏ မျှော်လင့်ချက်မရှိသော အခြေအနေမှာ ပြန်ကောင်းလာနိုင်ဖွယ်ရာ တွေ့မြင်ရသည်။

"သူ့ကို ဒီမှာတော့ မသိပ်နဲ့၊ ညကို သိပ်အေးတယ်"

ပတ်ဝန်းကျင်ကို ကြည့်ကာ ဆေးဆရာကြီးက ပြောလိုက်သည်။ ဖြူအောင်က . . .

"ကျွန်တော့်အိမ်ကို ခေါ်သွားပါ့မယ်၊ ဆရာမင်းထင်က ကျွန်တော့်အိမ်က လူတွေနဲ့လဲ ခင်ပါတယ်၊ ကျွန်တော်တို့





စောင့်ပုခက်ရှာပြီးတော့ သယ်ပါ့မယ်"

"အေး . . သူ ဒီတစ်ညတော့ အိပ်မှာပဲ၊ မနက်နိုးရင် သက်သာလာလိမ့်မယ်။ သူ့ကို ဆန်ပြုတ်ပျစ်ပျစ်နဲ့ ကြက်သားပြုတ်ကြော်ကျွေး၊ သူ ဝမ်းသုံးလေးခါ သွားမယ်၊ ပြီးရင် ပေ့ါသွားမှာပါ"

"ဆရာကြီး . . ကျွန်တော်တို့ အိမ်ကို ကြွပါဦး"

ဖြူအောင်က ဆေးဆရာကြီး ဘမိုးကို ပင့်လိုက်လေသည်။

"ဘာလုပ်ဖို့တုန်း"

"ဆရာကြီးကို ဆေးဖိုး ကန်တော့ချင်လို့ပါ"

ဆေးဆရာကြီးဦးဘမိုးက ခေါင်းခါလိုက်သည်။

"မလိုပါဘူးကွာ၊ ငါတို့ ဆရာဆီမှာ သင်ကတည်းက ရောဂါကို ပျောက်အောင်ကုပါ့မယ်၊ ငွေကို အဓိကမထားပါဘူးလို့ သစ္စာဆိုပြီးသား၊ မင်းက လူနာရှင်လား"

"ကျွန်တော်က သူ့တပည့်ပါ"

"အေး . . သူ သတိရမှ ဆေးဖိုး သူကျေနပ်တာ ကန်တော့ပါစေ"

× × ×



www.burmeseclassic.com

www.burmeseclassic.com



ဆေးများကို သုံးရက်စာ အထုပ်များနှင့် ပေးကာ၊ အရည် အပျစ်နှင့်တိုက်ရမည့် ဆေးများကို ဖန်ပုလင်းများဖြင့် ထည့်ပေးကာ ဆေးအိတ်ကို ယူ၍ ထလိုက်၏။ ဖြူအောင်က ဆေးအိတ်ကို ရိုသေစွာ ယူကာ လှည်းဖြင့် လိုက်ပို့လေသည်။

ငါးပုပ်ခြောက်ကိုလည်း မောင်စိုးကို ပေးကာ နောက်တစ်နေ့တွင် ဆန်ပြုတ်နှင့် လိုလိုမယ်မယ် သောက်ရအောင် မောင်စိုးကို မီးဖုတ်ခိုင်းလေသည်။

"ကဲ . . ကိုဒေဝရေ ခင်ဗျားလဲ ဆာရောပေါ့ဗျာ၊ ကျုပ်လဲ ခုထိ ထမင်းမစားရသေးဘူး၊ အိမ်က ယူလာတဲ့ ဟင်းတွေ ထမင်းတွေ ခင်ဗျားနဲ့ ကျုပ်ပဲ တီးလိုက်ကြရအောင်"

"ဟုတ်ပါရဲ့၊ ကျုပ် ခုမှ ဆာလောင်တာကို သတိရတော့တယ်"

သူတို့ ထမင်းစားသော အချိန်တွင် နေ့လယ် နှစ်နာရီကျော်နေပြီ ဖြစ်လေသည်။ နေမစောင်းမီ ပြန်ရောက်လာသောကြောင့်၊ လှည်းပေါ်မှ ဆေးအိတ်ကို ဇော်ထိုက်က ပြေး၍ ယူလိုက်သည်။ နှစ်နှစ်ကျော်ကျော် မသဲ ပွင့်က ခြံထဲတွင် လမ်းလျှောက်နေရာမှ သူ့အဖိုးထံ ပြေးလာသည်။

အနီးသို့ ရောက်မှ ခလုတ်တိုက်ကာ လဲလေသည်။

"သမီး၊ သမီး သဲပွင့်"

ကလေးဖြစ်သောကြောင့် အဖိုးက ချိုင်းနှစ်ဖက်မှ မ,ချီလိုက်သည်နှင့် မငိုဘဲ ရယ်ပြလေသည်။





"သွားဦးမယ် ဗျို့"

ဖြူအောင် နှုတ်ဆက်လိုက်သည်၊

"ကောင်းပါပြီ၊ ခု ဘယ်သူ့အိမ်မှာလဲ"

"ကျုပ်အိမ်မှာပဲတည်းရမှာပေါ့ဗျာ၊ ကျုပ်ရယ်၊ မောင်စိုးရယ် သူ့တပည့်ဒေဝရယ် ရှိပါတယ်"

"အချိန်မတော် အရေးကြီးရင်လဲ လာခဲ့ပါ ဖြူအောင်၊ ဆရာက ကြက်အိပ်ကြက်နိုးပဲ"

"ကောင်းပါပြီ ဆရာကြီး"

ဆရာဘမိုးက "သမီးရေ၊ ရော့ ဟေးလးယူပြီး တစ်ခါတည်း ရေချိုးလိုက်တာ ကောင်းမယ် ထင်တယ်"

"ဟုတ်တယ်၊ လူနာဆိုတော့ သွေးမွေ့ ပြည်တွေနဲ့ ကိုင်သာရတယ် မို့လား"

သူ့အဖေ၏ အလုပ်ကို နားလည်နေသော ဇော်ထိုက်က ဆေးအိတ်ကိုဆွဲကာ ယူရင်းပြောလိုက်လေသည်။

"အေးကွာ၊ အပေါ်ရောက်မှ ပြောရဦးမယ်၊ အေးအေးဆေးဆေးပေါ့၊ မင်းတို့ လင်မယားရော ထမင်းစားပြီးပြီလား"

"မစားရသေးပါဘူး အဖေရဲ့၊ ခုမှ သုံးနာရီကျော်ကျော်ရှိသေးတာ"

"အေး . . အဖေ ရေချိုးပြီး တစ်ခါတည်း စားကြတာပေါ့"

xxx

*



www.burmeseclassic.com

www.burmeseclassic.com



အနာတို့၏ သဘောမှာ ယင်းထနေလျှင်သာ ဖူးရောင်ကြွလျက် သွေးများပြည်များယိုများ အတွင်းဆေးနှင့် တည့်သောလိမ်းဆေးများရလျှင် အနာ၀ကျက်ကာအသားနုတက်လျက် ချပ်သွားတော့သည်။ အနာချပ်သွားသည်နှင့် အနာရှိန်ကြောင့်ဖြစ်သော ကယောင်ကတမ်းပြောခြင်း၊ငန်းဖမ်းခြင်းတို့ သည်လည်း ပျောက်ကွယ်သွားတော့၏။

တင်း၍ ဆုပ်ဆွဲထားသလို ဖြစ်သော အကြောများလျှော့ပါးသွားသောအခါတွင်ကား အတော်သက်သာကာ လက်ထောက်၍ပင် ထနိုင်လေသည်။

ဒေ၀ကား ထင်းရွာ၏ အစားအသောက်ပေါပုံ၊ ရွာသူရွာသားများ စေတနာကောင်းကြပုံကို တွေ့သောအခါ သူ့ဆရာမင်းထင်အတွက် အတော်ပင် ၀မ်းသာပီတိဖြစ်ရတော့သည်။

နံနက်မိုးမလင်းမီပင် နှင်းများ တဖြောက်ဖြောက် ကျနေသည့် ကြားမှ . . .

"ကိုဒေ၀ရေ"

ဟု ခြံ၀မှ ခေါ်၏။

"ဗျာ. ."

"လူမမာနိုးပြီလား"

"နိုးပါပြီ"

"သက်သာရဲ့လားဗျ"

"သက်သာပါတယ်၊ ဒီနေ့တော့ အနာတွေ ကျက်သွားပြီ"





"ဒါဆို အတော်ပဲဗျ၊ မနေ့ကတည်းက ဖက်ဆွတ်မှိုတွေရထားတာ အင်ဖက်နဲ့ ထုပ် ထားရတယ်၊ မောင်ဖိုးညီမက မှိုဟင်းအချက်ကောင်းတယ်။ သူချက်ခိုင်းဖို့၊ ကျုပ်လယ်ထဲ ကောက်ရိုးသွားတိုတ်မလို့ လာထွက်ယူဗျာ"

"ဟုတ်ကဲ့"

ဒေ၀ကိုလည်း ရွာအနောက်ပိုင်းနေသူများက တော်တော်ရင်းနှီးနေကြပြီ ဖြစ်လေသည်။

"မှိုလား"

"ဟုတ်တယ်"

"ဟိုမှာ မီးရှို့တုန်း ဖားနဲ့ခြစ်ပြီး တစ်ပွင့်၊ နှစ်ပွင့် မီးကင်ကွာ ဒေ၀၊ ရေနွေးသောက်ရတာပေါ့"

သူတို့သည် တောထဲတွင် ဖြစ်သလိုစားသောက်နေထိုင်ခဲ့ရာမှ ယခု အိမ်ထမင်းအိမ်ဟင်း စားသောက်ကာ နေရသောကြောင့် ဒေ၀မှာတောဘက်သို့ ပြန်သည့် ခုစရိုက်သမား အလုပ်မလုပ်လိုတော့ပေ။

နေ့စဉ် ရေနွေးနှင့် မျက်နှာသစ်ပေးခြင်း၊ မောင်စိုးကမုတ်ဆိတ်၊ နှုတ်ခမ်းမွေးနှင့် ဆံပင်များကို သေချာစွာ ညှပ်ပေးခြင်းကြောင့် မင်းထင်မှာ ယခင်ကလို ပုံမျိုးနှင့် မနီးရင်းစွဲ ပြန်တူလာတော့၏။

"ဒေ၀ရေ"

ဝေလီဝေလင်းတွင် နှောက်ထပ် အသံပေါ်လာပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



လှည်းသံနှင့်မို့ လှည်းပေါ်မှ ခေါ်ခြင်း ဖြစ်ကြောင်း သိသာလေသည်။

"ဗူးသီးတစ်ခြမ်းလာယူစမ်းကွာ၊ ခရမ်းချဉ်သီးနဲ့ ငါးနဲ့ ချဉ်ဟင်းချက်ခိုင်း၊ ငါးဟင်းတစ်ခွက်လာယူမယ်၊ ဒီနေ့ ဗူးသီးတွေ ငါသွားရောင်းလိုက်ဦးမယ်"

ဗူးခြံစိုက်သောသူကလည်း ဗူးသီးတစ်ခြမ်း လာပေးသည်။ တော်ကြာ ငါးခြောက်လှမ်းသူ၊ တောင်ယာခင်းကလူတွေ ပြန်လာလျှင်လည်း တစ်နေ့ဘာ ဟင်းစားရဦးမည်။ မောင်စိုးကဲ့သို့ပင် ဖြူအောင်က စည်းစိမ်ရှူ ဖြစ်သည်။ ဒေဝရှိသောကြောင့် အောက်ထပ်ကို စိတ်ချသည်။

သူသည် ပဲခင်းနှင့် နှမ်းခင်းသို့ ဆင်းရန်အတွက် ငါးနာရီခွဲလောက်မှ ထလေ့ရှိသည်။ သူမိန်းမကလည်း စကားသွက်သွက် အပြောချိုချို၊ ယော်ယော်ယဉ်ယဉ်လေး။ ဒေဝသည် ထိုလင်မယား များကို မြင်သောအခါ သူသည်လည်း အုန်းခြံထဲရှိ မိဘအိမ်တွင် သူဝင်းသူ့ခြံနှင့် နေချင်လှပါဘိ။

"အင်း . . ငါလဲ ဆရာမင်းထင်နေကောင်းရင်တော့ ငါ ရွာဘက်ကို ပြန်တော့မယ်"

မှိုများကို မီးကင်ရင်း ဒေဝတွေးတောလိုက်မိပါတော့၏။

× × ×





"ဘယ်လိုလဲကွ၊ လမ်းတွေဘာတွေ လျှောက်နေပြီလား၊ သိပ်ပြင်းပြင်းထန်ထန်မလုပ်နဲ့နော်၊ အနာက ခုမှ ကျက်ကာစ ရှိသေးတယ်"

ငါးရက်တစ်ခါလောက် အနာကို ဆေးထည့်ကာ လိုအပ်သော လိမ်းဆေးကို ကိုယ်တိုင်လူးပေးခဲ့သည့် ဆရာကြီးဦးဘမိုးကို မင်းထင်က ဆေးဖိတ်ပြုံး၍ ယူလိုက်လေသည်။

"ဆရာကြီး ပေးတဲ့ အသက်ပဲ ရှိတော့တယ်၊ အမေမွေးတဲ့အသက် မရှိတော့ဘူး"

ဆရာဘမိုးက တဟားဟား ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား ဟား"

"ဘာရယ်တာလဲ ဆရာရဲ့"

"လူနာတွေက ဒီလိုပါပဲကွာ၊ ပျောက်ကာစမှာတော့ ဆရာပေးတဲ့အသက်ပဲရှိတယ် ပြောတာပါပဲ၊ နောက် လမ်းတွေ့ရင် နှုတ်ဆက်ချင်မှ နှုတ်ဆက်မှာ"

"ကျွန်တော်က ဒီလို မဟုတ်ပါဘူး။ ဆရာကြီးရဲ့ ကျေးဇူးကို မမေ့ပါဘူး။ ဆပ်နိုင်တဲ့ တစ်နေ့မှာ ဆပ်ပါ့မယ်"

မင်းထင်က ရိုသေစွာ ပြောကြားလိုက်သည်။ ထိုစဉ်က

သူ၏ စိတ်ထဲတွင် တကယ်ပင် ဆရာကြီး ဘမိုး၏ ကျေးဇူးကို ဆပ်လိုစိတ်ဖြစ်နေပေသည်။ သူ့ကျောမှ အနာများမှာ ကျက်ကာ ယားယံစပြုလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအချိန်မှာတော့ မင်း အမဲသားတွေ၊ ကြက်သားတွေ မစားနဲ့ဟေ့၊ စားလို့ကတော့ ကျက်လာတဲ့ အနာမှာ အဖုတွေ အပိန့်တွေ ဖြစ်ပြီး ဖောင်းလာလိမ့်မယ်"

သူ့နည်းနှင့် သူသာဖြစ်သည်။ ဆရာများသည် အနာ၏ ညှိုးမည့်ရက်၊ ပျောက်မည့်အချိန်နှင့် ဖြစ်တတ်သည့် သဘာဝတို့ကို ကြိုတင် သိရှိထားလေသည်။

ဖြူအောင်နှင့် ဒေဝတို့သည် အလွန်ခင်မင်၍ တတွဲတွဲဖြစ်နေကာ ညကထောင်ထားသော ကြွက်ထောင်ချောက်များကို ဖြုတ်ယူကာ ဝင်လာကြ၏။

ဆူဖြိုးသောကြွက်ကြီးများကို တွေ့ရသည်။ စပါးကို စားသော လယ်ကြွက်ကြီးများ၏ အသားမှာ ဆူလှ၍ အသားပေါသည်။

နတ်တော်ပြာသိုလရာသီတွင် ကောက်ညှင်းပေါင်း၊ မုန့်ဆန်း၊ ဆီထမင်းတို့နှင့် အလိုက်ပင် ဖြစ်လေတော့သည်။ အချို့က ထိုကြွက်များကို ဝါးညှပ်နှင့်ညှပ်ကာ ကျပ်တင်ထားသည်။

အချို့ကတော့ ငါးခြောက် ကြိုက်သလို ငရုတ်သီးနှင့် အသားမျှင်များကို အခြောက်ကြော်ကာ ရေနွေးကြမ်းနှင့် စားကြသောက်ကြသည်။ ယခု ဆရာကြီး ဘမိုး ရောက်လာသော အခါတွင်လည်း ငရုတ်သီးနှင့် ကြော်ထားသော ကြွက်သားကြော်နှင့် အငွေ့ထနေသော ကောက်ညှင်းပေါင်းများဖြင့် ဖြူအောင်က ဧည့်ခံသည်။

"ဖြူအောင်ရေ"





"ဗျာ. . ."

"မင်းထင်ကို ကြွက်သားလဲ မကျွေးနဲ့နော်"

"ဘာဖြစ်လို့လဲ ဆရာ"

"အနာကတော့ ပျောက်နေပါပြီကွာ၊ ဒါပေမယ့် အနာမှာ အဖုတွေ ထလာမှာစိုးလို့ ဒီလေးငါးဆယ်ရက်ပါ"

"ဟုတ်ကဲ့ ဆရာ၊ ဘာကျွေးရမလဲ"

"ဒီရက်ကတော့ကွာ၊ သူ့ကို ချဉ်ရေဟင်းနဲ့ ငါးဟင်း ဆီပြန်လိုဟာမျိုးပဲ ကျွေးပေါ့"

မင်းထင်က ငါးဟင်းမကြိုက်၍ မျက်နှာ ရှုံ့မဲ့သွားလေသည်။

"မျက်နှာမရှုံ့နဲ့ မောင်ရင်၊ တော်ကြာ ကိုယ့်ချစ်သူက ခါးကို ဖက်လိုက်လို့ ဟင် မောင့်ကျောက လမျက်နှာပြင်လိုပါလား ဆိုရင် ဘယ်လိုလုပ်မလဲ"

"ဟား ဟား ဟား ဟား"

လူငယ်များက ရယ်ကြသည်။ ဆရာဘမိုးက ပြောင်တတ် နောက်တတ်လေသည်။ လူငယ်များနှင့်လည်း ပျော်ပျော်ပါးပါး နေတတ်သည်။

"နေပါဦးကွ မင်းထင်ရဲ့ ငါ ရောက်ခါစက မင်းကလဲ အနာကပြင်းနေတော့ ကယောင်ကတမ်း နာမည်တွေ ပြောနေတယ်၊ အဲဒီအထဲမှ နာမည်တစ်ခုဘာလဲ"

"နှင်းခက်လား ဆရာကြီး"

ဒေဝက လှမ်းမေးလိုက်သည်။ ဒေဝကို မင်းထင်က မျက်ရိပ်ပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဟုတ်တယ်၊ နှင်းခက်ပြန်လာပါ ဆိုလား၊ သူအော်နေတာလေ"

"ဟုတ်တယ် ဆရာ၊ အဲဒါ သူ့အစွဲအလမ်းပဲ"

ဒေဝက အခြားအကြောင်းအရာများကို မပြောဘဲ ထိုမျှသာ ပြောလိုက်၏။

မင်းထင်က အတိတ်က သူတို့၏ ဒုစရိုက် လုပ်ငန်းကို တတ်နိုင်သမျှ လျှို့ဝှက်ဖုံးကွယ်ထားချင်သည်။

ဖုံးကွယ်မထားချင်၍ မရ ရဲ့ဘက်မှ သိလျှင် သူနေထိုင်သည့် ရွာသို့ မီးခိုးကြွက်လျှောက် လိုက်လာနိုင်လေသည်။

"ရော့ . . ဒီတစ်ခါ ဆေးများများ ပေးခဲ့မယ်၊ ဒီဆေးပဲ လိမ်းပေး၊ အနာကျက်သွားရင်တော့ ပြန်ပြီး မဖြစ်တော့ပါဘူး ကွာ"

ဆရာတမိုးက နှုတ်ဆက်ကာ ထလိုက်၍ ဖြူအောင်က ဆေးအိတ်ယူကာ လှည်းရှိရာ ထွက်လာခဲ့ရတော့၏။

× × ×
*

အိမ်သားများ အားလုံးလိုလိုမှာ အိပ်စက်နေကြပြီဖြစ်၏။ အိပ်၍ မပျော်သည်မှာကား မင်းထင်နှင့် ဒေဝဖြစ်လေသည်။

"ဒေဝ . . ငါ ဒီကိစ္စတစ်ခု လုပ်ပြီးရင် နောက်ဘယ်တော့မှ ဒုစရိုက်လုပ်ငန်း မလုပ်တော့ဘူးလို့ ဆုံးဖြတ်ထားတယ်။ ငါလဲ လူကောင်းသူကောင်းတစ်ယောက်အဖြစ် နေချင်တယ်"





"ဆရာမင်းထင် သိတဲ့အတိုင်းပဲ၊ ကျွန်တော်တို့မှာသာ နောက်က ဒုစရိုက်လုပ်ငန်း လုပ်ထားတာမရှိရင် ဘယ်လောက်အေးချမ်းမလဲ၊ ရွာသူရွာသားတွေကြည့်၊ ဘာမှ ပူစရာ မရှိဘူး၊ ကျွန်တော်တို့မှာသာ ရဲ့စတတ်စုံတွေ့ရင် ဟိုပုန်းရ ဒီပုန်းရနဲ့"

"ဟုတ်ပါတယ်ကွာ၊ ငါ့မှာလဲ ဓားပြတိုက်တုန်းက ရထားတဲ့ ငွေတွေ ရွှေတွေ တော်တော်များများ ရှိပါတယ်။ မင်းလဲ သိပါတယ်၊ ငါဟာ အသုံးအဖြုန်းနည်းတယ် ဆိုတာလေ"

"ဆရာ အဲဒါတွေ ဘာလုပ်ထားသလဲ"

"ဟာ . . ဒါတွေလား၊ ဒါတွေကတော့ နောင်ရေးအတွက် သိမ်းထားရတာပေါ့၊ မတော်လို့ နှင်းခက်ဟာ ကိုယ်ဝန်ပါသွားရင် ငါ့သားသမီးအတွက်ပေါ့ကွာ"

"အော် ဆရာမင်းထင်၊ ဆရာမင်းထင်"

"မင်းက ငါ့နာမည်ကို ဘာလို့ ရေရွတ်နေရတာလဲ"

"အော် ဆရာဟာ၊ ကိုယ့်ပေါ်မှာ ဒီလောက်ရက်စက်တဲ့ မိန်းမတစ်ယောက်ကို ခုထိ စိတ်ထဲက မပြတ်နိုင်သေးပါလား"

မင်းထင်က ဒူးနှစ်ဖက်ပေါ် လက်တင်ကာ . . .

"လူဆိုတာ ခက်တယ် ဒေဝ၊ ကိုယ့်ပေါ်မှာ ကောင်းတာဆိုးတာက တ ခြားပဲ၊ နှစ်သက်စွဲလမ်းတာက တစ်ခြားပဲ"

"ဆရာ့ကို ခုလို ဓားနဲ့ ထိုးသွားလို့ မသေမရှင်ကျန်ခဲ့တာတောင် ဆရာက ဒီမိန်းမနဲ့ တွေ့ချင်သေးတယ်"

မင်းထင်က ခပ်သွဲ့သွဲ့ ရယ်လိုက်သည်။

"တွေ့ချင်သေးတယ် ဒေဝ၊ ဒါပေမယ့် သူ့ဆီကို မသွားခင် ငါ့မှာ လုပ်စရာ တစ်ခုရှိတယ်၊ အဲဒီအလုပ်က မင်းကူညီမှ ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . "

"ဘာ အလုပ်လဲလို့ မမေးနဲ့၊ ငါ မလုပ်ချင်တော့တဲ့ ဒုစရိုက်အလုပ်ပါ၊ ငွေကတော့ များများ မရနိုင်ဘူး၊ ဒါပေမယ့် လူတစ်ယောက်၊ ဒါမှမဟုတ် မိသားစု တစ်ခုလုံးသေသွားတယ် ဆိုရင် ငါ့ဆန္ဒက ပြည့်ပါပြီ"

ဒေဝတွေဝေသွားသည်။ မင်းထင် ဘာကို ဆိုလိုသည် ကို သူလည်း ရိပ်မိပါသည်။ သူသည် မစားရသောအမဲ သဲနှင့် ပက်ဆိုသကဲ့သို့ သာယာလှပနေသော ဇော်ထိုက်၏ ဘဝကို ဖျက်ဆီးပစ်ချင်သည်။

ဇော်ထိုက်က သမီးလေး သဲပွင့်၊ ဇနီးယဉ်နွယ်တို့နှင့် ပျော်ရွှင်စွာနေသည်။ သူ့ထံမှ လုယူသွားသော ထိုမိန်းမနှင့် ကလေးကို သူသည် အသေသတ်ပစ်လိုက်ချင်၏။

"ဆရာမင်းထင်၊ နည်းနည်းလဲ ဆင်ခြင်ပါဦး"

"ဘာကို ဆင်ခြင်ရမှာလဲ"

"ဆရာကြီးဘမိုးက၊ ဆရာမင်းထင်ရဲ့ အသက်ကို ကယ်ထားတာလေ"

"ဒါပေမယ့် တစ်ချိန်ကတော့ ငါ့ရဲ့ ဘဝကို ပျက်အောင် ဒုစရိုက်သမားဖြစ်အောင် တွန်းပို့တဲ့လူတွေထဲ ဒီဆရာကြီးလဲ ပါတယ်။ သူက သူ့သားနဲ့ ယဉ်နွယ်ကို ပေးစားဖို့ သဘောမတူ ခဲ့ရင် ငါ့ဘဝ ဒီလို မဖြစ်ဘူး"

"ပြီးခဲ့တာတွေ ထားလိုက်ပါတော့ ဆရာမင်းထင်ရယ်၊ ဝေဒနာပျောက်ရင်လဲ မနက်ဖြန်ဒီရွာက ထွက်ကြပါစို့"





ဒေဝက ဖျောင်းဖျလိုက်သည်။

"ဒေဝ၊ ငါက စကားကို တစ်ခွန်းပဲပြောမယ်၊ ငါ ဇော်ထိုက်ရဲ့ ဘဝကို ဖျက်ဆီးပြီးမှ ဒီရွာက ထွက်မယ်၊ဒါပဲ"

× × ×

ဒေဝသည် သူတို့၏ ခေါင်းဆောင် မင်းထင်ခေါ် တိမ်ပေါ်ကကျား၏ ဆန္ဒကို မည်သည့်အခါမျှ ဖျက်ဆီး ချိုးဖဲ့ခြင်း မပြုနိုင်ခဲ့ချေ။ ထို့ကြောင့်လည်း ဒုစရိုက်လုပ်ငန်း နည်းနည်းမှ များများ၊ များများမှ ရာဇဝတ်မှုများပင် ကျူးလွန်မိကာ ဒေဝမှာ နောက်တော့ ရဲ ဘက်မှ လိုချင်သူစာရင်းဝင် အဖြစ် နာမည်ထွက်လာခဲ့လေသည်။

'တိမ်ပေါ်ကကျား' ဟူသော နာမည်နှင့် အတူတွဲ၍ ထင်ရှားလာသော သူတို့မှာ ဒေဝ၊ ယက္ခ၊ ဇော်အေး မဲလုံးနှင့် တိုက်မောင်းတို့ပင် ဖြစ်သည်။ ထိုကိစ္စမျိုးကို စီစဉ်နိုင်သူမှာ ယက္ခသာဖြစ်သည်။

ယက္ခသည် လူသတ်ဖို့ကိစ္စ၊ ဖျက်ဆီးလုယက်ပို့ ကိစ္စများကို အစီအစဉ်ဆွဲကာ လုပ်တတ်သည်။ သူ ကျန်းမာလာသော အခါတွင် ယက္ခရှိသော မြေနီကုန်းရွာသို့ ထွက်ခွာကာ တိုင်ပင်၍ ထင်းရွာသို့ လူမသိအောင် ဝင်လာမည်ဟု ဆုံးဖြတ်ချက် ချထားလိုက်လေသည်။

"ကဲ . . ကဲ ဒေဝရာ၊ မင်းနဲ့ တိုင်ပင်နေလို့ အပိုပါပဲ၊ ဒါမျိုးက ငါ့တပည့်ယက္ခနဲ့မှ ဖြစ်မှာ၊ ဒီတော့ မနက်ဖြန် ငါ ဒီရွာက



www.burmeseclassic.com

www.burmeseclassic.com



ထွက်မယ်"

"ဟာ . . မနက်ဖြန်ပဲ ထွက်တော့မလား"

ဒေဝ အံ့အားသင့်သွားသည်။

"ဟုတ်တယ်၊ ဒီကိစ္စ မင်းသဘောမတူရင် ဒီကနေ သမ်းခွဲချင် ခွဲပေတော့၊ငါကတော့ ယက္ခရှိတဲ့ မြေနီကန်ရွာကို သွားတော့မယ်"

ဒေဝတွေဝေသွားသည်။ သူသည် မင်းထင်၏ လွှမ်းမိုးမှုဖြင့်နေရာ မင်းထင်မှာ မည်သည့်အခါမဆို စားဝတ်နေရေးအတွက် ဖန်းတီးပေးတတ်သည်။ ပြီးတော့ မင်းထင်မှာက ဓားပြတိုက်စဉ်က စုဆောင်းထားသော ရွှေငွေရတနာများ ရှိနေ၏။

ရှိနေသည်မှာ နည်းနည်းနောနော မဟုတ်။ မြို့တစ်မြို့၊ နယ်တစ်နယ်တွင် သူဌေးအခေါ်ခံကာ စီးပွားရေး လုပ်ငန်းတစ်ခုခု လုပ်နိုင်လောက်သည်အထိ သူ့မှာ ရွှေများ ရှိကြောင်း မင်းထင်က ပြောပြခဲ့သည်။

ထိုစကား ဖြစ်နိုင်ပါသည်။ သူသည် ယခု မင်းထင်နှင့် လမ်းခွဲကာ သူ့ဇနီးနှင့် သားရှိသော ရွာ အုန်းတောသို့ ပြန်သွားခဲ့လျှင် ရဲ က လာရောက်ဖမ်းဆီးလာက ဘာတတ်နိုင်မည်နည်း။ ယခု သူ့ယောက္ခမနှင့် တံငါရွာတွင် ငါးရောင်းကာ ငြိမ်းချမ်းစွာ နေနိုင်နေသည်။

သူ ရောက်သွားကာမှ သောက ဗျာပါဒဖြစ်ရဦးမည်။ သူ့မိန်းမက သူ့ကို လောကစံခံစားရခြင်းအတွက် ငြိုငွေ့နေသည်။ လောင်းကစားကို ဖြတ်နိုင်လျှင် အချိန်မရွေး လာခဲ့ဟုဆိုသည်။ ယခုပင် ဖြူအောင်တို့နှင့် လယ်တဲ၌ ကိုးမီးဝိုင်း ဖွဲ့နေ





ခြင်းကို သဘောကျနေခဲ့၏။

သူက လောင်ကစားကို မိန်းမထက် ချစ်သူဟု ဆိုရလေမည်လားမသိ။ မင်းထင်ကတော့ သူ မနက်ဖြန်သွားဖို့ ခရီးစဉ်ကို ရေးဆွဲနေသည်။ နံနက်စောစော သူသည် မြစ်ဆိပ်မှ မြေနီကန် ရွာသို့ သွားမည့် လှေကြုံဖြင့် လိုက်ချင်သည်။

"ဒေဝ"

စကားမပြောဘဲ ကိုယ့်အတွေးဖြင့် ကိုယ်နေရာမှ မင်းထင်က လှမ်းခေါ်လိုက်သည်။

"ဗျာ. ."

"မနက်ဖြန် မင်းငါနဲ့ မလိုက်ဘူး ဆိုရင်တော့ တို့ လမ်းခွဲကြရမှာပေါ့၊ မင်း ရွာကို ပြန်မှာလား"

"ကျွန်တော် အဲဒါ စဉ်းစားနေတာ"

"မင်းရွာကလဲ ရဲ တွေ မျက်စိကျလို့ မကြာခဏ လာရှာတဲ့ရွာပဲ၊ ကြည့်လုပ်ပေါ့ကွာ၊ အမြဲနေလို့တော့ မကောင်းဘူး"

"ဟုတ်တယ်၊ ကျွန်တော် မနက်ဖြန် ဆရာမင်းထင်နဲ့ပဲ လိုက်ခဲ့ပါ့မယ်၊ ဒုစရိုက်သမား ဘဝမှာနေတာ နောက်ထပ် ဒုစရိုက်မှုတစ်ခု ထပ်ကျူးလွန်ဖို့ ဝန်လေးမနေတော့ပါဘူး"

"တိုးတိုးပြောစမ်းပါကွာ"

× × ×



www.burmeseclassic.com

www.burmeseclassic.com



မနက်စောစောမှာပင် အထုပ်အပိုးများ ပြင်ဆင်ကာ ဖြူအောင်ကို နှုတ်ဆက်စကားဆို၍ ဖြူအောင်က အံ့အားသင့်သွားသည်။

"ဟင် . . သွားတော့မလို့လား ဆရာမင်းထင်၊ ဘုန်းတော် မြစ်ဆိပ်ကို လှည်းနဲ့ လိုက်ပို့ပါ့မယ်"

"ဟာ မင်းပဲခင်း သွားစရာ ရှိတယ် မို့လား၊ သိပ်ဝေးတာမှ မဟုတ်တာပဲ၊ တို့ လမ်းပဲ လျှောက်သွားပါ့မယ်"

မင်းထင်က သူ၏ ခရီးဆောင်အိတ်ကို လွယ်ကာ ပြောလိုက်၏။

"ဘာပဲဖြစ်ဖြစ် လှည်းနဲ့ဆိုတော့ လူသက်သာတာပေါ့"

"ရပါတယ်ကွာ၊ နောက်တွေ့ကြသေးတာပေါ့။ ငါ ရောက်လာတုန်း ဒီရွာမှာ မင်းဒီလိုပြုစုတဲ့ ကျေးဇူးကို မမေ့ပါဘူး"

"ရပါတယ် ဆရာမင်းထင်၊ ဆရာမင်းထင်ရဲ့ ကျေးဇူးက ဘုန်းတော်ပေါ်မှာ ဒီ့ထက်များနေတာပဲ"

"ကဲ . . လှည်းတွေ နွားတွေ လုပ်မနေနဲ့ မောင်စိုး။ ဘို့ အိမ်နီးချင်းတွေလဲ နှုတ်ဆက်ရအောင်၊ လမ်းလျှောက်ပဲ သွားကြတာပေါ့"

မင်းထင်သည် ဒေဝ၊ လိုက်၍ ပို့သောဖြူအောင်တို့နှင့် အတူ မြစ်ဆိပ်ဘက်သို့ ထွက်လာရင်း . . .

"မောင်စိုးရေ သွားပြီဟေ့"





ဟုမောင်စိုးတို့ ဝင်းပေါက်မှ နှုတ်ဆက်လိုက်သည်။

"ဟာ ဆရာမင်းထင် မဟုတ်တာ၊ ဘာလက်ဆောင်မှ မပေးရဘူး၊ခဏစောင့်ပါဦး"

မောင်စိုးက သူ့အိမ်ပေါ်မှ ထုပ်ထားသော မှိုခြောက် ပန်းခြောက်များ ယူလာကာ ပေးသည်။

"နေပါစေကွာ"

"ယူသွားပါ ကိုဒေဝရာ၊ ခင်ဗျားတို့ လမ်းမှာ စားရတာပေါ့"

ရွာသားလေးကား ဤသို့ပင်၊ နောက်ထပ် နှုတ်ဆက်သည့် အိမ်များကလည်း ထန်းလျက်၊ မြေပဲများပေးကြရာ လှေဆိပ်သို့ ရောက်သောအခါတွင်ကား ဒေဝ၏ လက်ထဲတွင် အတော်ပင် ဆွဲ၍ မနိုင်သောကြောင့် ဖြူအောင်ကပါ ကူဆွဲပေးရလေသည်။

လှေပေါ်သို့ ရောက်သောအခါတွင် မြေနီကန်သို့ မရောက်၊ မြေနီကန်အနီးမှ သရက်ကုန်းရွာသို့သာ ရောက်မည်ဆို၍ ထိုနေရာမှ ဆင်း၍ လျှောက်ရန် ဆုံးဖြတ်ကာ ထိုလှေနှင့်ပင် လိုက်ဖို့ရန် ရည်ရွယ်ကြလေသည်။

"ကဲ. . . သွားပြီ ဖြူအောင်ရေ"

"သွားတော့ ဆရာမင်းထင်၊ ဆရာလဲ အသက်အရွယ်ကြီးပြီ၊ သိပ်ပင်ပန်းတဲ့ အလုပ်တွေ လုပ်မနေနဲ့တော့"

"အေးပါကွာ၊ ငါလဲ ဒီလိုပဲ စိတ်ကူးထားပါတယ်"

× × ×



www.burmeseclassic.com

www.burmeseclassic.com



ဆေးဆရာကြီး ဘမိုးထံမှ တဖြေးဖြေး ရောဂါဝေဒနာ သက်သာလာသော မင်းထင်၏ သတင်းကို ယဉ်နွယ်ကြားရသည်။ ယဉ်နွယ်သည် ဘာကြောင့်မှန်းမသိ။ မင်းထင် ဤရွာသို့ ရောက်ရှိလာခြင်းအတွက် စိတ်နှလုံးလေးလံနေပေသည်။

သူမ၏ အဖေ သိုင်းဆရာကြီး ဦးချစ်သောင်းက သတိပေးသွားသောကြောင့် ယခုရက်ပိုင်းအတွင်း သူမ၏ မျက်လုံးထဲတွင် နေထွက်စလိုလို မီးလုံးကြီးကို မြင်၍ နေရာ . . .

"ငါ့ စိတ်ထင်လို့ ထင်ပါရဲ့၊ အဖေပြောသလို ဆိုရင်တော့ ဒီလို မီးလုံးနီနီကြီးတွေ့ရင် တို့အမျိုးတွေ သေတာပဲတဲ့"

မနက်ဖြတ်ဆိုလျှင် လယ်ယာထွက်ပဲ၊ နှမ်းများဝယ်ထားရာ မြို့သို့ တက်၍ ရောင်းရမည့်နေ့ ဖြစ်လေသည်။

"ကိုဇော်"

"ဟေ"

"ကိုဇော်မနက်ဖြန် မြို့ကို တက်ပြီး ပဲတွေ၊ နှမ်းတွေ သွားရောင်းမယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ ဒါ အဆန်းလား နွယ်ရဲ့"

"နွယ့် စိတ်ထဲမှာ တစ်မျိုးဖြစ်နေလို့"

"ဘာဖြစ်လဲ နေမကောင်းတာလား၊ အဖေပြန်လာမှ နှလုံးသွေးသန့်ဆေးလေးဘာလေးတောင်းသောက်လိုက်ဦး"

ခြံထဲတွင် သမီးလေး သဲ ပွင့်နှင့် ကစားနေသော ဇော်ထိုက်က ပြောလိုက်၏။ သဲပွင့်မှာ သုံးနှစ်နီးပါးမျှ ရှိသည်၊





"ဖေဖေ"

"ဟေ"

"မေမေ ညည်းညည်း"

"အေး ဟုတ်တယ်နော်၊ သမီးမေမေက သိပ်ညည်းတာပဲ"

မကြာမီ လှနာအိမ်မှ ပင့်သွားသောသူညီးနှင့် ဆရာကြီး ဘမိုး ပြန်လာသည်ကို တွေ့လိုက်ရ၏။

"ဖိုးဖိုး"

"ဖိုးဖိုး"

"ကိုဇော် ကလေးကို ဆွဲထားလိုက်ပါဦး"

အဖိုးကို တွေ့လျှင် ပြေးသွားတတ်သော သဲပွင့်လေးကို ဆွဲထားရသည်။

"ဖိုးဖိုးက ဆင်းလာမှာပါ သမီးရဲ့"

"ဖိုးဖိုး ရာ ရာ"

ကလေးက ဇော်ထိုက်ပေါ်မှ မပီကလာပီကလာဖြင့် လက် ရပ်ခေါ်နေသည်။

ဆေးဆရာပင့်သူက လှည်းကို ရပ်ကာ ဆေးအိတ်ကို ယူကာ ဝင်လာ၍ ယဉ်နွယ်က ဆီးကြိုယူထားလိုက်ရလေသည်။

ဆေးဆရာကြီးဘမိုးက ခြေးတို ချီလိုက်လေသည်။ ပြီးနောက် . . .

"မင်းထင်တော့ အနာပျောက်လို့ ပြန်သွားပြီဟေ့"

ဟု ပြောသည်။

"ဟုတ်လား၊ အဖေ့ကို နှုတ်ဆက်လား"



www.burmeseclassic.com

www.burmeseclassic.com



"သူ့တပည့်တွေတော့ နှုတ်ဆက်ခဲ့တယ်လို့ ပြောလိုက်ပါ တဲ့၊ သုံးရက်လောက်ရှိပြီ၊ ပင်လယ်ဘက်ထွက်တဲ့လှေကြီးနဲ့ လိုက် သွားတယ်ဆိုပဲ"

"ကောင်းပါတယ်၊ သူ့ရောဂါဝေဒနာပျောက်တော့လဲ ကိုယ့်အရပ်ကိုယ် ပြန်တာ ကောင်းတာပေါ့"

မင်းထင်ပြန်သွားပြီ ဆို၍ တစ်မျိုးတော့ စိတ်အေးရ သည်။ သို့သော် နှစ်ညတိတိဆက်၍ မြင်ခဲ့ရသော မီးလုံးနီနီကြီး က ယဉ်နွယ်ကို စိတ်အနှောင့်အယှက်ပေးလျက် ရှိသည်။

"တို့ အမျိုးတွေ သေခါနီးရင် အဲဒီ နေထွက်စလို မီးလုံး နီနီကြီးကိုတွေ့ရတော့တာပဲ"

သူမ ဖခင်၏ စကားကို ကြားယောင်လာ၍ ယဉ်နွယ်၏ စိတ်ထဲမှာ ပူပန်လာသည်။ သို့သော် ခရီးထွက်မည့် သူ့ ယောကျ်ားကိုလည်း စိတ်မချမ်းသာအောင် ထပ်၍ ဖွင့်မပြော ရက်တော့။

× × ×

တစ်ဖက်ရှိ နှစ်ထပ်အိမ်ပြတင်းပေါက်တွင် ရပ်နေသော ဖိုးညက်ကို တွေ့ရလေသည်။ ဖိုးညက်ဟု ဆိုသော်လည်း လူက ဝတုတ်သည်။ သူသည် ထိုနေရာမှ လှမ်း၍ သဲပွင့်ကို ခေါ်တတ် သည်။ မြူတတ်သည်။

"ဖိုးညက်ရေ"





"ဟေ. ."

"မိန်းမနဲ့ ကလေးကို ကြည့်လိုက်ပါကွာ၊ မင်းဦးလေးက ညနေမှ ပြန်လာမှာ"

"စိတ်ချ သူငယ်ချင်း၊ ငါလဲ ပျင်းတာနဲ့ ခုပဲ သဲပွင့်ဆီ လာကစားမလို့"

"ကောင်းတယ်။ သဲပွင့်ကလည်း သူ့ သူငယ်ချင်း လာမလားလို့ မျှော်နေတာဟိုမှာ ကြည့်လေ"

"ရာ . . ရာ"

သဲပွင့်က ဖိုးညက်ကို လက်ရှေ့လှမ်းခေါ်လေသည်။ မျက်လုံးများကို မှိတ်လျှင် ထိုနီနီလုံးကြီးကို မြင်နေရ၍ ယဉ်နွယ် က မျက်လုံးကို မမှိတ်ရဲ။

"ဟင်း . ."

သူမသည် သက်ပြင်းချလိုက်၏။

"ကိုဇော်"

"ဟေ. ."

"စောနိုင်သလောက် စောစောပြန်ခဲ့နော်၊ ည မအိပ်ရ ရင် သိပ်ကောင်းမှာ"

ထိုစကားပြောသည်ကို ဇော်ထိုက်က မကြိုက်ပေ။

"မင်းကလဲကွာ၊ ခရီးသွားခါနီးလာခါနီး ဒေါက်ဆဲတင်း အောင် ပြောနေပြန်ပြီ၊ အရောင်းအဝယ်ကိစ္စပြီးရင် ချက်ချင်း ပြန်လာမှာပေါ့ကွ"

ယဉ်နွယ်၏ မျက်နှာမှာ ညှိုးကျစွာနှင့် ခေါင်းငုံ့သွားခဲ့ လေသည်။ ပခင်းထဲတွင် သူ့လှည်းများအား လိုက်မောင်းမည်



www.burmeseclassic.com

www.burmeseclassic.com



သူ ရှိသည်။ သမီးကို လက်ပြရင် ဇော်ထိုက်သည် လှည်းကို မောင်း၍ထွက်သွားလေတော့သည်။

ဇော်ထိုက်ရင်ထဲမှာလည်း တစ်မျိုးဖြစ်နေလေသည်။ သည်တစ်ခေါက် မြို့သို့ မြေပဲနှင့် နှမ်းများ အရောင်းထွက်ရသည်မှာ စိတ်လေးသလိုလို။

"အလကား၊ ညကျ ဖေဖေပြန်လာမှာပဲဟာ၊ ဒီမိန်းမက စိတ်မချအောင်လုပ်တယ်။ သူတို့အကြောင်း တွေးနေလို့ မဖြစ်ပါဘူး။ ပဲဈေးတွေ တက်မယ် ပြောတယ်။ ပဲခွဲစက်ကို ရောက်မှ

တိတိကျကျ သိရမှာပဲ"

မကြာမီ သူ့လှည်းကို စောင့်နေသော မြေပဲများ အပြည့်အမောက်တင်ထားသည့် လှည်းများကို တွေ့သည်နှင့် စိတ်အာရုံမှာ အရောင်းအဝယ်ကိစ္စသို့ ရောက်ရှိသွားလေတော့သည်။

× × ×

ထိုညက လမိုက်ညဖြစ်သောကြောင့် တစ်ရွာလုံး မှောင်မဲတိတ်ဆိတ်နေလေသည်။ မြစ်ဆိပ်မှ ရွာလမ်းအတိုင်း အိုးများ ထမ်းလာသောလူတစ်စုမှာ ဆေးဆရာကြီး ဘမိုး၏ အိမ်ရှိရာသို့ တရွေ့ရွေ့လာနေလေသည်။ ညဥ့်ငှက်များမှာ ထိုး၍ ကွဲကနဲ အောက်လိုက်ရာ ထိုသူများပင် လန့်၍ သွားလေသည်။

"သိပ်မှောင်နေတယ်ကွာ၊ ဒေဝ မင်းမှတ်မိတယ်နော်"





"မှတ်မိပါတယ် ဆရာ၊ ရှေ့ကခြံဝင်းအသစ်ခတ်ထားတဲ့ အိမ်ပဲ"

အချိန်မှာ ည ၁၂နာရီကျော်လျက် နံနက်(၂)နာရီထိုး၀ အချိန်ဖြစ်သောကြောင့် တစ်နေ့လုံးပင်ပန်းစွာ လုပ်ရှားနေကြသည့် ရွာသူ ရွာသားများ အိပ်မောကျနေသည့် အချိန်ပင် ဖြစ်လေတော့သည်။ ထိုအချိန်တွင် လူခြောက်ယောက်သည် ဆေးဆရာကြီး ဘမိုးအိမ်ကို တွေ့သည်နှင့် ခြံဝင်း ပတ်ပတ်လည်ကို လှည့်ကာ အိုးထဲမှ အရည်များ လောင်းလေသည်။

ထိုအရေများမှာ ရွှားပါးစွာ ဝယ်ယူလာရသော သံလွင်ရေနံမြေမှ လာသည့် ချက်ပြီးသား ရေနံဆီများပင် ဖြစ်လေသည်။

"ကဲ. . ယက္ခ၊ မင်း ဝင်စမ်း၊ အိမ်အောက်က တိုင်ခြေလှေကားတွေ အပေါ်က ဖျဉ်တွေပါ ရသလောက်ပက်"

တကယ်တော့ ယက္ခသည် လှေကားကို မသိပေ။ သူသည် အိမ်ထဲဝင်သွားရာ လှေကားနှင့် ဆောင့်၍ အိုးတစ်လုံး ကျကွဲသွားလေသည်။

"ခွမ်း . ."

"ဟင် . ."

နောက်ထပ်လည်း ရေနံဆီမရှိဘော့ပေ။ ဆေးဆရာကြီး ဘမိုးမှာ ထိုအသံကို ကြားလိုက်ရသည်။

သည့်နောက်တော့ ယက္ခမီးရှို့လိုက်၍ ခြံဝင်းရော၊ အိမ်အောက်ပါ မီးများက တဟုန်းဟုန်း တောက်လာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မီးဗျို့ မီး"

"မီး . . မီး၊ ရှူမီးကွ ငြိမ်းကြ"

လူတွေပြေးလာသည်။ တစ်ဖက်ခြံအပေါ်ထပ်မှ ဖိုးညွှက်က လှမ်းကြည့်ရာ မီးတောက်ရောင်ဖြင့် အိမ်ထဲမှ ထွက်လာမည့်သူကို ဓားနှင့် ခုတ်သတ်ရန် စောင့်နေသော ပါးတွင် ဒဏ်ရာနှင့် ယက္ခ၊ လက်ညှိုးထိုးကာ အမိန့်ပေးနေသော မင်းထင်ကို မြင်လိုက်ရလေသည်။

အိမ်ထဲမှ ကယ်ပါ၊ ယူပါ အသံများ ထွက်နေလေသည်။

"ကယ်ကြပါဦး၊ လုပ်ကြပါဦး"

ထိုအော်သံမှာ သနားစရာကောင်းလှသော ဆေးဆရာကြီးဘမိုး၏သမီး ယဉ်နွယ်၏ အသံပင် ဖြစ်လေသည်။

ဆေးဆရာကြီး၊ အသံနှင့် ကလေးငိုသံကိုကား မကြားရပေ။ သူသည် အိမ်ခေါင်မှ တစ်ဆင့် သစ်ပင်ပေါ်သို့ တက်ကာ ဖိုးညွှက်သည် အလင်းရောင်ဖြင့် မီးရှူသူ (၆)ဦးထွက်ခွာသွားသည်ကို သေချာစွာ ရေတွက်မှတ်သားလိုက်လေသည်။

ရွာသားများ တစ်ယောက်တစ်လက် ဝိုင်း၍ ငြိမ်းသတ်ကြလေရာ (၂)နာရီခွဲမှာပင် တစ်အိမ်လုံး ဘာမျှ မကျန်အောင် လောင်ကျွမ်းသောမီးသည် ငြိမ်းသွားလေတော့သည်။ ရှိသမျှ မီးကြွင်းမီးကျန်များကို ငြိမ်းသတ်သော အခါတွင် လှေကားရင်းတွင် အရိုးစုတစ်ခုကို တွေ့ရသည်။

ဆေးဆရာကြီး ဦးဘမိုးနှင့် ကလေးတို့ကား အားလုံး လောင်ကျွမ်းအောင်ပင် အပေါ်ထပ်မီးလောင်သွားသောကြောင့်





အရိုးပင် မတွေ့ရဟု ရွာသူရွာသားများက ယူဆကြလေသည်။

× × ×

ပထမတော့ ဖိုးညွှက်ပြောသည့် စကားတွေကို ဇော်ထိုက်သည် ကြားသယောင်ရှိ၏။ သို့သော် နောက်ပိုင်း ဆက်ပြောသည့် မီးထဲမှ အော်သံမှာ ယဉ်နွယ်၏ အသံဖြစ်နိုင်ကြောင်း၊ ရသမျှ အရိုးများကို လိုက်ကောက်ကာ အလောင်းသုံးလောင်းအတွက် ပြင်ထားရကြောင်း ပြောသောအခါ သူ့မျက်လုံးများသည် သတိမရှိတော့။

သူသည် နားထဲတွင်လည်း ဘာသံမျှ မကြား၊ မျက်လုံးထဲတွင်လည်း ဘာသံမျှ မမြင်။ ဟင်းလင်းပြင်ကြီးသာ ဖြစ်နေလေတော့သည်။ ဖိုးညွှက်နှင့် ရွာသားများက ဇော်ထိုက်၏ အခြေအနေကို ကြည့်ကာ အခြေအနေ မဟန်ကြောင်း သိရသည်။

"ဇော်ထိုက်"

"ဇော်ထိုက်၊ မင်းငါခေါ်နေတာကြားတယ်နော်"

"အင်း . . ."

ဇော်ထိုက်၏ ပါးစပ်မှ အင်း ကနဲ မြည်သံ ထွက်လာသော်လည်း သူ့မျက်လုံးများက ဈေးရှေ့မှ အမှိုက်ပုံကြီးကိုသာ စိုက်ကြည့်နေသည်။

သူ့မျက်လုံးများသည် ထိုနေရာမှ လွဲ၍ ဘာသိမှ မရွေ့



www.burmeseclassic.com

တော့။

"ဇော်ထိုက်"

"သတိထားဇော်ထိုက်၊ ငိုချလိုက်"

"မင်း ငိုချင်ရင် ငိုချလိုက်"

ဇော်ထိုက်က နှလုံးကို ပြင်းထန်စွာထိခိုက်သွားလေပြီ။ သူသည် ဆရာကြီး ဦးချစ်သောင်းထံမှသာ သိုင်းပညာနှင့် ပတ်သက်သော နှလုံးအင်အားများ ရရှိအောင် မလေ့ကျင့်ခဲ့ပါက ဤနေရာမှာပင် အသက်ရှူရပ်ကာ သေဆုံးသွားဖွယ်ရာပင် ဖြစ်လေသည်။

"ဟင်း . ."

သူသည် မချိမဆံ့ သက်ပြင်းကြီးတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။ သည့်နောက်တွင်တော့ သူ့အား ငွေ ရှင်းနေသည့် ထိုင်ခုံပေါ်မှာပင် ဇော်ထိုက်မှာ အရုပ်ကြိုးပြတ် ဝုန်းခနဲ လဲကျသွားလေတော့သည်။

လူတွေ၏ ခလေ့က တစ်ခုခု အထူးအဆန်း ဖြစ်လျှင် သိချင်ကြသည်။ ဝုန်းခနဲ ကြားသည်နှင့် ဈေးစည်ကားသည့် အချိန်ဖြစ်သောကြောင့် လှည့်ကြည့်ကြလေသည်။

ရိုက်မှုလား။

လုယက်မှုလား။

ငွေကြေးပြဿနာလား ဟူ၍ လူများက စူးစမ်းကြလေသည်။

သတ္တိကောင်းသော ဖိုးညှာက်၏ အစ်ကိုဘတားက . .





"ဖိုးညှာက်၊ ငွေတွေကို ဇော်ထိုက်ဘေးကသိမ်း၊ ခင်ဗျားတို့က ဇော်ထိုက်ကို ကာထား"

ဟု ပြောလိုက်ပြီး ဆိုင်၌ဖဲသို့ ဝင်ပို့ ပြင်နေသည့် လူများကို တားမြစ်လိုက်လေသည်။

"ဘာမှ မဖြစ်ဘူး၊ ကျုပ်တို့ ထင်းရှာက် လူမှုရေးကိစ္စ၊ သွားသွား ကိုယ့် ... ရှိတာ ဝယ်"

ဘတူး ထိုသို့ ပြောလိုက်တော့မှပင် ရပ်ကြည့်နေသော လူများ ထွက်သွားကြသည်။

"ဖိုးညှာက် မဖိုး၊ နမ်းဖိုးအကျေပေးပြီးပြီလား ဆိုင်ရှင်ကို မေး၊ သူ့အိတ်ထဲငွေဘယ်လောက်ရှိသလဲ နှိုက်ကြည့်"

ဘတူးက အလုပ်များကို ဆက်တိုက်လုပ်သည်။ သူသည် အိမ်တွင် အိပ်မရှိသော်လည်း သွက်လက်တက်ကြွသူ ဖြစ်သောကြောင့် ဖိုးညှာက်ကို ခိုင်းလိုက်သည်။ ဖိုးညှာက်က ဇော်ထိုက်၏ အိတ်ထဲ နှိုက်ကြည့်လိုက်ရာ ငွေစက္ကူ တစ်ထပ်ကြီး ထွက်လာလေသည်။

ဖိုးညှာက်သည် ထိုငွေများကို ရေတွက်မည် လုပ်နေရာ

"မရေနဲ့၊ ဆိုင်ရှင်ကို သွားမေး"

ဟု ခိုင်းလိုက်သည်။

ဆိုင်ရှင်က နောက်ထပ်ငွေ ၃၀၀ ပေးရန် လိုသေးကြောင်း ပြောပြီး၊ စုစုပေါင်း ပဲဖိုး ၁၈၀၀ ဖြစ်ကြောင်း ရှင်းပြလိုက်သည်။

ဘတူးသည် သူတို့ရွာမှ လာသော လှည်းနှစ် စီးမှ ရှေ့လှည်းပေါ်သို့ သတိမေ့နေသော ဇော်ထိုက်ကို တင်လိုက်လေသည်။

www.burmeseclassic.com



"ဒီလှည်းပေါ်က လူတွေ နောက်လှည်းကို လိုက်ကြ၊ ဒီလှည်းမှာ လူသိပ်ကြပ်ဖို့ မကောင်းဘူး၊ ဖိုးညွှက် မင်းက ငါ့လှည်းပေါ်တက်လေ"

ဖိုးညွှက်က ယောင်တောင်တောင်ဖြစ်နေ၍ ဘထူးက လှမ်းအော်လိုက်၏။ သည်တော့မှ ဖိုးညွှက်နှင့် အိမ်နီးချင်းတစ်ဦး လှည်းပေါ်တက်လာသည်။ သူတို့သည် ဈေးသို့ တစ်ခေါက် ရောက်ရန် နေ့တစ်ဝက်ကျိုးအောင် လာကြရသော်လည်း ယခု မည်သူမျှ ဈေးမဝယ်ကြ။

ဝယ်လိုစိတ်လဲ မရှိ။ ကောက်ရိုးများ ခင်းထားသော လှည်းပေါ်တွင် ဇော်ထိုက်သည် လောကကြီးနှင့် အဆက်ပြတ်နေသည်။

ဤအချိန်ကာလတွင် အဆက်မပြတ်ပါကလည်း သမုဒ္ဒယသံယောဇဉ်ကြောင့် အလွန်မောဟိုက်ပင်ပန်းစွာ ငိုရပါလိမ့်မည်။ ယခုတော့ သူသည် ရွာသို့ ရောက်သည့်တိုင် မလှုပ်မယှက်။

ဘထူးကပင် သူတို့ အိမ်ပေါ်သို့ ထမ်းခေါ်လာခဲ့သည်။ သူတို့ အိမ်ရှေ့တွင် ခေါင်းသုံးလုံးရှိသည်။ လူကြီးခေါင်း နှစ်ခေါင်း ကလေးခေါင်းတစ်ခေါင်း၊ ဤအရာများကို မြင်လျှင် ဇော်ထိုက် ပို၍ ဆိုးသွားလိမ့်မည်ဟု ဘထူး၏ အဖေက ပြောသည်။

"ဟေ့ . . အသုဘကိုတော့ တို့ရွာကပဲ ဦးဆောင်ပြီး သင်္ဂြိုဟ်ဆွမ်းသွပ်တာ ကောင်းမယ်ကွာ၊ တော်ကြာ သူသတိရ





လာရင် အိမ်ရှေ့ကဟာတွေ မြင်ပြီး ပိုဆိုးမှာ စိုးရတယ်"

ရွာသား တစ်ဦးက . . .

"ဟုတ်တယ်၊ ဒါမျိုးက ရှူးချင်တောင် ရှူးတတ်တာ"

ဟု ပြောသည်။

ဟုတ်သည်။ ရှူးသည်။ မူးသည်။ မေ့သည် ဆိုသည်မှာ ဆက်နေလေသည်။ ယခုကြည့် သတင်းကြားသည်နှင့် သတိကို မထိန်းနိုင်၊ မေ့သွားလေပြီ။

"ဘယ်လို လုပ်ရရင် ကောင်းမလဲ"

"ပြောကြပါဦး"

"အကြံဉာဏ်လဲ ပေးကြပါဦး၊ ဇော်ထိုက်အတွက် အကောင်းဆုံးဖြစ်အောင်"

"ဟုတ်တယ်၊ စဉ်းစားကြပါဦး"

ရွာမှလူများသည် အရေးအကြောင်းရှိသောအခါ အသက်အရွယ်ကြီးရင့်သူများကို ဦးစားပေး တန်ဖိုးထားကြသည်။

အဘဉာဏ်က ကွမ်းအစ်တစ်လုံးဖြင့် ထိုင်နေရာမှ သတိမရသေးသော ဇော်ထိုက်ကိုကြည့်၍ . . .

"အမှုကို ငြိမ်းနိုင်တာကတော့ တစ်ယောက်ပဲ ရှိတယ်ဘထူး၊ သူ့ကို ဒီအနေအထားအတိုင်း ဘုန်းကြီးကျောင်းကို ပို့လိုက်။ ဆရာတော်ကိုလဲ အကျိုးအကြောင်းလျှောက်ထား။ ဆရာတော်က ဘာလုပ်ရမယ်ဆိုတာ သိပါတယ်"

ဟု ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး သက်ကြီးရွယ်အိုအဘဥာဏ်ပြောသည့် အတိုင်း လုပ်ကြရန် သဘောတူညီကြလေသည်။ ဇော်ထိုက်ကို လှည်းပေါ်တွင် တင်ကာ အရိပ်အာဝါသအေးမြလှသော ရွာဦးရှိ အုတ်ကျောင်းကြီးသို့ ခေါ်သွားလေတော့သည်။

ကျောင်းရိပ်ကန်ရိပ်ဘုရားရိပ်မှာ အပူဒေါသရှိသူကို မဆိုပါနှင့် လူကောင်းပကတိကိုပင်လျှင် ပူပန်သောစိတ်များ၊ သောကပရိဒေဝများ၊ မကောင်းသော အာရုံများမှ လွင့်ပြယ်ကာ ဘုရားတရားသံဃာတည်းဟူသော အာရုံသို့ စိတ်က ရောက်သွားတတ်သည်။

ရွာထိပ်မှ ကျောင်းကြီးမှာ ရှေးဟောင်းကျောင်းကြီးဖြစ်သည်။ အုတ်နံရံနှင့် လှေကားထစ်များကို ရွာမှ ချမ်းသာသော လယ်ပိုင်ရှင်၊ ထန်းပိုင်ရှင်၊ ကုန်သည်များက အကြိမ်ကြိမ်ပြုပြင်ရသည်။ ထိုရွာဦးကျောင်းသို့ မရောက်ဖူးသူ မရှိသလောက်ပင်။

ရှင်ပြုလျှင်လည်း ထိုနေရာ။

ကထိန်ခင်းလျှင်လည်း ထိုကျောင်း။

ဝါဆို သင်္ကန်းကပ်တော့လည်း ဤကျောင်းဆိုတော့ ကျောင်းနှင့်ရွာသားများမှာ ရင်းနှီးနေကြလေသည်။ နေ့လယ်ပိုင်းဖြစ်၍ ဆရာတော် ဆွမ်းစားပြီး ကျိန်းနေသည့် အချိန်ဖြစ်နိုင်သည်။

လှည်းကိုရပ်ကာ မိုးညှက်က တစ်လဲ ထမ်းကာ ကျောင်းထဲသို့ ဝင်လာခဲ့သည်။ ကပ္ပိယကြီး ဦးရွှေက . . .

"ဘယ်သူလဲ"





ဟု ခပ်တိုးတိုးမေးသည်။

"ဇော်ထိုက်လေ၊ ဇော်ထိုက်"

"အော် . . ညက မီးလောင်တဲ့အိမ်က ကောင်လေးကိုး"

မီးလောင်သည့် သတင်းက ကျောင်းသို့ ရောက်နေပြီ။ ဇော်ထိုက်ကို ကျောင်းအောက်ထပ် တရားဟောသော ခန်းမ၌ ချထားလိုက်သည်။ ကပ္ပိယကြီး ဦးရွှေက ခေါင်းအုံးများ၊ အခင်းများကို ယူလာပေးသည်။

ကိုရင်လေးများက တိတ်တိတ်ဆိတ်ဆိတ်ရပ်ကြည့်ကာ ထွက်သွားကြသည်။ ဆရာတော်ကြီးအား သွား၍ အကြောင်းကြားပုံရသည်။ မကြာမီ ဆရာတော်ကြီး ကြွရောက်လာ၏။

"ဦးဘမိုးတို့ မြေးအဖိုးတွေ မီးထဲပါသွားဆို"

ဟု ဆရာတော်က မေးသည်။

× × ×

"ထင်တာပါပဲ ဘုရား၊ ဒါကဦးဘမိုးသား ဇော်ထိုက်လေ၊ မီးကိုဝိုင်းငြိမ်းပြီးတော့ အရိုးတွေပဲ တွေ့ရတော့တယ်။ ဒီပ်ပျော်နေတုန်းဆိုတော့ တစ်ချို့လဲ အရိုးပါ ကျွမ်းသွားတယ် ထင်ပါရဲ့ ဘုရား"

ဆရာတော်ကြီးက ဇော်ထိုက် ခေါင်းရင်းတွင် ထိုင်ကာ နဖူးပြင်တို့ စမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အသက်တော့ရှိပါသေးတယ်။ သူ့မိဘတွေနဲ့ ဇနီးတွေ သမီးတွေပါ မီးထဲ ပါသွားတော့ စိတ်နောက်မှာ စိုးရတယ်၊ ကပ္ပိယကြီး"

"ဗျာ . ."

"ဇော်ထိုက်ဟာ ဒီကျောင်းမှာ ကိုရင် ဘယ်နှစ်ဝါ ဝတ်သွားတုန်း"

"လေးဝါပါ ဘုရား"

"အေး . . သူလဲ သဂြိုဟ်ကျမ်းနဲ့ သဒ္ဒါကျမ်းအပြင် ဘာသန္တရကျမ်းတွေပါ ကုန်အောင်သင်သွားတာပဲ၊ သတိတရား ရကောင်းပါတယ်၊ ဒါပေမယ့် ဒ ကာ မောင်ဇော်ထိုက်က စိတ်ထက်တယ်၊ မဟုတ်မခံ ဒီစိတ်မျိုး ပေါ်မလာပါစေနဲ့ ဆုတောင်းရမှာပဲ"

"တင့်ပါ့ဘုရား၊ တပည့်တော်တို့လဲ စိတ်မကောင်းစရာတွေမြင်ရမှာစိုးလို့ ဇော်ထိုက်ကိုဒီကျောင်းလာပို့တာပါ ဘုရား"

"အေး ကောင်းတယ်၊ ကောင်းတယ် စိတ်ချလက်ချသာ ထားခဲ့ ကပ္ပိယကြီး"

"ဗျာ . ."

"သူကိုရင်တုန်းက နေတဲ့အခန်းထဲ ပို့ထားလိုက်၊ အဲဒီအခန်း ခု ဘယ်သူအိပ်လဲ"

"ဘယ်သူမှမအိပ်ပါဘူး ဘုရား"

"အေး . . သူ့ကို အဲဒီအခန်းထဲမှာပဲ ထားလိုက်၊ သူ





ကိုရင်ဝတ်တုန်းက ရှိတဲ့ပစ္စည်းတွေ သူ့အခေါင်းထား၊ ဒါမှ သတိရလာတဲ့အခါ သူဘာတွေလုပ်ခဲ့တယ်ဆိုတာ တွေးမိမှာ"

ဆရာတော်ကြီးက ရွာသူရွာသားများကို သံယောဇဉ်ကြီးသည်၊ ခုနှစ်နှစ်ဆိုလျှင် ဆရာတော်ကြီးက ကျောင်းသို့ပို့ခိုင်းကာ စာသင်ကြားပေးသည်။ အနည်းဆုံးတော့ ပရိတ်ကြီး၊ နမက္ကာရကုန်သည်အထိပင်။

ဇော်ထိုက်သည် သုံးနာရီလေးနာဦးလောက် သတိမေ့နေရာမှ ရွာသူရွာသားများက ဘုန်းတော်ကြီးအား ကန်တော့ပြီး ပြန်သွားသည့် အချိန်တွင် သတိရလာသည်။

ကပ္ပိယဦးရွှေက ဆရာတော်၏မိန့်မှာချက်အတိုင်း ရေခွက်တစ်ခွက်ကို အပြည့်ထည့်ကာ စားပွဲပေါ်တင်၍ ထိုင်စောင့်နေခဲ့လေသည်။

"ဟင် . ."

သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်လိုက်ပြီးနောက် ဇော်ထိုက်သတိရလာသည်။ သူသည် အိပ်မက်မှ လန့်နိုးလာသကဲ့သို့ ဖြစ်နေစဉ် ကပ္ပိယကြီးက ရေခွက်ကိုပေးသည်။

"ရော့ . . ရေသောက်လိုက်ဦး"

"ဟင် . . ကျုပ် . . ကျုပ် ဘယ်ရောက်နေတာလဲ"

ဇော်ထိုက်က ရေခွက်ကို လှမ်းယူကာ မော့သောက်ရင်း မေးသည်။

"ပြဿဒ်ကျောင်းကို ရောက်နေတယ်လေ၊ ဒါ မောင်ဇော်ထိုက် စာသင်တုန်းက ကိုရင်ဝတ်ပြီး နေခဲ့တဲ့အခန်းပဲ



www.burmeseclassic.com

www.burmeseclassic.com



မမှတ်မိဘူးလား"

ဇော်ထိုက်သည် ပတ်ခန်းကျင်ကို ကြည့်လိုက်လေသည်။ ဟုတ်သည်။ သူ ကိုရင်ဘဝက စိပ်ခဲ့သည့် စိပ်ပုတီးကိုပင် ခေါင်းရင်းတိုင်မှာ ရှိနေသည်။ စကားပြောသံများ ကြားရသောကြောင့် ဆရာတော်က ကြွလာသည်။

"ဇော်ထိုက်သတိရပြီလားဟေ့"

"တင်ပါ့ ဘုရား"

ဇော်ထိုက်က လက်အုပ်ချီ ကန်တော့လိုက်သည်။

"အေး . . အေး၊ ဇော်ထိုက် ဒီကျောင်းမှာ မင်း နှစ်နှင့်ချီ နေခဲ့ဖူးတာပဲ၊ ဘာပူစရာ ရှိလဲ"

"တပည့်တော်ကို ကယ်ပါဦး ဘုရား။ ဘုရားတပည့်တော်မှာ ပူလောင်လို့ သေတော့မယ် ဘုရား"

ထိုအခါတွင်မှ ဇော်ထိုက်သည် သူ၏အဖေ၊ ဇနီးနှင့် သမီးတို့ မီးလောင်သေဆုံးသွားရသော အဖြစ်ကို သတိရကာ ဆရာတော်၏ ခြေကိုဖက်ကာ ငိုကြွေးလိုက်လေတော့၏။

"တပည့်တော်ကို မကယ်တော့ဘူးလား ဘုရား၊ တပည့်တော် အဖေလဲ မရှိတော့ဘူး၊ တပည့်တော် မိန်းမနဲ့ ကလေးလဲ မရှိတော့ဘူး ဘုရား"

ဆရာတော်ကြီးက ဇော်ထိုက်ခေါင်းကို ယုယစွာ ပွတ်လိုက်သည်။

"ဒကာလေး ဇော်ထိုက်၊ လူ့ဘဝကြီးဟာ ဒုက္ခသစ္စာပဲလေ၊ ဇာတိကလဲ ဒုက္ခသစ္စာပဲ၊ ဇရာမရဏကလဲ ဒုက္ခသစ္စာပဲ၊ ဒကာ





လေးလဲ သစ္စာလေးပါး တရားကိုနာကြားဖူးပြီးသားမို့လား တရားနဲ့တွေး၊ တရားနဲ့ဖြေ ဒကာလေးဇော်ထိုက် ထ . . ထ"

ဆရာတော်က ဇော်ထိုက်ကို ပခုံး မှ ပုတ်ကာ ထခိုင်းလိုက်သည်။

"ဒကာလေး အခုပူတဲ့ အပူဟာ တစ်နေ့ကျ ပူရမှာပဲ။ ဒါစောပြီးပူတာ၊ ဒကာလေးသာ အရင်သေရင် ဒီသူတွေ ဒီအစွဲတွေနဲ့ ပြိတ္တာဖြစ်မှာပေါ့၊ ကိုယ့်ခန္ဓာကောင် မမြဲဘူး၊ ဘယ်သူ့ခန္ဓာမှ မမြဲဘူး ဒကာလေး"

× × ×

ပြဿဒ်ကျောင်းဆရာတော်ဦးရေဝတက ဇော်ထိုက်ကို တရားပြကာ တရားထိုင်ခိုင်းသည်။ ဇော်ထိုက်ငယ်စဉ်က တရားပြသည့် နည်းတူ တစ်နာရီကြာအောင်ထားမှ သတိပဋ္ဌာန်တရားဖြင့် နှာသီးဖျားကို ကပ်ကာမှတ်ဖို့ သတိပေးသည်။

"သတိမလွတ်စေနဲ့ ဒကာလေး၊ နှာသီးဖျားမှာ သတိကပ်ထား၊ ဝေဒနာပေါ်လာရင် ဝေဒနာကို သိတာက နာမ်၊ နာတာကျဉ်တာက ရုပ်ဆိုပြီး ရှုပေး၊ ဒီခန္ဓာမှာ ငါမရှိဘူး။ သူ့သဘောနဲ့သူ ဖြစ်နေတာ ဒီလိုသဘောထား"

ခန္ဓာကို အာရုံစိုက်၍ ရှုသောအခါ ပြင်ပဝေဒနာက အားနည်းကာ ခန္ဓာ၏ ဖေါက်ပြန်ပျက်စီးမှုကို တွေ့ရ၍ ငယ်စဉ်



www.burmeseclassic.com

www.burmeseclassic.com



ကလို့ပင် သမာဓိရလာသည်။ ထိုအခါ ပူပန်မှုသည် လျော့ပါး သွား၏။ သမာဓိကြောင့် ခန္ဓာကိုယ်ကြီးကို မက်သောစိတ်၊ စွဲလမ်းသောစိတ် နည်းသွားရာ အခြားပြင်ပအမှုတို့ကို တိုက်ထုတ်လိုက်သကဲ့သို့ ဖြစ်လေသည်။

"ကဲ . . ကဲ တော်ပါပြီ"

ဆရာတော်ကြီး၏ အသံကို ကြားလိုက်ရသောအခါ စောစောက မီးစနှင့် ထိုးသလို တဟုန်းဟုန်းတောက်လောင်နေသော သူ၏ အပူသောကတို့မှာ ငြိမ်းအေးစ ပြုသည်ကို တွေ့ရလေသည်။

"ဒကာလေး ဇော်ထိုက်"

"ဘုရား"

"နေ့လယ်ကျရင် တရားတစ်ကြိမ် ထိုင်ရမယ်နော်၊ ဘုန်းကြီးတွေ ဆွမ်းစားပြီးရင် ကပ္ပိယဦးရွှေ လာခေါ်လိမ့်မယ်။ ထမင်းစား၊ ဟိုဟိုသည်သည် မတွေးနဲ့၊ စားတာသွားတာ အကုန်မှတ်ပြီး၊ တရေးအိပ်ကြားလား"

တရားက ထွက်သောအခါ တရားကို ဆန့်ကျင်၍ လောက အပူကို လက်ခံချင်လာသည်။

"အရှင်ဘုရား၊ တပည့်တော် အသုဘကိစ္စတွေ စီစဉ်စရာ ရှိသေးတယ် ဘုရား"

"မလိုတော့ပါဘူးကွာ၊ ဆရာတော်ကို အရပ်ထဲက အားလုံးတာဝန်ယူပါ့မယ်၊ မောင်ဇော်ထိုက် ဒီကျောင်းမှာပဲ နေပါစေလို့ မှာသွားတယ်"

"အော်"





ဆရာတော်က ဆွမ်းစားချိန် နီးပြီဖြစ်သောကြောင့် ကြွသွားလေသည်။

မကြာမီမှာပင် ဇော်ထိုက်ကို စိတ်မချသော ဖိုးညှက်တို့ ညီအစ်ကို ရောက်လာလေသည်။ သူ့ကို ထူထူထောင်ထောင် တွေ့သောအခါတွင် ဝမ်းသာသွားကြသည်။

"သတိရပြီလား"

"ရပါပြီ ဖိုးညှက်ရာ၊ ငါ့ရင်ထဲမှာလဲ ဘာမှ မရှိတော့သလိုပါပဲ၊ ပြီးတော့ ဆရာတော်ကြီးက တရားပြပြီး ကရားမှတ်ခိုင်းလို့ သက်သာသွားတာ"

ဖိုးညှက်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပါတယ် ဇော်ထိုက်၊ ရွာကကိစ္စတွေတော့ ဘာမှ ပြန်မကြည့်နဲ့ ပြီးသွားပြီပဲကွာ၊ ဟုတ်တယ် မဟုတ်လား"

ဇော်ထိုက်က ဝမ်းနည်းလာကာ အံကိုတင်းတင်းကြိတ်လျက် . . .

"မပြီးသေးတာက မီးရှို့တာ ဘယ်သူတွေလဲဆိုတာ သိချင်တာပါပဲ"

"လား . . လာ ဒီကိစ္စက ကျောင်းပေါ်မှာ ပြောလို့ မကောင်းဘူး၊ ကျောင်းအောက်သွားပြီး ပြောမှ"

ဘထူးကတစ်ဖက် ဖိုးညှက်ကတစ်ဖက် ဇော်ထိုက်ကို ညှပ်၍ ခေါ်လာကာ ဘုန်းကြီးကျောင်းဘေးရှိ ထုံးစေတီလေးဘေး သရက်ပင်ကြီးအောက်သို့ ရောက်လာကြ၏။

"ရွာက လူတွေရဲ့ အပြောကတော့ ဟိုကောင်၊ ခင်းသိ



www.burmeseclassic.com

www.burmeseclassic.com



တယ်မဟုတ်လား၊ မင်းအဖေ ဆေးကုပေးတဲ့ မင်းထင်လေ"

"သိတာပေါ့"

"အဲဒီကောင်နဲ့ လူငါးယောက် မနေ့ကတည်းက မြစ်ထဲမှာ သမ္ဗာန်တစ်စင်းနဲ့ တွေ့တယ်တဲ့၊ ငါးဖမ်းလှေတွေက ပြောတယ်၊ ဖိုးညွှက်တွေ့လိုက်တာလဲ အရပ်ရှည်ရှည်နဲ့ မေးစေ့မှာ အမွေးပါတဲ့ မှဲ့နဲ့ ဒီကောင် မဟုတ်လား"

"ဟုတ်တယ် ကိုဘထူး၊ အစစ်ပဲ"

× × ×

"ဒီကောင်ဆိုရင် ဖြစ်နိုင်တယ်ဗျ"

သရက်ပင်ရင်းတွင် ထိုင်ကာ ဇော်ထိုက်က တွေးတွေးဆဆ ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ ဇော်ထိုက်ရ၊ သူက ဘာရန်ငြိုးရှိလို့လဲ"

ဘထူးက နားမလည်နိုင်သောကြောင့် မေးလိုက်လေသည်။

"ရှိသပေါ့ဗျာ၊ ဒီကောင်ဟာ ယဉ်နွယ်နဲ့ ကျုပ်နဲ့ ညားကတည်းက မကျေနပ်တဲ့ကောင်၊ သူ ရွာကို တစ်ခေါက် ပြန်လာတော့ ကျုပ်တို့ဘဝ သာယာနေတာကို မနာလို ဖြစ်သွားတယ်"

"ဘုရား ဘုရား၊ မနာလိုစိတ်နဲ့ ဒီလိုအလုပ်မျိုးကို လုပ်ရသလား"

ဇော်ထိုက်က . . .



"လုပ်တာပေါ့၊ သူမှာ အစိဗ္ဗာလွှမ်းမိုးနေတာပဲ၊ ကန်းပြီပေါ့၊ ကန်းတော့ ရမ်းတာပေါ့"

ဟု ပြောလိုက်သည်။

"နောက်တစ်ယောက်ကတော့ လူထောင်ထောင်မောင်းမောင်းတစ်ယောက်ကွ၊ နောက်မြင်ရတဲ့လူက ပါးတစ်ဖက်ချိုင့်နေတဲ့လူ၊ ဒီလူသုံးယောက်ကိုတော့ တောက်လာခါစ မီးရောင်တွေကြားမှာ ကောင်းကောင်းတွေ့လိုက်ရတယ်"

ဖိုးညွှက်က ဆက်၍ ရှင်းပြသည်။ ထိုအချိန်မှာပင် ဘုန်းမောင်းခေါက်သံ ကြားရသည်။

"တုန် . . တုန် . . တုန်"

"ဟာ . . ဘုန်းကြီးတွေတောင် ဆွမ်းစားတော့မယ်ထင်တယ်"

"ဟုတ်တယ်၊ ကိုဘထူးနဲ့ ဖိုးညွှက်လဲ ကျောင်းမှာ စားသွားပေါ့"

ဇော်ထိုက်က ဖိတ်ခေါ်လိုက်လေသည်။

"အေးကွာ၊ ရွာထဲမှာ အလုပ်ရှုပ်နေတော့ ကျောင်းမှာ စားတာပဲ ကောင်းမယ်ထင်တယ်"

ဘုန်းတော်ကြီးများ ဆွမ်းစားပြီးသောအခါ ကပ္ပိယကြီး ဦးရွှေက ဆွမ်းဟင်းနှင့် ဆွမ်းများ များစွာကုန်၍ ဖိုးညွှက်တို့ ညီအစ်ကိုပါ ခေါ်ကာ ဇော်ထိုက်နှင့်အတူ တမင်းစားကြလေသည်။ ထိုအချိန်မှာ နွေဦးပေါက်ရာသီဖြစ်သောကြောင့် မန်ကျည်းရွက်နုနုအသုပ် များ၊ မန်ကျည်းရွက်ချဉ်ဟင်း ငါးရှဉ့်ကြော်၊ ငါးသလောက်ပေါင်း၊ ဝက်သားနှပ်နှင့် ဟင်းကောင်းများ

www.burmeseclassic.com

www.burmeseclassic.com



စုံနေလေသည်။

သူတို့ ထမင်းစားနေသည်ကို ဆရာတော်သည် လာရောက်ကြည့်ရှု၏။ ထို့နောက် . . .

"ထမင်းလုပ်ကို ကိုင်ရင် ကိုင်တယ်၊ မရင်မတယ် ဝါးရင် ဝါးတယ် ဆိုပြီး မှတ်စား"

"တင်ပါ့ ဘုရား"

ဇော်ထိုက်မှာ မကြာခဏ သမီးလေး သဲပွင့်ကိုလည်းကောင်း၊ ဇနီးယဉ်နွယ်ကိုလည်းကောင်း စိတ်ရောက်သွား၍ တွေ့သမျှ စားသမျှကို မှတ်နေခြင်းက စိတ်သက်သာလေသည်၊

လူတို့၏ စိတ်သဘောကို အကဲခတ်မိသော ဘုန်းတော်ကြီးက ဘေးမှ ပြောပေးနေလေသည်။ ဇော်ထိုက်သည် တရားထိုင်ချိန်၊ စကြံ့ လျှောက်ချိန်ဖြင့် ဆရာတော်ကြီးက ကြီးကြပ်စောင့်ရှောက်နေရာ သုံးလေးရက်အကြာတွင် အတော်ပင် စိတ်ဓါတ်မှာ ခိုင်မာကာ ခံနိုင်ရည်ရှိလေသည်။

"တပည့်တော် စိတ်သက်သာရာ ရလာပါပြီ ဘုရား၊ ရွာထဲကိုလည်း သွားလို့ လာလို့ ရပါပြီ"

"အင်း . . . ရွာထဲကို သွားရင်တော့ စိတ်မကောင်းဖြစ်ရမှာပဲ၊ မသွားပါနဲ့ကွာ"

ဇော်ထိုက်သည် သိပ်တွေတွေဝေဝေမရှိတော့။ သို့သော် သူ၏ မျက်လုံးထဲတွင် ဒေါသရောင်တောက်နေသည်။ မကြာခဏလည်း လက်သီးနှစ်ဖက်ကို ဆုပ်နေလေသည်။

"ခက်တာက ဒီကောင်လေးကို သူ့အဖေက သိုင်းဆရာကြီးဆီ ပို့ခဲ့တာ ခက်တာပဲ ဘုရား"





ကပ္ပိယကြီး ဦးရွှေက သူ့ကို ဂရုဏာသက်၍ ဆရာတော်ကို လျှောက်လိုက်သည်။

"ဘယ်တတ်နိုင်မလဲလေ၊ သူလုပ်သမျှကံ သူခံရမပေါ့၊ ဒကာရွှေရယ်"

× × ×

မြို့သစ်ကျောင်းဆရာတော်ထံ၌ ဆယ့်ငါးရက်မျှ အဆုံးအမခံကာ နေခဲ့သော်လည်း ဇော်ထိုက်၏ ရင်ထဲမှ ဒေါသစိတ်သည် တဖြေးဖြေးနှင့် ထကြွလာသည်။ သူ၏ အဖေနှင့်ဇနီး သမီးတို့အား မနာလိုစိတ်ကြီးများစွာ သတ်ဖြတ်ခဲ့သောသူအား လက်စားချေကို ချေရမည်ဟူသော စိတ်သည် ရင်ထဲတွင် အစိုင်အခဲ ဖြစ်လာသည်။

ဆရာတော်အား ကန်တော့လျက် ကျောင်းမှ ထွက်ခွာသွားတော့မည် ဖြစ်ကြောင်း လျှောက်ထားသည်။ ဆရာတော်သည် တရားဘာဝနာကြောင့် အနည်းငယ် စိတ်ဓာတ်ငြိမ်သလို ရှိသွားသော်လည်း အာဃာတတရားက မပြေကြောင်း ရိပ်မိသည်။

"ဒကာလေး ဇော်ထိုက်၊ လူ့ဘဝမှာ ကုသိုလ်ကောင်းမှုပြုပြီး ဆင်းရဲလွတ်အောင်နေနိုင်ပါစေ၊ တရေး မြေမှာ တအိုးတအိမ် ထူထောင်ချင်လဲ ထူထောင်ပေါ့၊ ပြုပူအသစ် ဖြစ်သအပေါင်းတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တင်ပါ့ ဘုရား"

"အခု ဘယ်သွားမလဲ၊ ဘာလုပ်ဖို့ စိတ်ကူးသလဲ"

"အခုကတော့ ပင်လယ်ဘက်ကို သွားမလို့ပါ၊ ဘုရား တပည့်တော်မှာ ပဲရောင်းလို့ ဝယ်လို့ ထားတဲ့ငွေတွေ ရှိပါတယ် ဘုရား၊ အဲဒါ ဘထူးတို့ ညီအစ်ကို လာပေးထားတာ၊ ငွေက ထောင့်နှစ်ရာ ရှိပါတယ်"

"အေး . . အေး၊ ကောင်းရောင်းကောင်းဝယ်နဲ့ သမ္မာအာဇီဝအလုပ် လုပ်စားပေါ့ကွာ"

"တပည့်တော်ကို ခွင့်ပြုပါဦး ဘုရား"

"အေး . . ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘေးကင်းပါစေ၊ တရားကို နှလုံးသွင်း ဒကာလေး ဇော်ထိုက်"

"ပေးတဲ့ ဆုနဲ့ ပြည့်ပါစေ ဘုရား"

ဇော်ထိုက်သည် လွယ်အိတ်တစ်လုံးကို လွယ်ကာ သူသည် ရွာအနောက်ပိုင်းသို့ လာခဲ့သည်။ ရွာအနောက်ပိုင်းရှိ ဖြူအောင်နှင့်မောင်စိုးတို့ အိမ်သို့ ဝင်ကာ မင်းထင်နေနိုင်သည့် နေရာကို စုံစမ်းမေးမြန်းလေသည်။

မင်းထင်မှာ ပင်လယ်မိုင်းတွင် နေထိုင်ကြောင်း သူတို့ အခါက ကျင်လည်သောနေရာမှာ မြေနီကန်ရွာတွင် ဖြစ်ကြောင်း ပြောကြားကာ မောင်စိုးက . . .

"ဇော်ထိုက်ရာ ပြီးတာတွေလဲ ပြီးပါစေတော့၊ ဒီသတင်း ကြားရတော့ တို့လဲ စိတ်မကောင်းပါဘူး၊ ဖြစ်နိုင်တာကတော့





ဆရာမင်းထင်လက်ချက်ဆိုတာ သေချာသလောက်ပါပဲ၊ ဒါပေမယ့် လက်စားချေမနေပါနဲ့တော့"

ဟု တရားချလိုက်သည်။

သို့သော် အာဃာတကျန်ဖြစ်သွားသော ဇော်ထိုက်သည် လက်စားချေရန် ရည်ရွယ်ထားသည်။ သူတို့ထဲမှ တစ်ဦးကို မိခဲ့လျှင် စုံစမ်းဖော်ထုတ်ကာ သူ၏ အဖေ၊ ဇနီးနှင့် သမီးတို့ကို မီးရှို့သတ်ခဲ့သူတို့အား တစ်ယောက်မကျန် သတ်ရန် စိတ်ကူးထား၏။

× × ×

လှေက မြေနီကန်ရွာသို့ တိုက်ရိုက် မရောက်။ မြေနီကန် ရွာအနီးမှ အုန်းနဲပင်ရွာတွင် ဆိုက်သည်။ မည်သို့ပင် ဖြစ်စေ ဤနေရာ ဒေသများမှာ ယခင်ကလည်း ဓားပြများ ကျင်လည် ကျက်စားနေသော နေရာဖြစ်ရာ ထိုရွာမှာပင် ဇော်ထိုက်သည် ဆင်းလိုက်လေသည်။

သူသည် အရင်က တစ်ခါမှ မသောက်ဖူးသော အရက်ကို သောက်ချင်စိတ်ပေါ်လာ၏။ အရက်သောက်လိုက်ခြင်းဖြင့် သူ့တွင် ရှိနေသော စိတ်ရှုပ်ထွေးမှုများ ပြေပျောက်သွားမည်ဟု ထင်ရလေသည်။

ဇော်ထိုက်သည် အုန်းနဲရွာရှိ လယ်ကွင်းဝပ်တွင် ဖွင့်ထားသော ချက်အရက်ဆိုင်ထဲသို့ ဝင်လာခဲ့လေတော့သည်။ ဆိုင်ထဲ

www.burmeseclassic.com



တွင် လူလေးငါးယောက် ထိုင်နေ၏။ လူသုံးယောက်ထိုင်နေသော ဝိုင်းမှ လွယ်အိတ်တစ်လုံးဖြင့် ဝင်လာသော ဇော်ထိုက်ကို စိုက်ကြည့်နေသည်။

"အရက်တစ်ပိုင်းနဲ့ ကြက်ကြော် တစ်ပွဲပေးဗျာ။

ဇော်ထိုက်က ခပ်တည်တည်မှာလိုက်လေသည်။

ဆိုင်ရှင်မှာ မပိန်မဝအနေတော် ဖြစ်၏။ ဆံပင်ကို ဆီလိမ်း၍ သပ်ရပ်စွာ ဖြီးသင်ထားသည်။

"ညီလေးက ခရီးသွား ထင်တယ်"

ဇော်ထိုက်ကို စပ်စုလိုက်လေသည်။

"ဟုတ်တယ်"

" ဘယ်သွားမှာလဲ"

"မြေနီကန်ရွာ"

မြေနီကန်ရွာဟုကြားလိုက်သောကြောင့် ဆိုင်ရှင်မှာ အနည်းငယ်မျက်နှာပျက်သွားသည်။

"ဟေ့ ဟိုကောင်ကွ မြေနီကန်ရွာသွားတယ်ဆိုပါလား ကေန္တဒီကောင် ရဲ့ဖက်ကလား၊ ဝရမ်းပြေးလား"

သုံးယောက်ဝိုင်းမှ ခပ်ဝဝလူက ခနဲ့မှန်းမြဲ စကား ပြောလိုက်လေသည်။

"သူ့ဖုံကြည့်ရတာ၊ ရဲ့ဘက်ကတော့ ဟုတ်မယ် မထင်ပါဘူး"

"ရဲ့ဘက်က မဟုတ်ရင် လူမိုက်ပေါ့"

"ဒါဆို ငါ လူမိုက်ဟုတ်မဟုတ် သွားစမ်းကြည့်လိုက်





မယ်"

ထိုသူ သုံးယောက်မှာ ယက္ခဆိုသောလူမိုက် လူဆိုး၏ တပည့်များဖြစ်သော ရာကျော်၊ ဝင်းစိန်နှင့် ဘာပွင့်တို့ ဖြစ်သည်။

ပိန်ရှည်ရှည် ရာကျော်က နေရာမှ ထလာသည်။

အရက်တစ်ခွက်ကို မော့သောက်ပြီးနောက် ဖွံ့ကန်တဲ့တွေးများ မှတ်ကာ ဇော်ထိုက်က ကမန်းကတန်း ဖားပွဲပေါ် မှောက်ချလိုက်၏။

"ခွပ်"

အသံက တော်တော်ကျယ်သွားသည်။ ရာကျော်က အကွက်ရသွားသည်။

"ဟေ့ . . တစ်ယောက်ထဲ ဘာဆူဆူညံညံဖြစ်နေတာလဲ၊ ဒီဝိုင်းမှာ တိတ်တိတ်ဆိတ်ဆိတ်အရက်သောက်ရမယ်ဆိုတာ နားမလည်ဘူးလား"

ရာကျော်က ခပ်တည်တည်ဟောက်လိုက်၍ ဇော်ထိုက်က မျက်လုံးလှန်ကြည့်လိုက်လေသည်။

ဇော်ထိုက်၏ ထီမထင်သော အမူအရာကြောင့် ရာကျော်က စားပွဲရှိရာသို့ လျှောက်လာ၏။

"ဒီဆိုင်မှာ မင်း တစ်ယောက်ထဲ ရှိတာ မဟုတ်ဘူး"

"လူတွေ ရှိတော့ ဘာဖြစ်သလဲဗျာ"

ဇော်ထိုက်က ဘုကျကျ ပြန်ပြောလိုက်၍ ရာကျော်က ဇော်ထိုက်ကို. . .

"ဒါဖြစ်တယ်ကွာ"



www.burmeseclassic.com

ဆို၍ ထိုးလိုက်လေသည်။

ဇော်ထိုက်က လက်သီးချက်ကို အသာလေး ဘေးတိုက် ယိမ်းကာ ရှောင်ပေးလိုက်၏။ ထို့နောက် အလေ့အကျင့်ရှိသည့် အတိုင်း တံတောင်နှင့် ရာကျော်ကို တွက်ချလိုက်သည်။

"အွတ်"

တံတောင်တွက်ချက်မှာ ပြင်းထန်လှ၍ ရာကျော် ပင်ဆိုင်လျက် ကျသွားလေသည်။

× × × "ပိန္ဓ"

သူတို့လူ ရာကျော်မှာ လူမြင်မကောင်းအောင် မြေကြီး ပေါ်သို့ ဘိုင်းခနဲ ဖင်ထိုင်ကျသွားသောအခါ စားပွဲမှ မထဘဲ ကြည့်နေကြသော ဝင်းစိန်နှင့် သာပွင့်တို့မှာ ဝုန်းခနဲ ထလိုက်ကြ လေသည်။

"ဒီကောင် တော်တော် လူမိုက်ပါလား။ ကောင်းကောင်း ဆုံးမလိုက်ကြရအောင်"

သာပွင့်က သူ၏ခါးမှ ကျာပွတ်ကို ဖြုတ်လိုက်လေ သည်။ သာပွင့်မှာ ယက္ခ၏ တပည့်သုံးယောက်တွင် ကျာပွတ် တစ်ချောင်းနှင့် အားအထားရဆုံးသူ ဖြစ်သည်။

ဝင်းစိန်က သူ၏ အသွားပိန်နေသော ဓားကြီးကို ဆွဲထုတ်လိုက်သည်။ ဓားဝင်းစိန်ဟု နာမည်ကြီးလှသော ဝင်းစိန် ၏ ဓားမှာ မိုးကြိုးသွားထို့ အတွန့် သုံးတွန့်ရှောက်ရှိသည်။



အရှည်က တစ်တောင်လောက်ရှိရာ အထိုးခံရပါက အသက်ရှင် စရာ လမ်းမရှိနိုင်ပေ။

"မင်းက ဘာကောင်လဲ၊ ဘာလုပ်းဝတာလဲကွ"

သာပွင့်က ကျာပွတ်ရိုးကို ညာလက်နှင့် ကိုင်၍ ဘယ်လက်ထဲတွင် ခေါက်ထားသော ကျာပွတ်ကို ဆုပ်ကာ ကိုင်ရင်း မေးမြန်းလိုက်သည်။

"ကျုပ်က လူမိုက်ဝှာလား၊ ခင်ဗျားလိုက ူမိုက်ဝတာ လား ဆိုတာ သူ့လဲ မေးကြည့်လေ၊ ကျုပ်ကို လက်သီးနဲ့ သူက စထိုးလို့ ကျုပ်ဒီလို လုပ်တာပဲ မတရားဘူးလား"

"ဟား ဟား ဟား မင်းက ဒီနေရာမှာ ဘာပြီ၊ တရားတာ မတရားတာ တွက်နေတာကိုး၊ အေး မင်းရဲ့ အဲဒီပါးစပ်ကို ပိတ်ပစ်ရမယ်"

"ရွှမ်း . . "

"အိုး မ . "

စကားအဆုံးတွင် ကျာပွတ်ကို ခါနှံကာ ပစ်ရိုက်ချ လိုက်၍ ဇော်ထိုက်က လျှင်မြန်စွာ နောက်သို့ ခုန်ပစ်ကာ ရှောင် လိုက်သည်။

"ကဲ . . မင်း ဘယ်လောက် ရှောင်နိုင်မလဲဆိုတာ သိရ အောင် ရှောင်စမ်းကွာ"

ဆိုင်အပြင် သစ်ပင်အောက်သို့ ဇော်ထိုက်က ခုန်ထွက် လိုက်၍ ကျာပွတ်ဖြင့် သာပွင့်က လိုက်ကာ ရိုက်နေလေသည်။

"ရွှမ်း"

www.burmeseclassic.com



"ဟော့"

"ရှမ်း"

"အို့"

ပါးနပ်သော ဇော်ထိုက်က ရိုက်ချက်ကို ကြည့်၍ ရှောင်ခြင်း ဖြစ်သည်။ သူသည် ခေါင်းပိုင်းကို ဖြတ်ရိုက်ချ၍ ကိုယ်တစ်ခြမ်း လွတ်ကာ ရှောင်လိုက်ပြီး၊ အောက်ပိုင်းကို ပတ်၍ ရိုက်ချလိုက်လျှင် ကြိုးခုန်သကဲ့သို့ ခုန်လုပ်သည်ကိုသာ တွေ့ရလေတော့သည်။

သာပွင့်မှာ သူ၏ ကျာပွတ်ရိုက်ချက်ကို ထိုကဲ့သို့ လွတ်အောင် ရှောင်နိုင်သူကို မတွေ့စဖူးပေ။ သူသည် ဒေါသထွက်ကာ နောက်ထပ် ကျာပွတ်ရိုက်ချက်ကို ဇော်ထိုက်ပေါ်သို့ စလွယ်သိုင်း ရိုက်ချလိုက်လေတော့သည်။

"ရှပ်"

ထိုရိုက်ချက်ကိုကား ဇော်ထိုက်သည် မရှောင်ဘဲ ရှေ့သို့ခြေတစ်လှမ်း တက်လာကာ ကျာပွတ်အလည်ပိုင်းလောက်ကို ဘယ်လက်နှင့် ဖမ်းကာ ဆောင့်ဆွဲယူလိုက်လေသည်။

မထင်မှတ်သော လုပ်ရပ်ကြောင့် သာပွင့်မှာ ကျာပွတ်ကို ကိုင်ထားရာမှ ရှေ့သို့ ယိမ်းလိုက်ကာ ခြေလှမ်းလာမိသည်။ ထိုအခါတွင် ဇော်ထိုက်သည် နောက်ထပ် ခြေတစ်လှမ်းတိုးကာ ညာလက်သီးဖြင့် သာပွင့်၏ နဖူးကို တစ်ချက်၊ ရင်ဝကို တစ်ချက် ဆောင့်ကာ ထိုးချလိုက်လေတော့သည်။





"ခွပ်"

"ဒုတ်"

"အား"

သာပွင့်မှာလည်း ကျာပွတ်ကို လွှတ်ကာ ဖင်ထိုင်ကျသွားလေတော့သည်။

× × ×

သာပွင့်မှာ ကုန်း၍ထရန်ကြိုးစားသော်လည်း မြန်ဆန်သော လက်သီးချက်ကြောင့် ဖင်ထိုင်ကျသွားတော့၏။ သူ၏နှုတ်ခမ်းမှ သွေးများ ယိုစီးကျလာကာ တစ်ချက်တည်း ကျာပွတ်သာပွင့်မှာ ငြိမ်သက်သွားလေတော့သည်။ သာပွင့် သွေးအန်ကာပြင်းထန်သော လက်သီးချက်ကြောင့် သေသွားသည်ကို တွေ့ရသော အခါတွင် ဓားဝင်းစိန်သည် အတော်လန့်သွား၏။

သို့သော် ဟန် ကိုယ့်ဖို့ ဟူသော သဘောဖြင့် ဓားဝင်းစိန်က သူ၏ သုံးထစ်ကွေးလိန်နေသော ဓားကို ချိန်ရွယ်ကာ -

"မင်းက ငါ့သူငယ်ချင်းကို သတ်လိုက်ပြီပေါ့လေ ဟုတ်လား" ဟု မေးသည်။

"ဟုတ်တယ်၊မင်း ရှေ့ဆက် တိုးလာရင်လဲ မင်းကို ငါ သတ်မှာပဲ"

ဓားနှင့် ဝင့်၍တိုက်ရန် ဝင်းစိန်ချိန်နေစဉ်မှာပင် ကျာပွတ်ကို အရိုးမှကိုင်ကာ ခေါင်းပေါ်ဘွင် ဝှေ့ပလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား သတ္တိရှိရင် ရှေ့တိုးခဲ့လေကွာ"

ဓားဝင်းစိန်မှာ ရှေ့သို့ ခုန်ဝင်လိုက်သည်။ ဇော်ထိုက်က ကျားမွှတ်ကို ခေါင်းပေါ်တွင် ဝှေ့ဝဲကာယမ်းရင်း ခြေထောက်များကို ပတ်ကာ ရိုက်ချလိုက်သည်။

"ရွမ်း"

"အိုး"

"ဘုန်း"

ကား ရား ရား လုပ်နေသော ဓားဝင်းစိန်၏ ခြေထောက်တစ်ဖက်ကို ကျားမွှတ်က မိမိရရ ပတ်မိကာ ဇော်ထိုက်က ဆောင့်ဆွဲလိုက်သည်နှင့် မြေကြီးပေါ်တွင် ဘုန်းခနဲ လဲကျသွားလေတော့သည်။

လဲကျနေသော ဓားဝင်းစိန်ကို သူ့အနီးရောက်အောင် ဆွဲယူလိုက်ပြီးနောက် ဓားကိုင်သည့် လက်ကို ဘယ်ခြေနှင့် နင်းချလိုက်၏။

"အား"

ပြင်းထန်စွာ နာကျင်မှုကြောင့် ဓားဝင်းစိန်က အော်လိုက်သည်။

ဇော်ထိုက်သည် ထူးထူးခြားခြား ကြမ်းတမ်းသည့် စိတ်များ ဝင်လာသည်။ သူသည် ဝင်းစိန်ကိုလည်း မညှာချင်တော့၊ သူ၏ ခြေထောက်ကို ဘယ်လက်နှင့် တွန်းဖယ်နေသော ဓားဝင်းစိန်ကို ပခုံးက ထပ်နင်းလိုက်သည်။





"အား"

"မင်းတို့က ရန်စချင်တဲ့လူတွေ၊ လောကရဲ့အနှောင့်အယှက်တွေပဲ၊ မင်းကို ငါလောကမှာ အသက်ရှင်ခွင့် ပေးလို့ အပိုပဲ"

"ကျုပ် ... ကျုပ်ကို ချမ်းသာပေးပါ"

ဘီးလူးသဘက်စိတ်ဝင်နေသည့်အလား ဝင်းစိန်လည်ပင်းကို ဇော်ထိုက်က ညာခြေနှင့် တက်နင်းလိုက်ရာ အရက်ဆိုင်ထဲမှ လူများ "ဝုန်း"ခနဲ ထပြေးသွားလေတော့သည်၊ ရာကျော်သည်လည်း ထိုလူများနှင့် ပါသွားတော့၏။

လူရိုးလူကောင်းဇော်ထိုက်မှာ လူသတ်မှုနှစ်ခု ကျူးလွန်လိုက်လေပြီ။

× × ×

ကုန်းစောင်းပေါ်မှာရှိသော ထရံမိုးထားသည့် မန်ကျည်းပင်လေးအောက်မှ ချက်အရက်ရောင်းသော ပိန်ရှည်ရှည်နှင့် လူမှာ သူ့ရှေ့မှာပင် လူနှစ်ယောက်ကို ဇော်ထိုက်က ရက်ရက်စက်စက် သတ်လိုက်သည်ကို မြင်ရ၍ ထိတ်လန့်ကာ အရက်စဥ့်အိုးနှစ်လုံးကြားသို့ ခေါင်းကို ထိုးသွင်းလိုက်လေသည်။

အမှန်တော့ ဇော်ထိုက်မှာ ဤဆိပ်ကမ်းသို့ ရောက်ရှိလာမှ အရက်ကို စသောက်ဖို့ ဆုံးဖြတ်ကာ အရက်သောက်လိုက်ခြင်းသာ ဖြစ်သည်။ တောရွာများတွင်ချက်သော မီးတောက်ချက်အရက်မှာ ထိုမျှအထိ မူးလိမ့်မည်ဟု မထင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ခေါင်းသည် ချာချာလည်နေ၏။ သူ ယခု လူနှစ်ယောက်အထိ လိုက်မိပြီဟူသော အသိသည် သတိရသည့် အချိန်တွင် နောက်ကျသွားခဲ့ပြီ။

သူသည် ကျွဲပွတ်နှင့်သူကိုရိုက်ရင်း ပြင်းထန်သော နှလုံးကွဲလက်သီးနှင့် ထိုးကာ သတ်မိသည်။ ဟို တစ်ယောက်ကိုတော့ ခေါပါ၍ ဘေးပါသော လက်ကို နင်းကာ လည်မင်းတို ခြေစောင်းဖြင့် နင်းချ၍ တစ်ချက်တည်း အသက်ထွက်သွားခဲ့ပြီ။

သူ့ ခေါင်းထဲတွင် မူးရိပ်ရိပ် ဖြစ်နေသည်။ သူသည်ကို မကြောက်တော့သလို ဖြစ်သွားသည်။ သူ့ခေါင်းထဲတွင် လူတွေ သူ့အပေါ်မှာ ရက်စက်သည်။ လူတွေကို မညှာတာရဘူးဟူသော အတွေးများ အထပ်ထပ်ဖော်နေသည်။

သူသည် အရက်ဆိုင်ရှေ့တွင် ရပ်လိုက်၏။

"ဟား ဟား ဟား ဟား"

"လူတွေ ဘယ်ရောက်ကုန်လဲကွာ၊ လူတွေ ထွီ"

ဇော်ထိုက်က ဒယီးဒယိုင်ဖြင့် မေးလိုက်၏။ သူ့ခါးတွင် ကျွဲပွတ်သမား၏ ကျွဲပွတ်ကို ပတ်ထားလိုက်သည်။

"ဟေ့ . . ဆိုင်ထဲမှာ ဘယ်သူမှ မရှိဘူးလား"

"ဒီဆိုင်ကြီးကို ငါ မီးရှို့လိုက်ရမလား"

စဥ့်အိုးနှစ်လုံးကြားတွင် ခေါင်းထိုးနေသော ဆိုင်ရှင်ကိုလူခက်သည် ငြိမ်၍ မနေရဲတော့ပေ။ သူသည် ရုတ်တရက် ခေါင်းကို ပြန်ဆွဲထုတ်ရာ ခေါင်းကိုမော့၍ ထုတ်မိ၍ စဥ့်အိုးနှစ်လုံးကြားမှ ထုတ်မရပေ။



အမှန်က သူ ကြောက်ကြောက်နှင့် ခေါင်းတစ်ခေါင်းဝင်သာရုံ စဥ့်အိုးအောက်မှ လျှိုဝင်ခြင်းဖြစ်သည်။

"အား"

"ဟော . . အသံကြားတယ်၊ ဘယ်သူလဲကွ၊ ငါ့ကို သတ်ဖို့ချောင်းနေတာလား"

"မဟုတ်မဟုတ်ပါဘူး၊ ကျွန်တော် ဆိုင်ရှင်ပါ၊ စဥ့်အိုးကြားမှာ ခေါင်းညှပ်နေလို့"

အသံကြားရာဆီသို့ ရောက်လာသည်။

ငုံ့ကြည့်လိုက်၏။ စဥ့်အိုး သဘာဝက အလည်က ဝိုက်အိုးနှစ်လုံးထိပြီး အပေါ်နှင့် အောက်ခြေက ကွာသည်။

"ဟား ဟား ဟား ဟား မင်းက ငါ့ကို ကြောက်တာလား"

ဇော်ထိုက်က ခါးထောက်မေးလိုက်သည်။

"ဟုတ် . . ဟုတ်ပါတယ်"

ခေါင်းက မမော့နိုင်၊ လက်က စဥ့်အိုးနှစ်လုံးကို ကိုင်ထားရသည်။

"မင်းကို ငါမသတ်ပါဘူး၊ မင်းရအောင် ထွက်၊ မင်းက မြေပျော့ကို ဖိထိုးတာကိုး၊ ခေါင်းထိုးတိုးက ဘာမှ မဖြစ်ဘူး၊ မင်းနှာခေါင်းကို ငါညှစ်ပေးမယ်။ ရွှံ့ထဲကို ခေါင်းဖိဆွဲထုတ်"

ဇော်ထိုက်က လယ်ယာပဲခင်းနှင့် ရွှံ့နှင့် ဆိုင်သော လုပ်ငန်းများ ကျွမ်းကျင်၍ပြန်အထုတ်တွင် နှာခေါင်းထဲသို့ ရွှံ့မဝင်စေရန် နှာခေါင်းကိုညှစ်ပေးသည်။ သူပြောသလို မျက်နှာရာကြီးထင်အောင် ဖိ၍ ထုတ်လိုက်သည်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းက ကျွတ်ရှုံ့စဥ့်အိုးအဖြင့် ရောက်သွားကာ ဇော်ထိုက်က . .

"ငါ့လက်ကို ရေလောင်းပေးစမ်း"

ဟု ပြောသည်။

ဇော်ထိုက်၏လက်ကို ကြောက်ကြောက်နှင့် ရေလောင်းပေးနေလေသည်။

"မင်းလဲ မျက်နှာသစ်လေ၊ မိုးအိုးငါ့မြေးစရာ ရှိတယ်"

ဇော်ထိုက်က လက်ကို စင်ကြယ်အောင် ဆေးလိုက်ပြီးနောက် မျက်နှာသစ်၍ ဝင်လာသော လူခက်ကို ကြည့်လိုက်လေသည်။ လူခက်မှာ အတော်မင် ကြောက်နေပုံရသည်။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"လူခက်ပါ"

"ကောင်းပြီ လူခက်၊ မင်းကို ဒီခါပိုကမ်းပေါ်မှာ စတွေ့တာပဲ၊ မင့် ငါ့ဟာပညာခံမလား"

"ခံ . . ခံပါ့မယ် ခင်ဗျာ၊ ခိုင်းချင်တာ ခိုင်းပါ"

ဇော်ထိုက်က ဉာဏ်ကောင်းသည်။

"ခုချိန်မှာ ဟိုနေညာင်ပင်ဆိပ်မှာ ဘာလှေမှ မရှိဘူး။ မင်း အဲဒီအလောင်းနှစ်လောင်းကို ခြေထောက်ကဆွဲပြီး မြစ်ထဲ ပစ်ချလိုက်"



"ဗျာ . ."

အလောင်းကို မြစ်ဆိပ်သို့ ပစ်ချရမည်ဖြစ်၍ ဇော်ထိုက်ကိုကြည့်လိုက်၊ အရက်ဆိုင်ရှေ့မှ အလောင်းများကို ကြည့်လိုက်နှင့် လူခက်ဒုက္ခရောက်နေသည်။

"လူခက်"

"ဗျာ . ."

"စောစောကတော့ မင်း ငါ ဘာခိုင်းခိုင်း လုပ်ပါ့မယ်ဆို"

"အဲဒါက . ."

"ကြာပါတယ်ကွာ၊ မင်း မလုပ်တတ်ရင် ဒီမှာကြည့်"

ဇော်ထိုက်က စိတ်မြန်သည်။ အလောင်းနှစ်လောင်း၏ ခြေထောက်နှစ်ဖက်မှ တစ်ဖက်စီဆွဲကာ မြစ်ဆိပ်သို့ ယူသွားသည်။ ပြီးနောက် ရေစီးနေသော မြစ်လယ်သို့ လွှဲကာ ပစ်ချလိုက်လေတော့၏။

"ကဲ လူခက်၊ မင်းက အဲဒီသဲကြောင်းတွေကို ရှင်း၊ သွေးစတွေ ဘာတွေမရှိစေနဲ့၊ နောက်ဘယ်သူလာလာ ဒီနေရာမှာ လူသတ်မှု မဖြစ်ပါဘူးလို့ ပြော"

"လျှာန်တော်ကို"

"ဟုတ်တယ်၊ မင်းဒီလို မပြောရင် မင်းကို ငါ သတ်ပစ်မယ် ဖါ့ဖါ"

www.burmeseclassic.com



"မလုပ်ပါနဲ့ဗျာ၊ ပြော . . ပြောပါ့မယ်"

ဇော်ထိုက်သည် အရက်ဆိုင်သို့ လာနေသော ရွာသူကြီးနှင့် လူတစ်စုကို တွေ့ရသည်။ ဇော်ထိုက်က ဆိုင်ထဲမှ အနောက်ဖက်သို့ ခုန်ချကာ ချုံများအတွင်းခိုနေလိုက်လေသည်။

ရာဇဝတ်အုပ် တစ်ဦးနှင့်      ရဲ ငါးယောက်သည် လက်ကိုင်တုပ်များကိုင်ကာ ဆိုင်ဆောက်ထားသောကုန်းစောင်းလေးပေါ်သို့ တက်လာသည်၊      ရဲတစ်ယောက်က လူခက်နှင့်သိသည်။

"ဟေ့ လူခက် ဒီနားမှာ လူသတ်မှုဖြစ်တယ်ဆို"

လူခက်သည် ရုတ်တရက်မဖြေနိုင်။

သူ၏နောက်ကျောတွင် ဇော်ထိုက်က ချုံထဲ၌ ပုန်းအောင်းနေသည်။

"မဖြစ် . . . မဖြစ်ပါဘူး ခင်ဗျာ"

ရာဇဝတ်အုပ်ထွေးကျော်သည် အံ့အားသင့်သွား၏။

"မဖြစ်ဘဲများကွာ၊ ဟိုကောင်တွေ အရက်မူးမူးနဲ့ ကင်းစခန်းလာပြောတာ မင်းကယုံလို့"

သူ့လက်အောက်မှ ဆာဂျင်ကို ပြောလိုက်လေသည်။

"သူက အမြဲတမ်း မဟုတ်တာ မပြောပါဘူး၊ ခုမှသာ သူက မဟုတ်တာကို မူးလို့ ပြောမိတာ"

"မလိုချင်ဘူးကွာ၊ ဒီကောင့်ကို ဝတ္တရားနှောင့်ယှက်မှုနဲ့ ဆွဲ့ခဲ့"

ဆိုင်ထဲသို့ ရာဇဝတ်အုပ်တွေ ကျော်ဝင်လာသည်။





"ဟော့ . . မင်းဆိုင် ဒီနေ့ လူရှင်းလှချည်လားကွ"

"လှေ့ဆိုက်တဲ့ အချိန်မဟုတ်ရင်တော့ ဒီလိုပါပဲ"

"ဒါနဲ့ ဟိုကောင်တွေကကွာ၊ ခုသတ်မှု မင်းဆိုင်ရှေ့ဖြစ်တယ်ဆိုပြီး၊ လာတိုင်နေလို့။ သေတဲ့သူတွေ နာမည်တောင်ပြောသွားသေးတယ်။ ဓားဝင်းစိန်နဲ့ ကျောက်သာပွင့်ဘဲ့၊ လူသတ်မှု ဖြစ်မှတော့ အလောင်းရှိရမှာပေ့ါ"

ဆိုင်ထဲသို့ ဟိုဟိုသည်သည် ကြည့်၏။

"ရှာချင်သလောက် ရှာပါခင်ဗျား ဟာမှ မရှိပါဘူး"

"ငါ ယုံပါတယ်၊ မင်းက ဒီနေရာမှာ ဈေးအမြဲရောင်းနေတာ၊ မြေနီကန်ရွာကကောင်တွေ တက်လာသေးလား"

"ခုတလော မလာပါဘူး"

"အေး . . လာရင် သတင်းပို့ကွာ၊ မြေနီကန်ကလူတွေ ဘယ်သူလာလာ ဒီကောင်တွေကို တိုင်ထားကြဲ့ အမှုတွေ ရှိတယ်"

"ဟုတ်ကဲ့ ခင်ဗျ"

ထို့နောက် ရာဇဝတ်အုပ် ကိုထွေးကျော်နှင့်      ရဲများသည် ရွာထဲသို့ ဝင်သွားလေသည်။ စကားပြောသံကို မကြားရသော်လည်း မည်သည့်စကားများ ပြောနေသည်ဆိုခြင်းကို ဇော်ထိုက်က မှန်းမိသည်။

"ဒီမှာလူခက်၊ သူတို့ ပြန်လာဦးမှာလား"

"ပြန်ရင်တော့ သူတို့ကင်းလှေကား ဒီက ဟောကြို့မှာပဲ ပြန်တော့ လာမှာပေါ့"

"အေး . . မင်း ငါတစ်ခုမေးမယ်၊ မြေနီကနမှာ ဘယ်သူတွေ ရှိလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မြေနီကန်ရွာဆိုတာ ကန်တစ်ကန်ပဲ ရှိပြီး၊ တောအုပ်ကြီးပါဗျာ၊ ဂူတွေလဲရှိတယ်၊ လျှိုတွေ၊ မြောင်တွေလဲ ပေါတယ်။ ဒါကြောင့် ရဲတွေတောင်မသွားရဲဘူး။ အဓိက "တိမ်ထဲကကျား" ဆိုတဲ့ ဓားပြကြီး နေတာပဲ၊ တိမ်ထဲကကျားဆိုတာက သူ့နာမည်ရင်း မင်းထင်တဲ့"

"ဘာ. ."

မင်းထင် ဆိုသော အသံကြားသည်နှင့် လူခက်၏ ရင်ဘတ်အကျႌကို လှမ်းဆွဲလိုက်မိသည်။

"ပြန်ပြောစမ်း"

"တိမ်ထဲကကျား မင်းထင် ပါ"

"လူအင်အား ဘယ်နှစ်ယောက် ရှိသလဲ"

"အားလုံး ဆယ့်ငါးယောက်ပါ၊ ခုတော့ ခြောက်ယောက်လောက်ပဲ ရှိမယ်။ ဒီသေသွားတဲ့ကောင်တွေရဲ့ ဆရာယက္ခလဲ ပါတယ်"

"ယက္ခဆိုတာက ပါးမှာ ဓားဒဏ်ရာနဲ့ လူလား"

"ဟုတ်ပါတယ်ခင်ဗျာ။ သိပ်ရက်စက်တယ်။ သိပ်ကြောက်စရာကောင်းတယ်။ သူ့ကို အာခံတဲ့လူဆိုရင် ဘီလူးသဘက်လိုပဲ၊ သူ့ရဲ့ ဘယ်လက်သဲက သံမဏိကို တပ်ထားတာ အဆိပ်ရှိတယ်"

"အေး . . ပြောပါဦး"

"နောက်တစ်ယောက်က ဒေဝပါ"

"ဒေဝ"





သူ့အဖေ ဆေးသွားကုစဉ်က ပြောပြခဲ့သည့် ဒေဝကို ကြားလိုက်ရ၏။

"အင်း . . ဒီကောင်တွေ ဘယ်လိုလာပြီးတော့ မီးရှို့ ဘယ်ဆိုတာ သိရအောင် တစ်ယောက်ယောက်ကိုဖမ်းပြီး စစ်မှ ဖြစ်မယ်" ဟု ဇော်ထိုက်က တွေးလိုက်သည်။

"ဟေ့ . . လူခက်၊ မင်း ငါ့နာမည်ကို လက်မရွှံ့မီးခဲလို့ မှတ်ထား၊ သူများက မေးရင် ဒီလူသတ်မှုကို မဖော်နဲ့နော်"

"စိတ်ချပါ ခင်ဗျာ"

"မြေနီကန်ရွာကို ဘယ်လောက်ဝေးသလဲ"

"သုံးမိုင်ခွဲလောက်ရှိမယ်၊ တောလမ်း ဖြတ်သွားရမယ်"

× × ×

နောက်ဆုံးတော့ ရာဇဝတ်အုပ်သည် ရွာသားများနှင့် အရက်သမားများကို စစ်ဆေးကြည့်သောအခါတွင် ဆိုင်ရှေ့တွင် လူသတ်မှု ဖြစ်ပွားကြောင်း မျက်မြင်သက်သေများ ပေါ်လာလေသည်။

"ကျွန်တော် ဆိုင်နောက်မှာ ကြက်သားခုတ်နေလို့ပါ"

"မမြင်လိုက်လို့ပါ"

လူခက်က သူ့ကို လက်မရွှံ့မီးခဲက လာရောက်သတ်မည်စိုးသောကြောင့် ရုတ်တရက် မထွက်ဆိုရဲပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အမှုစစ် ခုံက ထိုသို့သော လူမျိုးအား တွေ့ဖူးပေါင်းများလှပြီ ဖြစ်ရာ "သူက လူသတ်သမားနဲ့ ပူးပေါင်းလို့ လူသတ်သမားရှိတဲ့နေရာ သူ သိတယ်၊ မပြောရင် ရိုက်သာ ရိုက်" ဟူသော စကားကို ရွာထဲက ပြောသည်ဟု ဆိုသောအခါ မနေသာတော့ပဲ ဖွင့်ပြောရလေတော့သည်။

"သူ့ကိုယ်သူ လက်မရွံ့မီးခဲလို့ ပြောပါတယ် သူက လူသတ်ပြီး မြစ်ထဲပစ်ချကာ ပြန်ပြောရင် ကျုပ်ကို လာသတ်မယ်လို့ ပြောလို့ပါ"

နောက်ဆုံးတော့ လူခက်သည် ကိုယ့်အရေးထက် သူများအတွက်ကို မညှာနိုင်။ သူ၏ ဝင်သမျှ အကုန်ဖွင့်ပြောလိုက်လေတော့သည်။

"လက်မရွံ့မီးခဲ" ဆိုသော် ရာဇဝတ်မှု ကျူးလွန်သူ တစ်ဦး စာရင်းဝင်သွားလေသည်။ လက်မရွံ့မီးခဲက တောလမ်းကို ဖြတ်လျှက် မြေနီကန်ရွာသို့ သွားလျက်ရှိသည်။ လမ်းတွင် တဲလေး သုံးလေးလုံး တွေ့ရသည်။

တဲထဲမှ လူများမှာလည်း အလွန်ဆင်းရဲ၍ မဲတူးနေသောအိုးဖြင့် ထမင်းဟင်းချက်နေကြသည်။ အဖွားကြီး တစ်ဦးအား . . .

"အဖွား ဒီလမ်းက သွားရင် မြေနီကန်ကို ရောက်လား"

ဟု မေးလိုက်သည်။

"ရောက်တာပေါ့ကွယ်၊ နေပါဦး၊ လူကလေးက ဘာကိစ္စလဲ"





ဟု မေးလေသည်။

"ကျွန်တော်လား၊ ကျွန်တော်က အဲဒီမြေနီကန်ရွာမှာ နေတဲ့ မင်းထင်ကို တွေ့ချင်လို့"

"မင်းထင်ကို တွေ့ချင်လို့"

"ဟုတ်ပါတယ်"

"မင်းထင်ကို အရင်မတွေ့ပါနဲ့ဦး၊ ကျုပ် မာယနဲ့ အရင် တွေ့ပါဦး"

သူ့ခေါင်းမှ အဖွားကြီးက ခေါင်းပေါင်ကို ဓားနှင့်ထိုး၍ ကော်လိုက်ရာ အသက်အစိတ်အရွယ် မျက်လုံးမှေးမှေးနှင့် လူ တစ်ယောက်ပုံ ပေါ်လာသည်။

"လက်စသတ်တော့ မင်းက တိမ်ပေါ်က ကျားရဲ့ တပည့်ကိုး"

"ဟုတ်တယ်၊ ကျုပ်တို့ဆရာက တိမ်ပေါ်မှာ နေတာပဲ"

ဓားကို ဝှေ့ကာ တစ်ချက်ပြီး တစ်ချက် ဝှေ့ကာ ခုတ်လိုက်၏။

"ဝှစ် . . "

"ဝှစ် . . "

"ဟား ဟား ဟား ငါကလဲ ဒီလို ပုမျိုးနဲ့ တွေ့ချင်နေတာ။ မင်းက ထင်းရွာမီးရှို့တဲ့လူထဲမှာ ပါတယ်မို့လား"

"ပါတာပေါ့၊ သိပ်ပါတာပေါ့၊ ယက္ခာ ရေနံလောင်းတာ ကျုပ်က မီးစနဲ့ ပစ်ရတာ"

"အော် . . ဒါဆိုရင်လဲ သေစမ်းကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဇော်ထိုက်သည် ဓားနှင့်နောက်ဆုံးတစ်ချက်ခုတ်လိုက်သော မာယာ၏ ဓားကိုင်လက်ကို ဖမ်း၍ လက်နှစ်ဖက်နှင့်ဆွဲကာ သူ၏ ညာဒူးနှင့် ရင်ဝကို နှစ်ချက်ဆင့်တိုက်ချလိုက်၏။

"ဘုန်း"

"အင့်"

"ဘုန်း"

"အား"

မာယာသည် လက်လွှတ်ပေးလိုက်သည်နှင့် စက်လက် လန်ကျသွား၏။ သူ၏ပါးစပ်မှ သွေးများ အန်ကျလာသည်။ ပြင်းထန်သော ဒူးချက်ကြောင့် နှလုံးကွဲသွားခြင်းပင် ဖြစ်တော့၏။

ဇော်ထိုက်သည် အလောင်းကို တစ်ချက်ခြေထောက်နှင့် ကန်ကာ တောလမ်းအတိုင်း ဝင်လာခဲ့သည်။ မြေနီကန်ရှာင်း သည်မှာ တောအုပ်ကြီးသာ ဖြစ်သည်။ တဖြေးဖြေး မြင့်တက် သွားသော တောင်တစ်တောင်တော့ရှိသည်။ ပေးပေါင်း အတော် မြင့်မည် ထင်ရသည်။ တောင်ပတ်ဝန်းကျင်တွင် မြူခိုးလေးများ ဝေ့နေသည်။

ဇကန္တ ထိုတောင်ထိပ်တွင်နေသောကြောင့် မင်းထင်က သူ့ကိုယ်သူ တိမ်ပေါ်ကကျားဟု ဘွဲ့ခံထားခြင်း ဖြစ်ပေလိမ့်မည်။





အနီရောင်မြေများပေါ် ရောက်လာသည်၊ စိမ့်ရေထွား၊ စမ်း ချောင်းလားမသိ။ ရေစီးနေသောကြောင့် ရွှံ့များနှင့်စေးနေလေ သည်။

ပတ်ဝန်းကျင်တွင် သစ်ပင်များသာ ရှိသည်။ အမြော်သို့ မော့ကြည့်သော အခါတွင်လည်း သစ်ပင်များက မိုးနေ၏။ မြေနီ စေးများပေါ်မှ ချောချောဖြင့် လျှောက်လာသည်။

သူ့စိတ်ထဲတွင် လူတစ်ယောက်က သူ့ကို ချောင်းမြောင်း နေသလို ခံစားရသည်။ သူသည် တစ်ဖက်ကို အာရုံထားလိုက် သည်နှင့် မြေနီစေးများပေါ်သို့ ချော်ကာလဲသွားသည်။

"သေစမ်းကွာ"

"ရွှမ်း"

လဲသည်နှင့် ကြောင်တစ်ကောင်လို မောက်ကာ လှိမ့်ပစ် လိုက်သည်။ ထိုအခါ သစ်ပင်များကြားမှ ပုန်းအောင်းနေသော မျက်နှာပေါ်လာသည်။

ဘယ်ဘက်ပါးတစ်ဖက် ချိုင့်နေသော ယက္ခ။

"ယက္ခ"

"မှတ်တယ်၊ ငါနာမည် ယက္ခပဲ၊ ငါနဲ့ တွေ့ပြီးတဲ့လူဟာ သေမင်းပြည်ကို သွားရတာပဲ"

"အပြောကြီးလှချည်းလား"

ရွှံ့ထဲတွင် ချော်ကာ ရှေ့သို့ နှစ်ဦးစလုံး မတိုးနိုင်။ ဓားတစ်ကမ်းစီ လှမ်း၍ ချိန်နေကြသည်။ ယက္ခ၏ တပည့်ထံမှ ခါးတွင် ဖတ်ယူလာခဲ့သော ကျာပွတ်ကို ဇော်ထိုက်က ဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း"

"ဟင်"

ကျာပွတ်ဆန့်သံကြား၍နောက်သို့ ဆုတ်ရန် ယက္ခက ပြင်လိုက်သည်။ သို့သော် မရတော့။ လျှင်မြန်သော ဇော်ထိုက်၏ ကျာပွတ်ရိုက်ချက်က သူ၏ ခင်းထားသော ခြေသလုံးကို ပတ်မိသွား၏။

"ရှမ်း"

"အား"

ဇော်ထိုက်က ထိုပတ်မိသော ခြေသလုံးကို ဆောင့်ဆွဲလိုက်သည်။ ထိုအခါ ရွှံ့နုံးမြေနီပေါ်မှ လျှောကနဲ ပါလာလေသည်။ ယက္ခ၏ တပည့်စားသမားဝင်းစိန်လိုပင် စားကိုင်လက်ကို ဇော်ထိုက်က ဖမ်းနင်းလိုက်၏။

ပြီးတော့မှ ညာခြေက ဖနောင့်ထောက်ကာ ယက္ခ၏ လည်ပင်းကို ခပ်ဖိဖိနင်းလိုက်သည်။

"အား . . ကျုပ်ကို မသတ်ပါနဲ့"

"မင်းတို့က သူများတော့ ထင်သလို မီးရှို့သတ်၊ ကိုယ့်အလှည့်ကျတော့ မလုပ်ပါနဲ့ ဟုတ်လားကွ ယက္ခ"

"ကျုပ်က ကျုပ်ဆရာအတွက် လုပ်ရတာပါ။ ကျုပ်မလွှန်ဆန်ရဲလို့ပါ"

"ကောင်းပြီ မင်းဆရာ ဘယ်မှာရှိသလဲ"

"တောင်ပေါ်က ဂူထဲမှာ ရှိပါတယ်"

"သေချာတယ်နော်"





"သေချာပါတယ်"

"လူ ဘယ်နှစ်ယောက် ရှိလဲ"

"သူတစ်ယောက်ထဲပါ၊ သူ့ တပည့်ဇော်က လမ်းခွဲသွားပါပြီ"

"သူတပည့် ဆိုတာက"

"ဒေဝတို့ စောဦးတို့ပါ"

"ဒေဝက ဘယ်သွားလဲ"

"ဒေဝက အုန်းတောရွာကို ပြန်ပါတယ် စောဦးကတော့ ဖျာပုံကို သွားပါပြီ"

"ကောင်းပြီ၊ မင်းပဲ ငရဲပြည်ကို သွားပေတော့"

"အ . . အား . . အား"

လည်မျိုကို ဖနောင့်နှင့် ဖိချ လိုက်၍ ယက္ခမှာ မှက်လုံးပြူးကာ အသက်ထွက်သွား ရလေတော့သည်

× × ×

"မာယ၊ ယက္ခ ဟား ဟား ဟား ငါ့ ဒေဝ၊ ငါ့ မိန်းမနဲ့ ငါ့ကလေးကို မီးရှို့သတ်တဲ့ကောင်နှစ်ကောင် တော့ ကြွသွားပြီ၊ အရေးကြီးတာက မင်းထင်၊ ဒီရန်စဟာ မင်းထင်ကြောင့် လာတာ၊ မင်းထင်က အဓိကတရားခံ"

မြေနီကန်ဘေးတွင် ခေတ္တထိုင်ကာ ကန်ပေါ်လမ်းအတိုင်း တောင်ပေါ်သို့ တက်လာခဲ့သည်။ တောင်ပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ဂူပေါက်ငယ်လေးများ အများအပြားရှိသည်။ မူလက ရေစိမ့်ထွက်၍ နွံ့ပျော့စဉ်က တူးဖော်ထားသော ဂူများဖြစ်သည်။ နေပူသောအခါ ထိုဂူများမှာ ခြောက်သွေ့၍ မာကျောသွားလေတော့သည်။

သစ်ပင် ချုံနွယ်များကြားမှ ဖြတ်ကျော်လာကာ ဂူကလေး တစ်ခုရှေ့သို့ ရောက်လာသည်။ ဇော်ထိုက်သည် ကျားပွတ်ကို ပြန်ပတ်ရင်း ဂူလေးထဲသို့ ဝင်လိုက်သည်။ ဂူကလေးမှာ သိပ်မကြီးလှ။

လူတစ်ယောက်ဝင်ကာ အိပ်၍ရရုံသာ ရှိလေသည်။ တောင်ပေါ်ဖြစ်၍ လေများက တိုက်နေသည်။ ထိုအချိန်မှာပင် မိန်းကလေးတစ်ဦး အော်ဟစ်သံကို စူးစူးဝါးဝါး ကြားလိုက်ရသည်။

"အို . . ရှင် ဘာလို့ ကျွန်မကို လာခေါ်တာလဲ၊ ရှင့်ကို အသေသတ်တာ မမှတ်သေးဘူးလား"

"ဟင်"

အသံလာရာသို့ ဇော်ထိုက်နားထောင်သည်။ အသံမှာ သူ့အရှေ့ တော်တော်ဝေးဝေးကပင် ဖြစ်လေသည်။

"ငါ ငါ မင်းကို မပြတ်နိုင်ဘူး၊ ငါ့တစ်သက်မှာ မင်းကို အချစ်ဆုံးပဲ၊ မင်းဟာ ငါ့ မိန်းမပဲ၊ မင်း ငါနဲ့ နေရမယ်"

မိန်းကလေး၏ ဟက်ဟက်ပက်ပက် ရယ်သံကို ကြားလိုက်ရသည်။

"ကျွန်မက ရှင့်ကို လုံးဝမချစ်ဘူး။ လုံးဝလဲ လင်တစ်ယောက်လို မသတ်မှတ်ဘူး။ ရှင် အနိုင်ကျင့်တာခံရလို့ ရှင့်ကို ဓားနဲ့ ထိုးနိုင်အောင် ဆယ်ရက်လောက် အောင့်နေခဲ့တာပဲ။ ခု

[redacted]



ရှင့်ကို ကျွန်မအကြံအတိုင်း ဓားနဲ့ ထိုးသတ်တယ်။ ရှင်မသေဘူး"

"ဟား ဟား ဟား ဒါဆိုရင် မင်းသိရောပေါ့၊ မင်းဟာ ငါ့မိန်းမ ဖြစ်ထိုက်တယ်လေ"

"ရှင် အရူးစကားတွေ ပြောမနေပါနဲ့။ ကျွန်မ်ကမှ ရှင့်ကို လက်မထပ်တာ၊ ကျွန်မ တကယ် ရှင်နဲ့ သဘောမတူဘူး၊ ရှင်က သူခိုး ဓားပြ၊ ရှင် ကျွန်မကို သတ်ချင်ရင် သတ်ပစ်လိုက်"

"ငါ မသတ်ပါဘူး နှင်းခက်ရယ်၊ ငါ ဘယ်တော့မှလဲ မင်းကို မုန်းလို့ ရမှာ မဟုတ်ဘူး။ မင်းငါ့ကို စာနာ နားလည်ပေးပါ"

မင်းထင်က တိုးလျှိုးတောင်းပန်လိုက်သည်။

"ဟင်း ဟင်း ဟင်း၊ ရှင့်တောင်းပန်မှုက ရယ်စရာ တောင်ကောင်းသေး။ သူများသားသမီးကို အနိုင်ကျင့်တဲ့ သူ၊ ဒီလိုလူမျိုးကို ကျွန်မက ဘာစာနာရမှာလဲ ကဲ . . အဲဒါ ကျွန်မ စာနာတာ"

"ဖြန်း"

× × ×

ဘယ်သူက ဘာဖြစ်သွားသည်တော့ မသိ။ ဖြန်းခနဲ အသံ ကြားရသည်။ ချုံကွယ်မှ လှမ်းကြည့်သောအခါ ဂူပေါက်ငယ်များ များနေသည်။ အနည်းဆုံးတော့ တောင်ကြောတွင် ဂူပေါက် ဆယ့်ခြောက်ခုလောက်ရှိသည်။ မည်သည့်နေရာရှိ ဂူထဲမှ ထွက်လာသောအသံ ဟူ၍ အတတ်မပြောနိုင်ပေ။

ပန်းလက်ဆောင်စာပေ

www.burmeseclassic.com



"အို . . ရှင် လွှတ်ပါ"

"ဖြန်း"

"အား"

သည်တစ်ကြိမ်တော့ ယောကျ်ားက ရိုက်လိုက်ဟန် တူလေသည်။ မိန်းမပျို၏ အသံ စူးစူးဝါးဝါး အော်ကာ ထွက်လာသည်။

ထိုအခါတွင်မှ သူ့ရှေ့ရှိ ညာဘက်မှ စ၍ ရေတွက်လျှင် ငါးခုမြောက်ဂူပေါက်ဝထဲမှ ထွက်လာသံဟု သိရှိလိုက်ရသည်။ ယက္ခပြောစဉ်က မည်သူမျှ မရှိဟု ဆိုသည်။ ယခုတော့ မိန်းမ တစ်ယောက်၏ အော်သံကြားနေရလေသည်။ ချုံထဲမှ ထွက်ကာ ထိုဂူပေါက်ဝသို့ ပြေးလာခဲ့သည်။

ဂူပေါက်ဝတွင် ဘာမျှ မတွေ့ရ။ လှိုဏ်ကအတွင်းသို့ ကွေ့ကွေ့ကောက်ကောက် ဝင်သွားလေသည်။

"ဟော့ မပြေးနဲ့၊ မင်းပြေးတော့ရော ငါ့လက်က လွတ်မှာလား"

အသံက ဂူထဲက ဟိန်းထွက်လာသည်။ ထိုအသံမှာ မင်းထင်၏ အသံဖြစ်ကြောင်း ဇော်ထိုက် ကောင်းစွာ သိလိုက်လေသည်။ သူသည် ဂူပတ်ပတ်လည်ကို ကြည့်လိုက်၏။ အပေါ်ဘက် ကျောက်ခက်ပန်းဆွဲများထဲတွင် ပုန်းစရာ နေရာရှိသည်။

သူက ခါးမှ ကျာပွတ်ကို ဖြုတ်ကာ အပေါ်ဘက်ရှိ ကျောက်ခက်ပန်းဆွဲကို ရိုက်ထည့်လိုက်သည်။

"ရွှမ်း"

ထို့နောက် ခုန်လွှဲကာ အမိုးနှင့် ကပ်နေသည့်





ကျောက်လွှာ တစ်ထပ်ပေါ်သို့ တက်လိုက်လေသည်။ သူသည် ကျာပွတ်ကို ပြန်ဖြုတ်ယူထားလိုက်သည်။

"နှင်းခက်နေပါဦး"

"ရှင် ကျွန်မကို မဆွဲနဲ့ ရှင် ကျွန်မကို တကယ်ချစ်ရင် ကျွန်မ လက်ကို လွှတ်လိုက်"

"လွှတ်မယ်ကွာ၊ ဒါပေမယ့် မင်း ငါ့နားကတော့ ဘယ်မှ မသွားနဲ့"

"ကျွန်မ ရှင်နဲ့မှ မနေချင်တာ"

"ငါ မင်းမရှိရင် မနေတတ်ဘူး နှင်းခက်၊မင်း ငါ့ကို ကျွန်လို သဘောထားချင်ထားပါကွာ၊ ငါ မင်းနဲ့ အတူကူ နေပါရစေ"

ဂူအမိုး ကျောက်လွှာပေါ်မှ ဇော်ထိုက်က ငုံ့ကြည့်နေသည်။ မင်းထင်မှာ နှင်းခက်ဆိုသော မိန်းကလေးကို တောင်းပန်နေသည်။ သူ၏မျက်လုံးများမှာ နီရဲနေ၏။ နှင်းခက်က သူ့ကို အံကြိတ်ကာ ကြည့်သည်။

"ဒီမှာ ကိုမင်းထင်"

"ပြောပါ နှင်းခက်"

"ရှင့်ကို ကျွန်မ ဒီဘဝလဲ မချစ်ဘူး၊ နောက်ဘဝလဲ မချစ်ဘူး၊ အို သံသရာဘဝ အဆက်ဆက် ကျွန်မ ရှင့်ကို ဘယ်တော့မှ မချစ်ဘူး"

"နှင်းခက်၊ မင်းကို ငါ ဘယ်လောက်ချစ်သလဲ၊ မင်း ငါ့ကျောကို မသေမချင်း ဓားနဲ့ ထိုးတာတောင် ငါ ခွင့်လွှတ်နိုင်ခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ရှင့်ဘက်ကလေ၊ ကျွန်မဘက်က စဉ်းစားကြည့် ကျွန်မ မိဘတွေဆီက ရွှေတွေငွေတွေ လုတယ်။ ကျွန်မကို တောထဲခေါ်လာပြီး၊ သားမယားလို ပေါင်းတယ်။ ရှင့်နှမဆိုရင် ရော အဲဒီလိုလူနဲ့ သဘောတူမှာလား"

"ပြောပါ နှင်းခက်၊ နှင်းခက် ဒီလိုပြောင်းလဲမယ် ဆိုရင် ငါအစကတည်းက နှင်းခက်တို့ အိမ်ကို ဓားပြမတိုက်ဘူး၊ နှင်းခက် မိဘတွေဆီကလဲ ရွှေငွေတွေ ယူမလာဘူး၊ ပြီးတော့ နှင်းခက်ကိုလဲ ဒီကိုခေါ်မလာဘူး"

"ဟင်း ဟင်း ဟင်း"

နှင်းခက်က ခါးထောက်၍ ရယ်နေသည်။

"အဲဒါတွေက ပြန်ပြောလို့ မရတော့ဘူး၊ ကျွန်မ အမေ ဆိုရင် ကျွန်မစိတ်နဲ့ သေပြီလေ၊ ဒါတွေကို ရှင်ဘာနဲ့ အလျော် ပေးမလဲ"

"ဟုတ်ကဲ့၊ ငါ သိပ်မှားတယ် နှင်းခက်၊ မင်းငါ့ကို ကြိုက်သလို လုပ်ပါ"

"ကျွန်မက ရှင့်လို လူဆိုး ဓားပြမဟုတ်ဘူး။ ကျွန်မ သွားမယ်၊ ကျွန်မလမ်းကို ရှင်မနှောင့်ယှက်နဲ့ ဒါပဲ"

× × ×

စကားအဆုံးတွင် နှင်းခက်က ထွက်သွားသည်။ တောင်ဆင်းလမ်းအတိုင်းဖြစ်သည်။ မင်းထင်က ပြေးလိုက်ဖို့ ဟန်ပြင်လိုက်၏။





"မင်းထင် မင်းရပ်လိုက်စမ်း"

မင်းထင်၏ ခြေလှမ်းများ ရုပ်ကလုံဘွင် တုံ့ခနဲ ဖြစ်သွားသည်။

"ဘယ်သူလဲကွ၊ ဒီတောင်ပေါ်မှာ ငါ့ကို မင်းထင်လို့ ခေါ်ရဲလား"

"ငါပဲကွ"

ဇော်ထိုက်က အသံပေးလိုက်ပြန်သည်။ မင်းထင်က နေရာအနှံ့ လိုက်လံရှာဖွေနေသည်။ သူသည် ကျောက်ခက် ပန်းဆွဲများ အပေါ်ရှိ လူတစ်ယောက်နိုင်သောနေသော နေရာကို သတိမထားမိပေ။

"မင်းထင် မင်းဟာ တော်တော် အရှက်မရှိတဲ့ကောင်ပဲ၊ မိန်းကလေးတစ်ယောက်အတွက်များ ဒီလောက်အောက်ကျခံရ တယ်လို့ကွာ၊ အပြစ်မရှိတဲ့ မိန်းမတစ်ယောက်ကျတော့ မင်းဟာ မီးရှို့ပြီး သတ်ရက်တယ်"

"ဘာ. ."

မင်းထင်သည် အသံလာရာကို ရိပ်မိသွားပေပြီ။ သူသည် မည်သူမည်ဝါဆိုသည်ကို ဇဝေဇဝါ ဖြစ်နေသေး၏။ ကျောက်ချပ်လွှာကြား၌ မှောက်ကာကြည့်နေသော ဇော်ထိုက်က

"မရှာပါနဲ့ကွာ၊ငါက ဒီမှာပါ။ မင်းရဲ့ ဖရှက်မရှိတဲ့ အဖြစ် အပျက်ကို ငါ အစအဆုံးမြင်ပါတယ်"

ဟု ပြောကာ လွှားခနဲ ခုန်ချလိုက်လေသည်။

"မင်း . . မင်းဟာ ဇော်ထိုက်"

"ဟုတ်ပါတယ်။ ငါ ဇော်ထိုက်ပါ၊ ယဉ်နွယ်ရဲ့ မောင်ကျွား ဇော်ထိုက်လေ"



www.burmeseclassic.com

www.burmeseclassic.com



မင်းထင်က တဟားဟား ရယ်ပစ်လိုက်လေတော့သည်။

"လက်စသတ်တော့ ငါ့ဆီကို ကြွေးတောင်းတဲ့လူတွေ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြတာကိုး"

"ဟုတ်တယ်။ ငါ့အဖေ၊ ငါ့ဇနီး၊ ငါ့သမီး အတွက် ကြွေး မင်းဆီက ယူရမယ်"

"ဟား ဟား ဟား ငါ့ကလဲ ကြွေးရှိရင် ဆပ်ရဲပါတယ်ကွ၊ ဒါပေမယ့် မင်းဟာ ငါ့ရဲ့ ပ ဌမဆုံးချစ်ဦးသူကို လုယူတဲ့ကောင်၊ မင်းမရှိခင်က ငါနဲ့ ယဉ်နွယ်ဟာ အရင်းနှီးဆုံး၊ အခင်ဆုံး၊ အချစ်ဆုံး"

"ထားလိုက်ပါကွာ၊ မင်းလေ့ပေါ်မှာ တစ်ခါ ခိုးသွားကတည်းက နောင်တရဖို့ ကောင်းပြီ။ မိန်းမနဲ့ ပတ်သက်ရင် မင်းမှာ ဆင်ခြင်ဉာဏ်မရှိဘူး"

"မင်း ပြောချင်သလို ပြော ဇော်ထိုက်၊ ဒါပေမယ့် ငါ့ကို ရန်မမူပဲ၊ ထွက်သွားမယ်ဆိုရင် ငါ မင်းကို ခွင့်လွှတ်မယ်"

ဇော်ထိုက်က ခေါင်းခါလိုက်သည်။

"ခုမှတော့ သွေးကြောင်တဲ့ စကားတွေ ပြောမနေပါနဲ့ကွာ၊ မင်းဓားကို ယူလိုက်ပါ"

မင်းထင်က သို့ကျောမှ ဓားကို ဆွဲထုတ်လိုက်လေသည်။

နှစ်ဦးစလုံးမှာ တစ်ဆရာတည်းထွက် သိုင်းသမားများဖြစ်၍ လှည့်ကာပတ်ကာ လွတ်ကွက်ကို ရှာနေကြလေသည်။

"လာပြီ"

"ဟိတ်"





"ချွမ်"

မင်းထင်က ခုန်၍ အခုတ်၊ ဇော်ထိုက်က အောက်မှ သိမ်းငှက်အတောင်ရိုက် သိုင်းကွက်ဖြင့် သူ့ဓားကို ကာလိုက်သည်။

"ကဲ . . "

"ထန် . . ချွမ် . . ချွမ် . . ချွမ်"

မင်းထင်းက ပွဲမြန်မြန်ပြီးအောင် ဖိတိုက်သည်။ သို့သော် သူ့ဓားချက်များမှာ ဇော်ထိုက်ကို ထိအောင် မခုတ်နိုင်ချေ။

"ထန်"

ဇော်ထိုက်က ဓားကို တစ်ပတ်လှည့်ကာ ဖမ်းလိုက်သည်။

"မင်းက တိမ်ပေါ်က ကျား ဟုတ်လား မင်းထင်"

"ဟုတ်တယ်။ အဲဒါ ငါ့နာမည်ပဲ ဇော်ထိုက်၊ ဒီနေရာမှာ ငါဟာ မင်းနဲ့ ယဉ်နွယ်တို့ လက်ထပ်ပြီးကတည်းက ဓားပြတစ်ယောက်လို နေခဲ့တာပဲ"

"လူ့ဘဝမှာ ယူစရာမိန်းမတွေ အများကြီးကွာ၊ ဒီယောက်ျားရသွားတဲ့ ကလေးအမေကို ရက်ရက်စက်စက် မီးရှို့သတ်ပြီး လက်စားချေတာ မင်းမှိုလို့"

"ရှူး"

ပြောပြောဆိုဆို ဇော်ထိုက်က သူ၏ ဓားကို ဝှေ့ယမ်းကာ တိုက်ဟန်ပြပြီး၊ မတိုက်ဘဲ ဓားကို မင်းထင်၏ ရင်ဝကို ပစ်ပေါက်လိုက်သည်။

ဓားဦးက မင်းထင်၏ ဝမ်းဗိုက်ကို ဖေါက်ကာ ကျောမှ ထွက်သွားသည်။ ထိုသိုင်းကွက်မျိုးကို မင်းထင် မသိပေ။



www.burmeseclassic.com

www.burmeseclassic.com



"မင်း. . မင်း ငါ့ကို ဘယ်လို လုပ်လိုက်တာလဲ"

"ဟား ဟား ဟား အဲဒါ ကြိုးကြာသိုင်းကွက်ပေါ့ကွ"

မင်းထင်သည် ခေါင်းကို ကိုင်ကာ မြေပြင်ပေါ်သို့ လဲကျသွားလေတော့သည်။

× × ×

ထင်းရှူးတွင် ဆေးဆရာကြီး ဘမိုးအိမ်ကို မီး စတင်လောင်ကျွမ်းစဉ်က ဆေးဆရာကြီး ဘမိုးသည် ဆတ်ခနဲ နိုးလာသည်။ နိုးလာသည်နှင့် သူသည် သူ၏ မြေးကလေးကို ချီလိုက်သည်။ ပြီးနောက် တစ်ဖက်ခန်းတွင် အိပ်နေသော ယဉ်နွယ်ကို

"ယဉ်နွယ်၊ သမီး ထ ထ၊ မီး မီးလောင်နေပြီ"

ဟု ပြောလိုက်သည်။

ယဉ်နွယ်က "အား" ဟု အော်ကာ ကယ်ပါ ယူပါနှင့် နောက်က ပြေးလိုက်သည်။ ပုဆိုးရေစိုကို ဆွဲယူကာ ဆေးဆရာကြီးက ကလေးကို ပတ်လိုက်ပြီး သူကတော့ စောင်ကို ခေါင်းမြီးခြုံကာ မီးကြားထဲမှ တိုးသည်။

"ဒီမှာဟေ့ ထွက်လာပြီ ခုတ်"

"ခုတ်သတ်"

"အမလေး"

ယဉ်နွယ်၏ အော်သံကြားလိုက်ရသည်။ ဆေးဆရာကြီးက မီးစွဲနေသော ချုံကို တိုးကာ တောလမ်းအတိုင်းပြေးလာခဲ့လသည်။ သူ့ကို ဓားနှင့်လှမ်းခုတ်သော်လည်း စောင်ပတ်ထား





သောကြောင့် စောင်ကိုသာခုတ်မိလေရာ ဓားဒဏ်ရာပင် မရခဲ့။

မီးလောင်သည်မှာ သူတို့အိမ်မှစခဲ့သည်ဖြစ်သောကြောင့် သူတို့အိမ်ကို တမင်ရည်ရွယ်ကာ မီးရှို့ကြောင်း သိလိုက်ရသည်။ ဤအတိုင်းဆိုလျှင် ဈေးသွားသော ဇော်ထိုက်ကိုလည်း မနာလိုသူတို့က လုပ်ကြံပေတော့မည်။

ဆေးဆရာကြီး ဘမိုးသည် ဖနားမှ ဆေးအိတ်နှင့် ကလေးကို ရလာ၍ ပူစရာမရှိပါ။ သူ စုဆောင်းထားသော ငွေများ ပါသွားသော်လည်း အရေးမကြီးတော့။

မြေးကလေးအတွက်အရေးကြီးသည့်နောက်မှ ရန်သူလိုက်လာမည်ကို စိုးရသည်။ ဆိပ်ကမ်းတွင် ခေတ္တဆိုက်ကပ်ထားသော လှေကြီးပေါ်သို့ တက်လိုက်သည်။ ငါးခြောက်နံ့ စူးစူးကို ရ၏။

"ဒါ ဘယ်သွားမယ့် လှေလဲဗျို့"

"ကျုပ်တို့က အညာဆန်လှေဗျ၊ ပသိမ်ကတ၊ ပြည် အထိ ရောက်မယ်၊ ဘာဖြစ်လို့လဲ"

"ကျုပ်တို့မြေးအဖိုး၊ လိုက်ပါရစေ"

"ဘယ်လိုက်မှာလဲ"

"ဟင်္သာတနားကရွာဗျာ ဟိုဟာ"

"ဦးဖြူကုန်းလား"

လှေဝမ်းထဲမှ လူက မေးသည်။

"ဟုတ်တယ်၊ ဦးဖြူကုန်းဗျ"

သမီးလေးတို့ ပေါင်ပေါ်တွင် တင်ကာ သိပ်လိုက်သည်။ သမီးကတော့ ခုထိ အိပ်ရာမှ မနိုး။ သူမ အမေ မီးထဲတွင် ပါသွားသည်ကိုလည်း မသိနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးဆရာကြီး ဘမိုးမှာ အတော်ပင် ထင်းရှားကို ကြောက်၍ သွားလေသည်။

"ငါ ဒီရွာမှာ နေလို့ မဖြစ်ဘူး၊ ငါ့သားမသေဘဲ ပြန်ရောက်လာရင်လဲ ငါ သူ့မိန်းမသေတာ ဘယ်လို ပြောရမှန်း မသိဘူး"

"လှေထွက်မယ်ဟေ့"

"ထွက် . . ထွက်၊ ရွာထဲက လူ လာပြီ"

ရွာထဲမှ လူတစ်ယောက်ပြေးလာသည်။ ထိုသူကို ဆေးဆရာကြီး ဘမိုးသိသည်။

"ဆေးဆရာကြီးအိမ် မီးလောင်နေလို့ ခုတော့ လူတွေ ငြိမ်းနေပါပြီ။ ဟင် . . ဆရာကြီး"

"ဟုတ်တယ်၊ငါနဲ့ ငါ့မြေးလေး လွတ်လာတယ် ကျော်စွာ၊ ဘယ်သူ့မှ မင်းမပြောပါနဲ့၊ မင်းမပြောပါနဲ့ ဒါ မင်းရဲ့လှေလား"

"ဟုတ်တယ်၊ ဟင်္သာတဘက်သွားမှာ"

"အေး . . ငါ အိမ်လဲမရှိတော့ဘူး၊ ငါ့ချွေးမလဲ မရှိတော့ဘူး၊ ငါ ဟင်္သာတကို လိုက်မယ်ကွာ"

"ဆရာကြီးသဘောပါ၊ ဆရာကြီးဆီမှာရော ငွေတွေ ဘာတွေ ရှိလား"

"ဆေးအိတ်ထဲမှာတော့ ငွေနှစ်ထောင်လောက် ရှိပါတယ်"

"ဒါဆိုလဲ လိုက်ခဲ့လေ၊ မြို့မှာဈေးသွားရောင်းတဲ့ ဖော်ထိုက်ကိုတော့ ကျွန်တော်ဒီတစ်ပတ်ပြန်မှ ပြောပြလိုက်မယ်"

"ကောင်းပါတယ်၊ ပြောပြလိုက်၊ မင်းက ဘယ်နှစ်ရက်





တစ်ခါ ထင်းပြန်ရောက်လဲ"

"အညာမှာ ငါးခြောက်တွေ ငါးပိတွေ ကုန်မှ တစ်ခေါက် ပြန်သယ်တော့ တစ်လခွဲလောက်ပေါ့"

"အေး . . အေး"

ဤနည်းအားဖြင့် ဆေးဆရာကြီး ဘမိုးမှာ ဆေးအိတ်တစ်လုံး၊ သံပွင့်ဆိုသော မြေးမလေးတစ်ယောက်ဖြင့် ဇီးဖြူကုန်းရွာသို့ ရောက်သွားလေသည်။

သူသည် ဆေးဆရာတစ်ဦးဖြစ်ကြောင်း ပြောကာ နေစရာအိမ်ရှာရာ ထိုခေတ်က မြေလေးတစ်ကွက်ကို ငွေ ၂၀၀/- နှင့်ရကာ လက်သမားငှား၍ ဆောက် ရာ ငွေငါးရာနှင့် အိမ်တစ်လုံး ရလေသည်။

ဤအိမ်မှာပင် မြေးကလေးသည် ကြီးပြင်းလာကာ ဆေးဆရာကြီး ဘမိုးလည်း ဆေးကုသော ပူနာရလာသည်နှင့် မြေးကလေးကို သာရဝေါ်မြို့ အထက်တန်းကျောင်းတွင် ကျောင်းထားခဲ့လေတော့သတည်း။

× × ×

မိုးဦးကျဖြစ်၍ မိုးသက်လေပြင်းက တဖွဲဖွဲတိုက်ခတ်နေသည်။ ဇီးဖြူကုန်းရွာကလေးမှာ နေရင်းဖြင့်ပင် ဆေးဆရာကြီး ဘမိုး၏ မြေးကလေး မသံပွင့်သည် သာရဝေါမြို့ အထက(၁)မှ ဟိုက်စကူးဖိုင်နယ်ကို အောင်မြင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့သို့ ရွှေ့ပြောင်း၍ ပညာသင်ကြားပါက စကောလားရှစ် ခေါ် ပညာရေးထောက်ပံ့စရိတ် ရရှိစေရန် ထောက်ခံပေးလိမ့်မည် ဖြစ်သည်။

မြေးအဖိုးနှစ်ယောက်သာ ရှိသော်လည်း သူတို့၏ အိမ်ကလေးမှာ သာယာသည်။

"ဖိုးဖိုး"

မြေရေနွေးအိုးနှင့် ငါးခြောက်ထောင်းကြော်ကို အပေါ်ထပ်သို့ ယူလာရင်း ဆေးဆရာကြီး ဘမိုးကို သူ့မြေးက ခေါ်လိုက်၏။

"ဟေ"

"သမီး ဟိုက်စကူးဖိုင်နယ်အောင်တာကို ဖိုးဖိုး ဝမ်းမသာဘူးလားဟင်"

"ဝမ်းသာတာပေါ့ သမီးရယ်၊ သမီးဖေဖေနဲ့ မေမေသာ သိရင်ပိုဝမ်းသာရှာမှာပဲ"

"ဖိုးဖိုးက ပြောလိုက်ရင် ဖေဖေနဲ့ မေမေပါလာတာပဲ၊ ပြီးတော့ ဘယ်ရောက်တယ်၊ သေတယ် ရှင်တယ်ဆိုတာလဲ မသိရဘူး"

ဆေးဆရာကြီးဘေးတွင် ကျုံ့ကျုံ့လေးထိုင်ကာ သဲပွင့်က ပြောလိုက်သည်။

"သမီးဘဝရှေ့ရေးပါပဲကွယ်၊ ဖိုးဖိုးက အသက်ခြောက်ဆယ်ကျော်ပြီပဲ"

"အသက်ခြောက်ဆယ်ကျော်တာများ စကားလုပ်ပြောလို့ဖိုးဖိုးရယ်၊ ရှုပြည် အဇာဘိုင်ဂျန်မှာ အသက် ၁၆၅ နှစ်အရွယ်





ဖိုးဖိုးရှိသတဲ့။ မကြာသေးခင်ကမှ သူ့ရဲ့ ဆယ်ယောက်မြောက် ဇနီးရဲ့ မွေးနေ့ပွဲလုပ်သတဲ့"

"အေး . . ဖိုးဖိုးလဲ အဲသလို မိန်းမ ယူရရင် ကောင်းမှာပဲ"

"ယူပေါ့၊ သမီးကတော့ဖိုးဖိုးယူလာတဲ့ မိန်းမနဲ့ တည့်အောင် ပေါင်းမှာပဲ၊ သူ ဘယ်လောက်ဆိုးဆိုး သမီးက အစစအရာရာ အလိုလိုက်မယ်။ လုပ်ပေးမယ်၊ ပြုစုမယ်၊ ဗော် ငေါက်ရင်လဲ ခံမယ်၊ ဒါဆို မြေးကို ချစ်မှာပေါ့"

"တော်တယ်၊ ငါ့မြေး တော်တယ်။ လူတွေထဲမှာ ငါ့မြေးသဲပွင့်ဟာ ဘယ်တော့မှ ဆင်းရဲမှာ မဟုတ်ဘူး။ ဖိုးဖိုးဆိုပြတဲ့ ကဗျာကို ဘယ်တော့မှ မမေ့ နဲ့နော်"

"မမေ့ပါဘူးဖိုးဖိုးရဲ့၊ လောကီပုဂ္ဂိုလ်၊ လူထိုထိုလည်း အလိုလိုက်က ကြိုက်တတ်သည်ချည်း၊ ဖြဲသတည်းရှင့်၊ ဝိတ်နည်း ဝိတ်သည်း၊ အထဲကွက်လျှို ဝန်မဟိုနှင့် အုပ်ကာပြိုကွဲ၊ ကြဲကလုံးတတ်၊ ဆိုရိုးမှတ်လော့လေ ဟုတ်တယ်မဟုတ်လား"

ရေနွေးတစ်ခွက်ကို ငှဲ့သောက်ကာ သူ့မြေး၏ ကဗျာရွတ်ပြသည်ကို ပြုံးပြုံးကြီး နားထောင်နေလိုက်သည်။

ထိုအချိန်မှာပင် မိုးသက်လေပြင်းက ပိုမို တိုက်ခတ်လာသည်။ မြစ်ကမ်းနှင့် နီးလာ၍လားမသိ လေကလဲ ကြမ်းသည်။

"လေဆင်နှာမောင်းတွေ ဘာတွေများ တိုက်ရင် ဒုက္ခပဲ ဘုရား ဘုရား"

ဆေးဆရာကြီး ဘမိုးက တတွတ်တွတ်ဖြင့် အန္တရာယ်ကင်းဂါထာများ ရွတ်နေသည်။ သူ၏ လက်မောင်းကို ဖက်ကာ



www.burmeseclassic.com

www.burmeseclassic.com



သဲပွင့်က ကပ်နေသည်။

"ဖိုးဖိုး"

"ဟေ"

"လေတွေက ပိုတိုက်လာသလိုပဲနော်"

"ဟုတ်တယ်၊ မိုးဦးလေဦးကျဆိုတော့လဲ ဒီလိုပဲပေါ့

သမီးရယ်'

"သမီးကြောက်တယ် ဖိုးဖိုး"

သဲပွင့် ကို သူ့အဖိုးက ဖက်ထားလိုက်ချိန်မှာပင် အိမ်ရှေ့မှ လူတစ်ဦး၏ ခေါ်သံ ကြားရလေသည်။

"ဆရာကြီး၊ ဆရာကြီးရှိလား"

"ဖိုးဖိုးခေါ်နေတယ် ထင်တယ်"

"ဟုတ်တယ်၊ အောက်ထပ်က ခေါ်နေတာ

"ဆရာကြီး တံခါး ဖွင့်ပါဦး"

"လာပြီ၊ လာပြီ"

× × ×

ဦးဘမိုးသည် လှေကားမှ ဆင်းသွားကာ အောက်ထပ်တွင် ကာရံထားသော သံဇကာတံခါးကို ဖွင့်ပေးလိုက်သောအခါ မိုးရွှဲရွှဲစိုနေသော လူသုံးယောက် မတ်တပ်ရပ်နေကြသည်။

လှေကားထိပ်မှ သဲပွင့်က မီးပြသည်။

"လာ. . အိမ်ပေါ်တက်ကြပါဦး"





"ကျွန်တော်တို့ ကိုယ်က စိုနေတယ်"

"ရပါတယ်၊ကြမ်းပေါ်မှာ ထိုင်ကြဘာပေါ့၊ ရေနွေးကြမ်း ပူပူလေး သောက်လိုက်ရင် နွေးသွားမှာပေါ့"

ရောက်လာကြသူများကလည်း အတော်ငြိမ်းနေကြပြီ ဖြစ်ပေရာ၊ လက်များကို ပိုက်၍ ခိုက်ခိုက် တုန်ကာ အိမ်ပေါ်သို့ တက်လာသည်။ တံခါးက လေသိပ်တိုက်လေသည်။

"ထိုင်ကြပါ၊ ဘာမှ အားမနာနဲ့၊ တံခါးက လေသိပ်တိုက် တယ်နော်၊ ပိတ်ထားလိုက်မယ်"

"ဟုတ်ကဲ့"

မသဲပွင့်က ရေနွေးအိုးနှင့် ထန်းလျက်၊ ငါးခြောက် ထောင်းကြော်၊ ဂျင်းသုတ်တို့ကို ချပေးသည်။

"ဂျင်းသုတ်လေး စားလိုက်ပါဦးနော် နွေးသွားမှာပါ"

"ဟုတ်ကဲ့"

ဆေးဆရာကြီး ဘမိုးက မတ်တပ်ရပ်လျက်မှ . . .

"လာရင်းကိစ္စကို ဆိုပါဦး"

"ဆေးဆရာလာပင့်တာပါ"

"ဟာ . . အားတော့ နာပါတယ်ကွာ၊ ခုလို မိုးထဲ လေထဲ မှာ ဘယ်လိုက်နိုင်မလဲ၊ ပြီးတော့ ကျုပ်မှာက ဒီမြေးလေး တစ်ယောက်ထဲနဲ့"

ထိုစဉ် ငိုသံ သဲ့သဲ့ ပေါ်လာ၏။

"အမေ . . အမေရဲ့ ကံကြမ္မာဆိုးပြီ ထင်ပါရဲ့၊ ကယ်လို့ ရမရ အမေ စိတ်ချမ်းသာအောင် ခဏလေးပါ ဆရာကြီးရယ်၊ ကျုပ်တို့မှာ လှေလဲ ပါပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ရွာထိ သွားရမှာလဲ"

"ကျွန်းမြို့ရွာ"

"ဟာ . . ရေလယ်က ရွာပဲ၊ တတ်နိုင်ရင်တော့ဗျာ၊ ကျုပ်နက်ကျမှ လာချင်ပါတယ်"

ကာအင့်အင့် ရှိုက်သူက ရှိုက်သည်။ တောင်းပန်သူက တောင်းပန်သည်။ မြေးအဖိုးနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ငိုင်နေသည်။

"လှူနာကတော့ အရေးကြီးတယ် ထင်တယ်"

"ဟုတ်ပါတယ် ခင်ဗျာ၊ ကံကောင်းမှ အသက်ရှင်မှာပါ။ အားတော့ သိပ်မရှိပါဘူး၊ ဟော . . မိုးနဲ့နဲ့ စဲသွားပြီ"

မိုးသက်လေပြင်းက ခဏတွင်ငြိမ်သက်သွားလေသည်။

"ဖိုးဖိုး လိုက်ချင် လိုက်သွားလေ"

"ဖိုးဖိုး လိုက်တော့ မြေးကရော"

"ကျွန်မလဲ တစ်ယောက်ထဲ ဘယ်နေရဲမလဲ ဖိုးဖိုးရဲ့၊ ဖိုးဖိုး လိုက်တဲ့နေရာ လိုက်မှာပေါ့"

"ဟင် . . ဒီလောက် မိုးသက်လေပြင်းထဲမှာ"

"ရပါတယ် ခင်ဗျာ၊ လေသိပ်မပြင်းခင် သွားကြတာပေါ့၊ ကျွန်းက သိပ်ဝေးတာ မဟုတ်ပါဘူး"

"ကဲ . . ဒါဆိုလဲ စီစဉ်စရာရှိတာ စီစဉ်ဦးမှ"

ဆေးဆရာကြီး ဘမိုးက ဆေးအိတ်ကို ယူသည်။ ပြီးတော့ မိုးထဲရေထဲ သွားသည့် စစ်မိုးကာကြီးကို ဝတ်လိုက်လေသည်။





ထို့အတူပင် အဝတ်အစားနှစ်ထပ်သုံးထပ်ဝတ်ဆင်ကာ အပေါ်မှ အနွေးထည်ကိုဝတ်ဆင်လိုက်သည်။ ပြီးမှ မိုးတွင်းတွင် ဝတ်ဆင်ရာ ခေါင်းစွပ်မိုးကာကို ဝတ်လျက် ကြယ်သီးများကို တပ်ဆင်လိုက်သည်။

မိုးကာမှာ ခြေသလုံးအလယ်အထိ ရှိသောကြောင့်

အတော်ပင် လုံလေတော့သည်။ လက်နှင့်ဆွဲသော အအုပ်ပါသည့် မီးအိမ်လေးပါလာ၍ထိုသူ သုံးယောက်တို့ ဦးဆောင်သွား သော ချောင်းကမ်းပါးအတိုင်း ဆေးဆရာကြီး ဘမိုးတို့ မြေးအဖိုး နှစ်ယောက် လိုက်ပါသွားလေတော့သည်။

လမ်းပေါ်သို့ ရောက်မှ မိုးက သည်းလာသည်။

"လှေပေါ် မြန်မြန်ရောက်ရင် ပြီးပါပြီ ခင်ဗျာ"

ရှေ့ဆုံးမှ လူက ပြောလိုက်လေသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံ လူ့ဘဝကံကြမ္မာဆိုသည်ကား အလှည့်အပြောင်း များလှသည်။ ဖြစ်ပေါ်လာသည့် အခြေအနေတစ်ရပ်သည် ကောင်းကျိုးလား၊ ဆိုးကျိုးလား တွက်ဆရခက်လှ၏။ ယခုလည်း လူနာရှင်သုံးဦးက လှေပေါ်သို့ ဆေးဆရာ မြေးအဖိုး ရောက်သည်နှင့် ကမ်းက ဝါးထိုးကာ ခွာလေတော့သည်။

"ဟာ . . မိုးတွေ သိပ်သည်းလာတယ်"

"ကောင်းကင်ကြီးကလဲ နီလာတယ်"

"ဟုတ်တယ်ဟေ့ သတိထား"

"ဝေါ . . ဝေါ . . ဝေါ"

ကမ်းပါးမှ ဝါးထိုး၍ ခွာလာသော လှေသည် ရေလယ်သို့ပင် မရောက်၊ မိုးရောလေပါ ပြင်းလာသည်။ လှေသည် လှော်ခတ်၍ မရတော့။ ရေထဲတွင် လည်နေသည်။

"လုပ်ကြပါဦး"

"အပြင်မထွက်နဲ့ ဆရာကြီး၊ လှေနံရံကို မှီထား"

"ဖိုးဖိုး ကြောက်တယ်၊ သမီးကြောက်တယ်"

"မြေးလေး ကိုင်ထား၊ လှေနံရံကို ကိုင်ထား"

"ဝုန်း"





ထိုကဲ့သို့ လှေပေါ်တွင် လူးကာလဲကာ ဖြစ်နေရာမှ လေလုံးတစ်လုံးက ပင့်တင်လိုက်ရာ လေကြီးမှာ မြစ်ထဲတွင် လှဲမှောက်ကာ တစ်ပတ်နှစ်ပတ် လိမ့်သွားတော့သည်။

"ကယ်ကြပါဦး"

"အမလေး"

မိုးသံလေသံနှင့် အမှောင်ထဲတွင် အော်သံဟစ်သံများ ဆူညံသွားသည်။ မိုးမှောင်သောကြောင့် ကြယ်ရောင်ရောလရောင်ပါ မရှိ။ ကောင်းကင်ပြင်နီနီကြီး အောက်တွင် မြစ်ပြင်ကြီးမှာ မဲမှောင်နေသည်။

ထိုမဲမှောင်နေသော မြစ်ပြင်ကြီးမှ လည်း မိုးရှိန်ကြောင့် ရေစီးက ပြင်းထန်နေလေသည်။ ရေထဲသို့ ရောက်သွားသူများမှာ ဘယ်ရောက်၍ ဘယ်ဆိုက်မှန်းမသိ၊ အသက်ရှင်ရာရှင်ကြောင်း ဆွဲမိဆွဲရာသာ ဆွဲကာ မျောသွားလေတော့သည်။

ကံကောင်းသည်ကား ဆေးဆရာကြီး ဘမိုးသည် သူ၏ ဆေးလွယ်အိတ်ကို လွယ်ရင်း လွင့်ကျလာရာ ဝဥ်ချပ်ကြီး တစ်ချပ်ကို ဖက်တွယ်မိလေတော့သည်။

သူသည် ရေစီးဖြင့် ဝေးဝေးမမျော ဟသ်ာတ ကမ်းနား သောင်ခုံပေါ်သို့ မျောပါသွားကာ သတိလစ်နေရာ ကယ်သူက တွေ့သည်နှင့် ဇီးဖြူကုန်းက ဖြစ်ကြောင်း ပြောပြရသည်။

သူနှင့်အတူ သူ့မြေးလေးပါ ပါလာကြောင်း ပြောကြားသော်လည်း ကယ်ဆယ်သူများက ဘာမျှ မတတ်နိုင်ပေ။ ဟသ်ာတဘက်ကမ်းသို့ ဆိုက်လာသည်မှာ သူ တစ်ဦးတည်းသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လှေပေါ်မှလူများသည် ကံဆိုးစွာ ရေနစ်သေကုန်ကြပြီလော။

"မြေးလေးရေ သဲပွင့်ရေ"

ဆေးဆရာကြီးသည် အရူးတစ်ယောက်လို သောင်ခုံပေါ်တွင် ဟစ်အော်နေလေသည်။

× × ×

"ညက မုန်တိုင်းကျတယ် ပြောတယ်။ ဆိပ်ကမ်းက ပဲသမ္ဗန်တွေများ ရေစိုကုန်ပြီလား မသိဘူး၊ လှည်းပြင်စမ်းကွာ"

နေ့ဖြူမြို့မှ ပွဲစားကြီး ဦးဘိုးသာသည် သူ့ခြံဝင်းကျယ်ကြီးထဲမှ အစေခံတစ်ဦးကို လှည့်ပြင်ခိုင်းသည်။ လှည်းကို နွားတပ်၍ မကြာမီ အိမ်ရှေ့တွင် အဆင်သင့်ဖြစ်လေသည်။ အသက်ဆယ့်ခြောက်နှစ်မျှ ရှိပြီဖြစ်သော လူငယ်လေးမှာ သူ့အမေတွန်းသောလှည်းနှင့်ရောက်လာသည်။

"ဖိုးဖိုး"

"ဟေ"

"ကမ်းနားကို သွားမှာလား"

"အင်း"

ကမ်းနားက ငါးခေါင်း ခြောက် ရရင် ဝယ်ခဲ့နော်"

"အေးပါကွာ"





လှည်းပေါ်သို့ တက်ကာ နေ့ဖြူ ဆိပ်ကမ်းရှိရာသို့ ထွက်ခွာလာခဲ့သည်။ နေ့ဖြူဆိပ်ကမ်းရှိ သောင်ခုံပေါ်မှ ဆင်းလိုက်သောအခါ မုန်တိုင်းကြောင့် ပဲလှေကြီးများ ကပ်ထားသောနေရာ တွင် သစ်စများ၊ သစ်တုံး များ ပါနေ၏။

ဦးဘိုးသာကို တွေ့သည်နှင့် . . .

"ညက မုန်တိုင်းကျလို့ ဆရာကြီး ရောက်လာတယ်ထင်တယ်"

"ဟုတ်တယ်ကွာ၊ ပဲတွေ ဘယ်မှာလဲ"

"အကုန်လုံအောင်လုပ်ထားတော့ ကောင့်စွန်းက လေးငါးအိတ်လောက်ပဲ ပျက်စီးမှာပါ"

"ဒီလောက်ကတော့ ကိစ္စမရှိပါဘူးကွာ"

ဦးဘိုးသာသည် သဲသောင်ပေါ်မှ သစ်လုံးများ၊ အမှိုက်များကိုကြည့်ရင်း မိုးကာအကျီနှင့် ခေါင်းတစ်ခုကို တွေ့လိုက်ရသည်။

"ဟေ့ . . ဟော့ ဟိုမှာ ကြည့်စမ်း၊ လူသေ အလောင်းတစ်လောင်းလား"

"ဟာ. . မုန်တိုင်းနဲ့ မျောလာတာ ထင်တယ်"

"ကြည့်ကြပါဦးကွာ၊ အသက်ရှိမရှိ"

အနားသို့ သွား၍ ကြည့်သောအခါ မိုးကာဝတ်ထားသော မိန်းကလေးဖြစ်နေပြီး၊ လက်နှင့်နဖူးများသည် ပူနွေးကာ အသက်ရှူနေသည့် ရင်အုံကို တွေ့ရ၍ . . .

"အသက်ရှိသေးတယ် ဆရာကြီး"

ဟု ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး . . လှေပေါ်ကို ပွေ့ချီခဲ့ကွာ"

ဆယ့်ရှစ်နှစ်အရွယ် လှပလုံးကျစ်သော မိန်းမချောလေး ဖြစ်သည်ကို သူတို့ တွေ့ကြရသည်။ သူမအား ပွေ့ချီ၍ ကြမ်းပေါ်သို့ ချစဉ်မှာပင် . . .

'ဟင်' ခနဲမြည်ကာ နိုးလာ၏။

"မိန်းကလေး၊ မင်းဘယ်ကလဲ၊ ဘယ်သူလဲ"

ဦးဘိုးသာက မေး၏။ သူမသည် ခေါင်းကို ကိုင်ကာ "အား ခေါင်းတွေက ကိုက်လိုက်တာ၊ ကျွန်မ ဘာမှ မမှတ်မိဘူး၊ ကျွန်မမှာ အဖိုးတစ်ဦးတော့ရှိတယ်"

ဟု ပြောလေသည်။

အဖိုးတစ်ဦးဟု ကြား၍ ထပ်မေးသည်။

"မင်းအဖိုး နာမည်က ဘယ်သူလဲ"

"ကျွတ် . . ကျွတ်၊ အဲဒါလဲ စဉ်းစားလို့ မရဘူး"

"အေးလေ တဖြည်းဖြည်းတော့ ရမှာပေါ့၊ ကဲ . . ကဲ၊ ဘဘတို့ အိမ်လိုက်ခဲ့ ဟုတ်လား၊ ဆေးဝါး ကုသပြီး ကောင်းတော့ ကိုယ့်နေရာကိုယ် ပြန်တာပေါ့"

"ဟုတ်ကဲ့"

"နာမည်ရော"

နာမည်က ထိုအချိန်တွင် ကမ်းနား၌ ဇင်ရော်လေးများ ဝဲပျံနေသည်။

"ကျွန်မနာမည် ဇင်ယော်ပါ"

"ဇင်ယော် ဟုတ်လား၊ ဟုတ်ပါတယ်၊ မင်းရဲ့ ရုပ်ရည်ကလဲ ဇင်ယော်တစ်ကောင်လို သွက်လက်ဖျတ်လတ်ပြီး လှုပ်ရှား





သွားလာတတ်ပုံ ရတယ်"

ဦးဘိုးသာ ဇင်ယော်ကို မြင်မြင်ချင်း သူ့သမီးလေးလို စာနာသွားသည်။ သူသည် လှည်းပေါ်သို့ တင်ကာ သူ နေထိုင်သော ဓနုဖြူမြို့ အေးရိပ်သာလမ်းသို့ ခေါ်ဆောင်သွားလေတော့သည်။

ဤသို့ဖြင့် ဦးဘိုးသာ၏ အေးရိပ်သာလမ်းမှ ခြံကျယ်ကြီး ထဲသို့ ရောက်သွားလေတော့သည်။ သူမရောက်လာခြင်းအတွက် အဖော်မရှိသော မောင်ပွင့်ဝါမှာ ဝမ်းသာသွားလေသည်။

× × ×

မောင်ပွင့်ဝါသည် လမ်းလျှောက်တတ်ခါစ အရွယ်တွင် ချော်လဲကာတည်းက ကိုယ်တစ်ပိုင်းသေသွားသည်။ သို့သော် သူ၏ ခြေသလုံးနှင့် ဒူးခေါင်းတို့မှာ သေးသိမ်သွားခြင်း မရှိဘဲ ပြည့်ဖြိုးနေသည်။ ဇင်ယော်မှာ ကောင်းကောင်း သတိရနေပြီ ဖြစ်သော်လည်း သူမတွင် အဘိုးတစ်ယောက်ရှိသည်မှ လွဲ၍ ဘာမျှ မမှတ်မိချေ။

"မမှတ်မိချင်လဲ နေပါစေကွာ၊ တို့အိမ်ကလဲ သူနည်းတော့ ဒီမိန်းကလေး ရောက်လာတာ တို့ကံပဲ၊ အဖော်တိုးတာလဲ ကျက်သရေရှိတယ်။ ဘုရားရှိခိုးလဲ အကြာကြီးပဲ"

ထမင်းဝိုင်းတွင် ဦးဘိုးသာက သူ့သားနှင့် သူ့ချွေးမတို့ကို ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ထမင်းစားခန်းမှကြည့်လျှင် မြက်ခင်းပေါ်တွင် လှည်းကို တွန်းရင်း စကားပြောနေသော မောင်ပွင့်ဝါနှင့် ဇင်ယော်တို့ကို တွေ့ရလေသည်။

ခဏကြာသောအခါတွင် ဇင်ယော်က ငုတ်တုတ်ထိုင်ကာ မောင်ပွင့်ဝါ၏ ခြေသလုံးများကို နှိပ်ပေးနေသည်ကို တွေ့ရသည်။

"ဘာလုပ်တာလဲ ဖိုးဖိုး"

"သူ့စိတ်ထဲမှာ မောင်ပွင့်ဝါရဲ့ ခြေထောက်တွေဟာ လမ်းလျှောက်လို့ ရမယ်၊ ဒါကို သူလုပ်နိုင်တယ်လို့ ထင်သတဲ့"

"ကြုံကြုံဖန်ဖန်ဖေဖေရယ်၊ ပါရဂူတွေပဲ လက်မြှောက်ထားရပြီး သူ့လို ကလေးမက ပြောတာ ဟုတ်ပါ့မလား"

"ကြည့်ရတာ သူက မြန်မာဆေးဝါးသိပုံရတယ်၊ ဟိုနေ့က ဖေဖေ ခါတ်ချုပ်တာ သူပြောတဲ့ ဆူးပန်းရွက် သုံးရွက်စားတာ ချက်ချင်းသွားတယ်"

"သားတော့ အိမ်မှာ ဒီကလေးမရှိတာ မျက် စိ နောက်ပါတယ် ဖေဖေရာ"

ဦးဘိုးသာ၏ သား ထွန်းကြိုင်က ပြောလိုက်၍ သူ့ဇနီး နှင်းဝါက မနှစ်သက်ပေ။

"အို . . ဖေဖေက သင့်လျော်တယ်ထင်လို့ လုပ်တာ၊ ရှင် ဘာမှ ကန့်ကွက်စရာ မလိုဘူး"

"ဟုတ်တယ်ထွန်းမြိုင်၊ မင်းထက်စာရင် သမီးက အမြော်အမြင်ရှိတယ်"





ထွန်းမြိုင်မှာ သူ့အား အမြော်အမြင်မရှိဟု ဖခင်ပြောခံရပြီး အပြစ်လည်း အတင်ခံရ၍ ထမင်းစားပွဲမှ ထသွားလေတော့သည်။

ဤသို့ဖြင့် တစ်လခန့်အကြာတွင် သူတို့သည် ထူးဆန်းသောအဖြစ်ကို တွေ့ကြရသည်။

"ဟုတ်ပြီ မောင်လေး၊ ရှေ့ကိုတစ်လှမ်းနှစ်လှမ်းဘာမှ မဖြစ်ဘူး၊ စိတ်ကရှေ့ကိုကြည့်၊ ခြေထောက်မှာ မထားနဲ့ လျှောက် ဟုတ်ပြီ"

ကုလားထိုင်ပေါ်မှ ဆင်းကာ ဇင်ယော်၏ လက်ကိုကိုင်ကာ ကလေးလို လှမ်းလာသည်။ ဦးဘိုးသာက ကြည့်ရင် . . .

"ထွန်းမြိုင်၊ ထွန်းမြိုင်ရေ နှင်းဝါ"

ဟု ခေါ်လိုက်သည်။

"ဖေဖေ ဘာဖြစ်လို့လဲ"

"ဟိုမှာ ဟိုမှာ ကြည့်စမ်း"

မြက်ခင်းပေါ်သို့ လက်ညှိုးထိုးပြလိုက်သောအခါ မောင်ပွင့်ဝါသည် လှည်းမပါဘဲ လမ်းလျှောက်နေသည်ကို တွေ့ရသည်။ သူ့လက်၏ ရှေ့တွင် ဇင်ယော်၏လက်က မထိတထိ ကိုင်ထားရာမှ ဖြုတ်လိုက်သည်။

"လာ . . ဘာမှ မဖြစ်ဘူး၊ လျှောက် . . လျှောက်ခဲ့"

ဇင်ယော်က ဆေးများဖြင့် နေ့စဉ် နှိပ်ပေးခြင်း၊ စိတ်အာရုံပြောင်းလဲအောင် လုပ်ပေးသဖြင့် . . .

"မမ ဇင်ယော်၊ ကျွန်တော် ကျွန်တော် လျှောက်နိုင်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဝမ်းသာအားရ ပြောကာ ဇင်ယော်ကို ပြေးဖက်လိုက်တော့သည်။ သည့်နောက် ဇင်ယော်နှင့် လက်ချင်းတွဲကာ ခပ်ဖြေးဖြေးလျှောက်နေသည်။

"သား . . သား လမ်းလျှောက်နိုင်ပြီနော်"

"မြေးလေး၊ မြေးလေး ခြေထောက်ကောင်းသွားပြီ"

မိသားစု အားလုံး ဝမ်းသာသွားသည်။ ယနေ့ ပွင့်ဝါ လမ်းလျှောက်နိုင်သည့်နေ့။

× × ×

ဇင်ယော်၏ သည်းခံခြင်း၊ ယဉ်ကျေးခြင်း၊ မောင်ပွင့်ဝါ အပေါ် နားလည်ခြင်းနှင့် ဆေးဝါးကုသခြင်း ကျေးဇူးတို့ကို ထောက်ထားကာ ဦးဘိုးသာက အောက်ပါအတိုင်း ကြေညာခဲ့လေသည်။

"ဒီနေ့ကစပြီး၊ ဟောဒီငါ့သားနဲ့ ငါ့သမီးမှာ သားနဲ့သမီး နှစ်ယောက်ဖြစ်သွားပြီ"

"ဗျာ"

"ရှင်"

"ဇင်ယော်ကို ဖိုးဖိုးက အမွေစားအမွေခံမြေးအဖြစ် မွေးစားလိုက်ပြီ၊ ဒီနေ့ ရှေ့နေနဲ့ စာချုပ်သွားချုပ်ရမယ်"

ကိုထွန်းမြိုင်က မျက်နှာပျက်သွားသည်။ မောင်ပွင့်ဝါကတော့ ပျော်သည်။





"မမဇင်ယော်၊ မမ ဇင်ယော် ဒီအိမ်က အိမ်သား ဖြစ်သွားပြီ မပျော်ဘူးလား"

"ပျော်တာပေါ့ မောင်ပွင့်ဝါ"

"ကဲလာ၊ မောင်ပွင့်ဝါရော၊ ဇင်ယော်ရော၊ မင်းတို့ကို ဖိုးဖိုး နှစ်ယောက်လုံးခေါ်သွားမယ်၊ ထမင်းဆိုင်တစ်ခုခုမှာ စားကြမယ်"

လှည်းပြင်ကာ မြေးအဖိုးသုံးယောက် ထွက်သွားကြလေသည်။

"ဖေဖေက ဒါတော့ မဟုတ်ဘူးကွာ"

ထွန်းမြိုင်က သူ့အဖေ ထွက်သွားတော့မှ ဇနီးသည်ကို ပြောကြားလိုက်သည်။

"ဘာဖြစ်လို့လဲ ကိုကို"

"ဒီဇင်ယော်ဆိုတဲ့ကောင်မလေးဟာ ကျေးဇူးရှိတာတော့ မှန်ပါရဲ့၊ ဒါပေမယ့် တစ်နေ့ကျ သူ့မိဘတွေနဲ့ တွေ့ရင် အိမ်ပြန်မှာ၊ ဘာလို့ အမွေတစ်ဝက်ပေးရမှာလဲ"

ထွန်းမြိုင်က ပွဲစားကြီးဦးဘိုးသာ၏ ဘဏ်တွင် သိမ်းဆည်းထားသော ငွေများစွာရှိသည်ကို သိ၍ ပြောလိုက်သည်။

"ဒါကတော့ ဖေဖေက လူကြီးပဲ၊ ဒီငွေတွေဟာ ရှင်ရှာထားတာလဲ မဟုတ်ဘူး၊ ဖေဖေ့ပိုက်ဆံပဲ သူကြိုက်သလို သုံးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို အမွေစားအမွေခံမွေးလိုက်ရင် ငါနဲ့ နှစ်ယောက် ခွဲယူရမှာပေါ့"

"ဒါပေါ့ရှင်၊ ရှင်ကရော ဘာလုပ်လို့လဲ"

"ဖေဖေက ဟိုပစ္စည်းသွားပို့ဆိုပို့၊ ဒီပစ္စည်း သွားယူဆို ယူပေးတာပဲ"

"ဒါက ရှင့်ဟာရှင်လုပ်တာမှ မဟုတ်ဘဲ၊ ဖေဖေက စီစဉ် ခိုင်းတာ လုပ်ရတာပဲ"

"မင်းနဲ့ ဆွေးနွေးလို့ မဖြစ်ပါဘူးကွာ၊ ဒီဇင်ယော် ဆိုတဲ့ ကောင်မလေး အိမ်မှာ မရှိအောင် လုပ်သင့် လုပ်ထိုက်တာ ငါ လုပ်မှ၊ ဖေဖေ့ငွေတွေတော့ ခွဲမပေးနိုင်ဘူး"

"အို . . ရှင် မဟုတ်မဟတ်တွေ မလုပ်နဲ့နော်၊ ကျေးဇူး ရှင် ပစ်မှားရင် ငရဲကျတတ်တယ်"

ထွန်းမြိုင်က ထွက်ခွာသွားခဲ့ပြီ ဖြစ်ပါသည်။

× × ×

ဇော်ထိုက်မှာ အထီးကျန်ဖြစ်လျက် လူများကို စိတ်နာ ရာမှ သူ့မိသားစုကို ဒုက္ခပေးခဲ့သော လူများအား တစ်ယောက် မကျန် လက်စားချေခဲ့သည်။ သည့်နောက် ရာဇဝတ်မှုများနှင့် ကြုံးစင်ရောက်ရမည့် အတူတူ မထူးဟု ယူဆကာ လက်မရွံ့မီးခဲ ဟူသော အမည်ဖြင့် ကြေးစားလူသတ်သမားလုပ်နေခဲ့လေ သည်။





၏အဖွဲ့ကလည်း နာမည်ကြီးလှသော သူ့ကို လိုက်လံ တောနင်းရှာဖွေလျက်ရှိလေသည်၊ သူနေသော ပဒေါင်း သို့ လူတစ်ယောက်ရောက်လာသည်။ သူ့အမည်ကို မေး၍ သူ့ တပည့် လူခက်က လမ်းညွှန်လိုက်သည်၊

"အဟွတ် . . အဟွတ် . . ဟွက်"

လက်မရွံ့မီးခဲမှာ ရိုးမမှ ငှက်ဖျားမိခဲ့ရာ ချောင်းတဟွတ် ဟွတ်ဆိုးနေသည်။

"လက်မရွံ့မီးခဲဆိုတာ"

ဝင်လာသူက မရဲတရဲမေးသည်၊

"ကျုပ်ပဲ"

"ကျုပ် လူတစ်ယောက်ကို လက်စဖျောက်ချင်တယ်၊ ငွေ ဘယ်လောက်ယူမလဲ"

လက်မရွံ့မီးခဲမှာ ငွေလိုနေချိန်ဖြစ်သောကြောင့် . . .

"နှစ်သောင်း"

ဟု ပြောလိုက်လေသည်။

"ကောင်းပြီ၊ ပေးမယ်လေ"

"ဒါဆို ခု စရံတစ်သောင်းပေး၊ ခုနှစ်ရက်အတွင်း ကျုပ် အစဖျောက်ပေးမယ်။ ပြီးရင် ကျုပ်ကို ဘစ်သောင်းထပ်ပေး"

"ကောင်းပြီ၊ သဘောတူတယ် ရော့"

ငွေများကို ရေတွက်ကာ ပေးသည်။ ကုဝ်အကျီအဲသို့ ငွေများထိုးထည့်ရင်း . . .

"သတ်ရမှာက ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးသည်။

"စနေဖြူမြို့မှာ"

"နာမည်က"

"ဇင်ယော်တဲ့၊ ၁၈ နှစ်အရွယ် မိန်းကလေးပဲ"

"ကောင်းပြီ၊ စိတ်ချမ်းချမ်းသာသာ ပြန်ပေတော့၊ ဘယ်လမ်းလဲ၊ အိမ်နံပါတ် ဘယ်လောက်လဲ၊ ဘယ်ဆိပ်ကမ်းနဲ့ နီးသလဲ"

"အေးရိပ်သာလမ်း၊ ဈေးနဲ့ နီးတယ်၊ အိမ်နံပါတ် (၂၀)"

လိပ်စာကို ကျကျနန စာအုပ်ဖြင့် ရေးမှတ်ထားလိုက်လေသည်။ ထွန်းမြိုင်သည် သူ့ငွေရှာလာကာ ပေးမိသည်ကို မှားပြီလားဟု လက်မရွှံ့မီးခဲထံမှ အထွက်တွင် စဉ်းစားမိသေးသည်။

"အို . . မတတ်နိုင်ပါဘူး"

× × ×

"ဇင်ယော်"

"ရှင်"

"သမီးပဲ အိတ်တွေသွားပြီး စစ်စမ်း၊ စုစုပေါင်း ပဲအိတ် ၇၀၀ ကျော်ရှိတယ်။ ဘဘူ ငွေကြိုပေးထားတဲ့ ပဲခင်းကို သွားမလို့"





"ဟုတ်ကဲ့"

ဇင်ယော်ထွက်လာသည်။ သူ [illegible] လယ်ကွင်းတစ်ကွင်းကိုဖြတ်ကာသွားရမည် ဖြစ်သည်။ ထို့ကြောင့် စောစောလာခဲ့သည်။ သူမသည် နံနက်နှင်းကြားမှ [illegible] လာရာ သူမနောက်မှ ကုတ်အင်္ကျီအနက်နှင့် လူကြီးတစ်ယောက်လိုက်လာသည်ကို တွေ့ရလေသည်။

"အဟွတ် . . အဟွတ်"

"ဟင် . ."

ဇင်ယော်က လှမ်းကြည့်၍ ခပ်သွက်သွက်သွားသည်။ ကုတ်အင်္ကျီနှင့်လူက ပြေးလိုက်လာသည် [illegible] ကို ခလုတ်တိုက်ကာ ထိုသူမှောက်လျက်လဲကျသွား၏။

"ကျွတ် . . ကျွတ် . . ကျွတ်"

ဇင်ယော် သည်ကရုဏာစိတ်ကြောင့် နောက်သို့ ပြန်လှည့်လိုက်သည်။ လဲကျနေသော ကုတ်အင်္ကျီနှင့်လူကို ထူလိုက်သည်။ နေဒဏ်လေဒဏ်ကြောင့် ထူသူ၏ မျက်နှာမှာ ညိုမှိုင်းနေ၏။

"ကလေးမ"

"ရှင်"

"ဘာလို့ ပြန်လှည့်လာတာလဲ"

"ဦးကြီးလဲသွားလို့ပါ"

"ဦးကြီး လဲသွားလဲ၊ ကိုယ့်လမ်းကိုယ်သွားရောပေါ့"

"ကျွန်မတာ စောပါသေးတယ်၊ ပဲလှေက ၁၀နာရီမှ ထွက်မှာ ဦးလေးကြီး ဘယ်သွားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို လဈ္ဈက္ကုက်ထဲက တဲတွေ့လား၊ အဲဒီမှာ နေတယ်"

"ကျွန်မ လိုက်ပို့မယ်နော်"

"ကျေးဇူးပါပဲ"

လက်မရွှံ့မီးခဲသည် သူသတ်ရမည့် သားကောင်က သူ့ထံသို့ ခုန်ဝင်လာခြင်း အတွက် ဝမ်းသာသွားသည်။

"အဟွတ် . . ဟွတ် . . ဟွတ်"

"အို . . ကိုယ်တွေလဲ ပူနေတယ်၊ အင်း . . ဒီနားမှာ ဘာရွက်တွေ ရှိသလဲ"

လက်မရွှံ့မီးခဲကို ပခုံး ပေါ် လက်တစ်ဖက်တင်ကာ တွဲလာရင်း စဥ်းစားကာ ဆေးပင်တွေ့လျှင် ငုံ၍ နှုတ်နေ၏။

လက်မရွှံ့မီးခဲကတော့ . . .

"လူမမြင်ရတဲ့ တဲရောက်မှ သူ့ကို ငါသတ်ရတာ ကောင်းမယ်"

ဟု စဥ်းစားကာ လိုက်လာလေသည်။

× × ×

အမှန်တော့ မုန်တိုင်းကျလျှင် ဖြစ်တတ်သည့် ချောင်းမြောင်းများထဲသို့ စီးဝင်သည့် ရေစီးကြောင်း ကျွမ်းကျင်သော လှေသမားများ မေးကြည့်ရာ ဓနုဖြူ ဟသာတနှင့် မြန်အောင်ဘက်သို့လည်း မျောသွားနိုင်သည်ဆိုကြ၏။



ဦးဘမိုးသည် ဓနုဖြူ သို့ ပထမတစ်ခေါက် ရောက်၏။ သိုးသိုးသန့်သန့်ကြား၍ စုံစမ်း ကြည့်ရာ ဇင်ယော်ဟု ဆို၍ သူ့မြေး မဟုတ်နိုင်ဟု ထင်မိသည်။

ယခုတစ်ခေါက်တွင် . . .

"မုန်တိုင်းကျတုန်းက တွေ့တဲ့ မိန်းကလေးဟာ သူပဲပေါ့"

ဟု လှေသမားကြီး တစ်ဦးက အခိုင်အမာ ပြောလာလေသည်။

ထို့ကြောင့် ဦးဘိုးသာ၏ ခြံရှိရာသို့ ဆေးဆရာကြီး ဦးဘမိုး လျှောက်လာခဲ့၏။ ဦးဘိုးသာ မရှိ။ ထွန်းမြိုင်နှင့် မနှင်းဝါ တို့သာ ရှိသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"

ထွန်းမြိုင်က မေးသည်။

"ဒီအိမ်က ဦးဖိုးသာနဲ့ပါ။ ပြီးတော့ ဇင်ယော်ဆိုတဲ့ မိန်းကလေးနဲ့"

"ဗျာ"

"ရှင်"

"ဇင်ယော်က ဓနုဖြူ ကမ်းနားသွားပါတယ်။ ဖေဖေ တော့ ဟိုဘက်ရွာသွားတယ်၊ ဘာကိစ္စလဲ"

ကိစ္စကို ပြောပြလိုက်ရာ ထွန်းမြိုင်မှာ မျက်လုံးပြူး သည်။

www.burmeseclassic.com

www.burmeseclassic.com



လက်လွန်ပြီလား မသိတော့။ လက်စသတ်တော့ ဇင်ယော်၏ အဖိုးကိုးဟု နားလည်ရသည်။ ကမ်းနားသို့ ဦးအမိုး ပြန်ထွက်လာသည်။

လယ်တဲထဲတွင်ကား ရောက်သည်နှင့် လက်မရှိမီးခဲက ဇင်ယော်ကို တိုင်တွင် ကြိုးနှင့် ဝတ်ချည်လိုက်သည်။

"ဦးလေးကြီး၊ ဘာလုပ်တာလဲ"

"ဟား ဟား ဟား ဟား"

လည်ပင်း၊ ခါး၊ ပေါင်၊ ခြေသလုံးအထိ ကြိုးနှင့် လေးငါး ပတ်ရစ်ကာ တဲအလယ်တိုင်၌ ချည်ထားလိုက်၏။

"မင်းနာမည်က ဇင်ယော်လား"

"ဟုတ်ပါတယ် ဦးလေးကြီး"

"မင်းကို ငါသတ်ရမှာ၊ ငါ့ကို သတ်ဖို့ အပ်ထားတာ၊ ဒီတော့ မင်း ဘုရားတရားသာ အောင့်မေ့ပေတော့"

ခါးကြားမှ ဓားမြှောင်ကို လက်မရှိမီးခဲက ထုတ်လိုက်သည်။ ထိုအချိန်မှာပင် လက်မရှိမီးခဲသည် တစ်ကိုယ်လုံးတုန်ကာ . . .

"အား . . ချမ်းလိုက်တာ၊ အမလေး"

ဟု အော်ကာ ဖူးထောက်လဲကျသွားသည်။ ဇင်ယော်က

"ဦးလေးကြီး၊ ဘာဖြစ်တာလဲ၊ ဦးလေးကြီး"

ဟုမေးသည်။

"တော . . တောကြီးငှက်ဖျား၊ တောကြီးငှက်ဖျား"

ဟု အော်ကာ ဝတ်ရုံးပျံသလို လူးလိမ့်နေလေသည်။





ဘေးသို့ လွတ်ကျလာသော ဓားကို ဇင်ယော်က ခြေမနှင့် ညှပ်လိုက်သည်။ ပြီးနောက် လက်နှင့်ယူကာ ကြိုးကို ဖြတ်လိုက်၏။

ထို့နောက် လက်မရှိမီးခဲ၏ ကိုယ်ကို စမ်းကြည့်သည်။

"ဟာ . . ခြစ်ခြစ်တောက် ပူနေပါလား"

ဓားတစ်ချောင်းနှင့် သူမသည် ထွက်သွားကာ မန်ကျည်း ခေါက်၊ မန်ကျည်းရွက်၊ ခွေးသေးပန်း အစရှိသည့် တောထဲမှ ရသည့် အရွက်များကို ခူးကာ လယ်တဲ့မှ အိုးတွင်အရေညစ်ကာ မီးမွှေး၍ ကျိုသည်။ ဆူသောအခါချ၍ . . .

"ဦးလေးကြီး၊ သတိထားပါ၊ ဆေး သောက်ရအောင်"

ဟုဆိုကာ အအေးခံ၍ သူမပေါင်ပေါ်တွင် လက်မရှိမီးခဲ၏ ခေါင်းကိုတင်ကာ ဆေးတိုက်သည်။

"ဂွတ် . . ဂွတ်"

ဆေးများဝင်သွားသောအခါ အပူကျကာချွေးပြန်လာသည်။

"ဟင်း"

ငှက်ဖျားတို့ သဘာဝအပူကျသွားသည်နှင့် ထထိုင်လိုက်လေတော့သည်။

"ဇင်ယော် မင်းဘာလို့ ငါ့လက်က ထွက်မပြေးတာလဲ၊ ငါဟာ မင်းကို သတ်မယ့်လူ"

"ဦးကြီးက သတ်မယ် ဆိုပေမယ့်၊ ဦးကြီးဒီလိုဝေဒနာခံနေရတာ၊ ကျွန်မ မကြည့်ရက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဇင်ယော်က မျက်ရည်စဲ၍ ပြောသည်။

"အို . . ကြည့်ပါဦး၊ ငါ့ထက် အသက်ငယ်တဲ့ ကလေးက တောင် ငါ့ထက် အသိတရားရှိနေပါလား၊ မီးခဲ မင်းဟာ လူမိုက် မင်းအမိုက်တွေဟာ မြင်လို့ မရတော့ဘူး"

မီးခဲ၏ မျက်လုံးအိမ်မှ မျက်ရည်များ ကျလာသည်။

"ဦးကြီး ဘာလို့ ငိုတာလဲ"

"ဝမ်းနည်းလို့ပါ သမီးရယ်၊ သမီးရဲ့ မေတ္တာကို သိရလို့ ဦးကြီး ဘယ်လို ဖြေရမှန်း မသိဘူး၊ သွားတော့နော်၊ တဲဘေးမှာ ဦးကြီးရဲ့ မြင်းရှိတယ်၊ ရွာကို ပြန်တော့"

"ဦးကြီး . . သမီးသွားမယ်နော်"

"အေး . . အေး"

ဇင်ယော်သည် မြင်းပေါ်သို့ လွှားခနဲ တက်ကာ စီးလာ စဉ်မှာပင် ရဲများသည် တဲရှိရာသို့ လာနေသည်ကို တွေ့လိုက် ရသည်။

"သတင်းအရတော့ ဒီတဲထဲမှာပဲ၊ လက်မရွံ့မီးခဲ လက်နက်ချ"

တဲထဲမှ . . .

"မချဘူး" ဟု အော်သံ ကြားရသည်။

"ဒိုင်း . . ဒိုင်း . . ဒိုင်း"

သေနတ်သံများ ထွက်ပေါ်လာလေသည်။ ဇင်ယော် သည် မြင်းကို တဲရှိရာ ပြန်စီးလာပြီး စပါးပင်များကြား ခုန်ချ





လိုက်သည်။

"ဇင်ယော် မလာနဲ့" "ဒိုင်း" "အား"

ဇင်ယော်ကို သေနတ်မှန်မည်စိုး၍ ကာကွယ်လိုက်သော လက်မရွံ့မီးခဲ၏ ကျောကို ကျည်ဆံထိ၊ ပေါက်ဝင်သွားတော့ သည်။

"ဇင်ယော် . . မင်း ဘာမှ မဖြစ်ဘူးနော်"

"မဖြစ်ပါဘူး ဦးကြီးရယ်"

ဇင်ယော်က သေနတ်ကို ယူကာ ထောင်၍ ပြသော ကြောင့် ရဲများ ရောက်လာသည်။ ရဲများနှင့်အတူ ဆေး ဆရာကြီး ဦးဘမိုးလည်း ပါလာလေသည်။

"သမီးရင်ခွင်ထဲက ဖက်ထားတာ လူဆိုးဓားပြကြီးကွဲ့"

ထိုအသံကြောင့် လက်မရွံ့မီးခဲက လှည့်ကြည့်ပြီး . . .

"ဖေဖေ၊ ကျွန်တော် ဇော်ထိုက်လေ ဖေဖေ၊ ဖေဖေ ကျွန်တော့်ကို မမှတ်မိတော့ဘူးလား"

ဟု မေးသည်။

မင်းကို "ဟင် . . သား၊ လူမိုက်ကြီး လက်မရွံ့မီးခဲ ဆိုတာ

"ဟုတ်တယ် ဖေဖေ၊ သားဇနီးနဲ့ သမီးကို သတ်တဲ့ မင်းထင်တို့ကို သားလက်စားချေတယ် ပြီးတော့ ဒီဘဝကို ရောက်တာပဲ။ သမီးလေး သဲပွင့်ရော မီးထဲပါသွားလား"

ဆရာကြီး ဦးဘမိုး ခေါင်းခါလိုက်သည်။

"မင်းကို ပွေ့ထားတာ မင်းရဲ့သမီး သဲပွင့်ပဲ၊ မိုက်လိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



လူ၊ ကိုယ့်သမီးကိုယ် သတ်ဖို့ ကြိုးစားတဲ့ ကြေးစားလူသတ်သမားကြီး"

"သားကို ခွင့်လွှတ်ပါ ဖေဖေ၊ သမီးသဲပွင့် ဖေဖေ့ကို ခွင့်လွှတ်ပါနော်"

"ခွင့်လွှတ်ပါတယ်၊ သမီးက မေဖေ့ကို တွေ့ကတည်းက သနားလို့ လာထူပြီး အဖမ်းခံတာ၊ ဖေဖေသမီးနောက်ကို ဖမ်းဖို့ လိုက်တယ်ဆိုတာ သိသားပဲ"

ရဲ အဖွဲ့များမှာလည်း ရင်နာစရာသားအဖအဖြစ်ကို ငေးကြည့်နေကြသည်။

"ဖေဖေ၊ ကျွန်တော်က သေနတ်ဒဏ်ရာနဲ့ မသေလဲ ကြိုးစင်တက်ရမှာပါ။ ဖေဖေ့ကို သားမိုက်ကန်းတော့ခဲ့ပါတယ်"

သဲပွင့်က နောက်မှ ဖေးမပေးထားသည်။ လက်မရှုံ့မီးခဲက လက်အုပ်ချီသည်။

"နောင်ဘဝ အဆက်ဆက် မင်း ဒီလိုဘဝမျိုးနဲ့ မကြုံပါစေနဲ့ ကောင်းရာသုဂတိရောက်ပါစေ"

ဆေးဆရာကြီး ဦးဘမိုး၏ စကားအဆုံးမှာပင် လက်မရှုံ့မီးခဲမှာ ဆတ်ခနဲ ငြိမ်သက်သွားလေတော့သည်။

"ဖေဖေ၊ ဖေဖေ၊ သမီးကို ထားခဲ့ပြီလား ဖေဖေရဲ့"

သဲပွင့်၏ ငိုယိုသံကသာ ပတ်ဝန်းကျင်ကို လွှမ်းမိုးသွားလေတော့၏။

* * *

ပြီးပါပြီ အိမ်းကြာသိုက်

မန်းလက်ဆောင်စာပေ